

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ခိုင်ဇင်သက်

# မျက်ရည်ရယ်သံ

— ရန်ပိုင်ဦးစာပေ —

www.burmeseclassic.com

www.burmeseclassic.com

“ သားလေး… ဒီနေ့ဘယ်သွားဦးမလဲ… ကြည်ပြာနဲ့သား ဘယ် သွားစရာမရှိရင် အန်တီလေးကို အန်တီသန်းတို့တိုက်ခန်းကို သွားပေးပါလား… ပစ္စည်းလေးတစ်ခုပေးစရာရှိလို့ပါ…”

“ ရပါတယ် အန်တီလေး… ကြည်ပြာလည်းမရှိဘူး… ပဲခူးကို သူ့မာမီ လိုက်သွားမယ်ပြောတယ်… ဘာပေးမလဲ သားသွားပေးပါမယ်… နေလင်းနဲ့ဓော် လာရင်သာ သားကို ညနေလာခေါ်လို့ ”

“ အေး အေး…”

ကြည်ပြာရှိရင်မှ သွားချင်သည်ဆိုသောနေရာတွေကို ပို့ပေးရဦးမ ကြည်ပြာမရှိတော့ အိမ်မှာ စာဖတ်ချင်ဖတ်နေရုံပါပဲ သည်ရက်ပိုင်းတွေ စာ ဆေးသေးသည်ဆိုပေမယ့် ကြိုမဖတ်လို့ကမဖြစ်…။ အမှတ်နည်းနည်း နည်းသွား ကြည်ပြာက နားညည်းအောင် ဆူပူတော့မှာ။ နေလင်းတို့နှင့် လက်ဖက်ရည်ဆိုင် ကြာကြာထိုင်တယ်တို့။ မော်ရဲတို့နဲ့ တီဗွီဂိမ်းပဲ ကစားနေတယ်တို့… မကြည်ပြာတို့က ကြည်ပြာအေးမို့… ကြည်ပြာပူဆိုရင် မလွယ်… သည်သို့ပြောသေ နေလင်းက… အဲသည့်ကြည်ပြာပူပူဆူဆူကိုပဲ သီဟာလှိုင်တစ်ယောက် ပထမနှစ်က

www.burmeseclassic.com



ချစ်ခဲ့ရတာ အခုပဲ နောက်ဆုံးနှစ် အပိုင်း(က)ရောက်နေပြီတဲ့။ လေးနှစ်ကြာချစ်ခဲ့သမျှ ဒေါ်ကြည်ပြာအေးရဲ့ ပူပူဆူဆူဒဏ်တွေက အတော်ကြီးနားရည်ဝနေပါပြီ။

အန်တီသန်းတို့လမ်းသွယ်က ကားပြန်ထွက်ရခက်တာမို့ ကားကို လမ်းထိပ်ရပ်ပစ်ခဲ့တယ်လေ...။ ပစ္စည်းပေးပြီးတော့ ပြန်အထွက်မှာ မြင်ဖူးနေကျ ကားပုံစံမို့ လှမ်းကြည့်မိတယ်။ ကားတံခါးဖွင့်ပြီး ကားပေါ်တက်သွားသော အမျိုးသမီးတစ်ယောက်ရဲ့ နောက်ပိုင်းအနေအထားကို မြင်ရတော့ မြင်ဖူးသလိုမို့ လိုက်ကြည့်ပေမယ့် အတော်လှမ်းနေတာရယ် ကားထွက်သွားတာရယ်ကြောင့် သေချာမတွေ့လိုက်ရ။

ကြည်ပြာနဲ့ တူလိုက်တာ...

ကြည်ပြာက ပဲခူးသွားတာပဲ မဖြစ်နိုင်ပါဘူး။

ကြည်ပြာ သွားစရာလာစရာရှိရင် သူ့ကိုပဲ ပို့ခိုင်းတတ်တာပဲလေ...။

အိမ်ပြန်ရောက်တော့ အန်တီလေးက နေလင်း လာသွားပြီသား... သွပ်န်းသီးကို လိုက်ခဲ့တဲ့...။ မိတ္တူဆွဲစရာတွေရှိတယ်ဆို ပြောတာပဲဆိုတာနှင့် ပြန်ထွက်လာခဲ့ပါတယ်...။

ဟိုရောက်တော့ နေလင်းနှင့်ဇော်ကိုက ရောက်နှင့်ပြီ။ ထိုင်နေကျဆိုင်မို့ လက်ဖက်ရည်ခွက်က မှာစရာမလိုပါပဲ ရောက်လာတာပေါ့။

" အမှတ်တွေရပြီ... မင်း ငါးဆယ့်နှစ်ရတယ် တော်သေးတာပေါ့ကွာ အောင်ရင် ကြည်ပြာအေးက စိတ်ကောက်ဦးမှာ အဲဒါကြောင့်ပြောတာ ည်စားလေးရှိတာတော့ ကောင်းပါရဲ့... ငါတို့လိုများ နှစ်ဆယ် သုံးဆယ်နဲ့ကျရင် ပြောခံရဦးမယ်..."

" ဒါတောင် ကြည်ပြာပြောဦးမှာ သူတို့လို ခုနှစ်ဆယ်လောက်ထိ ရနိုင်ဘူးလေ..."

" ဒါကတော့ကွာ..."

တစ်ခါတစ်ခါတော့ စာတွေက ဖတ်ရလွန်းလို့ ဦးနှောက်လည်း ပူနေပါပြီ ကိုယနှစ်က ဆပ်ပလီတစ်ဘာသာလေး ထိလိုက်ပါတယ် ကြည်ပြာကို့ သိုးလ သက် မနည်းပြန်ချော့ရတယ်။ တကယ်ဆို သီဟာဆိုတာ စာကြိုးစားလွန်းလို့သာ ဒီးတက္ကသိုလ်ရောက်ရတာ... ဖွဲလုံ့လ ဝီရိယကြောင့်ဆိုပေမယ့် ပင်ကိုယ် ဉာဏ်ရည်က ထက်မြက်လှချည်ရဲ့မှမဟုတ်တာ အခုလည်း ဖွဲလုံ့လဝီရိယ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ… စာကျက်တာများလွန်းရင် ခေါင်းထဲ ဘာမှမဝင်ချင်တော့ဘူး။

" မင်းက ချော့မော့လှပေ့စာတော်ပေ့ဆိုတဲ့ ကြည်ပြာအေးရဲ့ ချစ်သူဖြစ်ရတာကိုး… ကံဆိုးတယ်ပဲ မှတ် "

နေလင်းတို့လိုများ ဒုတိယနှစ် တတိယနှစ် ဆပ်ပလီမရှိတဲ့နှစ် မရှိပဲအောင်ခဲ့ရင် ကြည်ပြာ ဘယ်လောက်များပြောလေမလဲ။

" မင်း အောင်တာပဲ ဝမ်းသာပါတယ် သီဟရာ… မအောင်ရင် ချော့ကြည်ပြာက ငါတို့နဲ့ပေါင်းလို့ လက်ဖက်ရည်ဆိုင်ထိုင်လို့… တီဗွီကိမ်းကစားလို့ အမျိုးမျိုးသော ချီးမွမ်းထောပနာပြုသံတွေကို ကြားရဦးမယ်လေ…"

" ခုတောင် ငါးဆယ့်နှစ်မှတ်တည်းလားဆိုတဲ့စကားက သော့ချာပေါက် ကြားရဦးမှာပါ…"

" ချစ်သူရှိတော့လည်း ကြောက်ထားဦးပေါ့ "

" ကြောက်တာမဟုတ်ဘူး ချစ်တာ ချစ်တာ…"

" ချစ်ပါဗျာ ချစ်ပါ တော်ကြာမှ သီဟလွင်တစ်ယောက် အသည်းတွေကွဲပါပြီ မကြားရပါစေနဲ့…"

" ဘာလို့ အသည်းကွဲရမှာလဲ "

" အကောင်းတွေကိုမှ သဘောကျတဲ့ ကြည်ပြာအေးက ကောင်းသည်ထက် ကောင်းတာတွေ မြင်သွားရင်ကော "

" မဖြစ်နိုင်ပါဘူး ဖော်ကိုရာ ကြည်ပြာနဲ့ငါ ပထမနှစ်တည်းက ချစ်ခဲ့တာ အခု ပတ်ဝမ်းရောက်ပြီ… လေးနှစ်ကွ လေးနှစ်…"

" လေးနှစ်ဆိုရင် သစ္စာရှိသွားရောလား "

နေလင်းကပါမေးလာပြီ

ဒါပေါ့လေ… သူတို့နှစ်ယောက်မှာမှ ချစ်သူမရှိတာ သည်တော့ သစ္စာဝ ရက်ရှည်ကြာသမျှ တွယ်တာလာသော ခိုင်မြဲမှုဆိုတာတို့ ဘယ်သိပါလိမ့်မလဲ

" မနက်ဖြန် မင်းက ကြည်ပြာ့ကို ကြိုပြီးမှ လာမှာ မဟုတ်လား "

" ဒါပေါ့… စောင့်နေလေ…"

" ပန်းသီးကိုပဲ ခုနစ်နာရီလာဆုံမယ်နော် "

" ငါ့မစောင့်နဲ့လေ… ငါက သင်္ဘောကျွန်းမှာ အိုဂျီကသိတဲ့အတိုင်း ပြန်ရမယ့်အချိန်မမှန်းနိုင်ဘူး သောကြာနေ့ကဆို မြွှာမွေးမယ်ဆိုလို့ ငါ

www.burmeseclassic.com


နိုင်ဇော်တို့ စောင့်နေကြတာ အိမ်ကို တစ်နာရီမှ ပြန်ရောက်တယ်..."

ဇော့်ကို့နာမည်ကလည်း သက်ဇော်ကိုဆိုတော့ သီဟနှင့် ဇော်ကိုက တ ာည်းကျပေမယ့် နေလင်းတို့နှင့်က တစ်ခြားစီ။ သည်လိုပါပဲ ကြ ့ပြာတို့နှင့်ကလည်း တစ်ခြားစီပါပဲ။ မြောက်ဥက္ကလာဆေးရုံ အတူကျလျှင်တော့ ညနေပိုင်း နှစ်ယောက် အချိန်ချင်းချိန်းပြီးမှ အတူပြန်လို့ရတာပါ...။

"ငါပြန်မယ် တော်ကြာ ကြည်ပြာဖုန်းဆက်လို့လွဲနေမှာ စိုးရတယ်"

"သနားတယ် သီဟရယ်..."

"ဖိုးသီ ဖိုးသီ... မင်း ကြည့်ကြည့်ပြီး ချစ်သူကို မလိုချင်တော့တာ..."

"မရရင်မရဘူးပြောပါ..."

"ဒါပေါ့ကွာ... ဖိုးသီလိုတော့ အရပ်မြင့်မြင့် အသား လတ်လတ်... မင်းသားလားထင်ရလောက်တဲ့ ရုပ်ရည်မရှိဘူးလေကွာ... ပြီးတော့ အန်တီလေးဝယ်ပေးထားတဲ့ ကားကလေးကလည်းရှိ..."

"ငါ့ကားက ကားစုတ်လေး ဖြစ်နေပါပြီ... စည်းကမ်းရှိရှိ တစ်လက်ကိုင်မို့သာပါ..."

နေလင်းနှင့်ဇော်ကို့ကိုထားပြီး ပြန်လာခဲ့ရတယ် သူတို့ ပြောသလို ချစ်သူက အနှောင်အဖွဲ့နှင့် ရစ်ချည်ထားလေသလား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" အဲဒါပေါ့ စာကျက်ပါ စာကြိုးစားပါဆို ပြောမရဘူး... အခုဆိုကြည့် ပက်သိကလည်းငါးဆယ့်နှစ် ဖော်ရမ်းဆစ်ကလည်းငါးဆယ် အမှတ်က နည်းလိုက်တာ ဘာသွားလုပ်မလဲ ဒါတောင် ပီအက်စ်အမ်အမှတ်ကမရသေးလို့... အောင်ရုံတော်ပြီလို့များ ရည်စူးနေသလား ကိုလွင်..."

နေလင်းတို့လိုများ နှစ်ဆယ်ကျော် သုံးဆယ်အမှတ်ကလေးတွေ ရရင်တော့ ကြည်ပြာတယ်လိုပြောမည်မသိ။ ဒါကြောင့် ဘာမှပြန်မပြောပါပဲ ပြုံးနေလိုက်တယ်။ ကိုယ့်မှာရှိတဲ့ စာကျက်နိုင်သမျှ ဉာဏ်ရှိသလောက်ကျက်တာပါပဲ။ စာအုပ်တွေမွေ့ သွားလေရာစာအုပ်တွေသယ် စာအုပ်နဲ့မျက်နှာမခွာတမ်းတော့ မနေနိုင်ဘူးလေ။ သင်သမျှစာတွေ မှန်မှန်ဖတ်တာပါပဲ။

" ကိုလွင် ကျူရှင်တက်တော့ "

" ဟာ မဟုတ်တာ ကြည်ပြာရယ် "

" ဘာမဟုတ်ရမှာလဲ သည်လောက်အမှတ်လေးတွေနဲ့ မကောင်းဘူး"

" ကြည်ပြာ့ကိုပြောခဲ့ပြီပဲ... အန်တီလေးရဲ့အလုပ် မကောင်းဘူး... ကိုယ်အားငယ်မှာစိုးလို့သာ မညည်းတာနေမှာ ကိုယ့်မှာက အဖေမရှိအမေမရှိ သည်အဒေါ်တစ်ယောက်ရှိလို့ ဆေးတက္ကသိုလ်လေးတက်နိုင်တာ... အခု ကိုယ် ကြိုးစားတာပဲ တစ်ခါမှမကျခဲ့ဘူးလေ ကြည်ပြာတို့လို အမှတ်တွေ အမြင့်ကြီးကတော့ မရနိုင်ဘူး... ကိုယ် ဉာဏ်သိပ်မကောင်းဘူး ဖွဲလုံ့လဝီရိယပဲရှိတာ..."

" ကျူရှင်ခလေးတောင် အန်တီလေးက မပေးနိုင်ဘူးလား..."

" မပေးနိုင်ဘူးတော့ ဘယ်ဟုတ်ပါ့မလဲ... တောင်းရင်ပေးမှာပေါ့ ကိုယ်ပွင့်ပွင့်လင်းလင်းပြောမယ်ကြည်ပြာ... ကိုယ်စီးနေတဲ့ကားကိုတောင် အန်တီလေးက ရောင်းချင်နေပုံရတယ်... ကျောက်ကုန်းကနေ မြောက်ဥက္ကလာထိ သွားရတာဝေးမှန်းသိလို့ သူ့ခမျာ မပြောရက်ဘူးထင်တယ်... ကိုယ်က

www.burmeseclassic.com 

တူတစ်ယောက်အနေနဲ့ သည်လောက် အခွင့်အရေးပေးတာ သိတတ်ရလိမ့်မယ်"

ကြည်ပြာမျက်နှာညိုရင် သီဟ စိတ်မကောင်းပါဘူး။ ဒါပေမယ့် ... သီဟလည်း ပျော်ပျော်ရွှင်ရွှင်နေချင်တာပါပဲ။ ကြည်ပြာက စိတ်ဆိုးပြီး သီရေတာ တစ်လျှောက်... ဟိုးအောက်အနိမ့်ဘက် ဆင်းသွားပြီ... သီဟတို့နှင့် အနောက်ဖက်မှာ မထိုင်ဘူးဆိုသည့် သဘောပေါ့။ အဲသည့်အရှေ့ဖက်ဆုံး ခုံတွေမရရင်လည်း ကြည်ပြာနှင့်က တစ်ရန်။

ကြည်ပြာအောက်ဘက်ဆင်းသွားသည်နှင့် နေလင်းရောက်လာတာပါပဲ။

" ကောက်သွားပြီမဟုတ်လား သနားတယ် ဖိုးသီရယ် "

" ငါ့ကို ကျူရှင်တက်ရမတဲ့... မတက်ဘူးလို့ ပြောလိုက်တယ် "

" ငါတို့နဲ့ မပေါင်းရဘူးလို့ မပြောဘူးမဟုတ်လား..."

" ပြောကြည့်ပါလား... ပြောကြည့်လေ "

" ပြောကြည့်ရင် ခေါင်းညိတ်လိုက်မယ် မဟုတ်လား "

" အထင်သေးလှချည်လား နေလင်းရယ် ချစ်သူက ချစ်သူ သူငယ်ချင်းက သူငယ်ချင်းပါပဲ... ဘာမှမဆိုင်ဘူး သူငယ်ချင်းတွေကို ငါပေါင်းချင်တဲ့သူငယ်ချင်း ပေါင်းမယ်လို့ ပြောမှာပေါ့... သွားပါစေ ကောက်လည်းကောက်ပေါ့... ညနေ ဆေးရုံချိန်ပြီးလို့ ပြန်ရင် သူ့ဆီသွားတွေ့တော့ သူစကားပြောရမှာပါပဲ..."

" မင်းတို့ ထမင်းအတူမစားတာတောင် ကြာပြီနော် "

" ကြာဆို... ငါက မင်းတို့ ခင်အောင်အေးတို့နဲ့ ကဲန်တင်းသွားစား နေတာကိုး..."

" အဲဒါကျတော့ မပြောဘူးလား "

" တစ်ပတ်လောက်တော့ ပြောတာပေါ့ နောက်တော့ သူလည်း ကေသီတို့နဲ့ပဲ စားမယ်ဆို ကေသီတို့ ကျော်စွာတို့နဲ့ပဲ စားတော့တာ..."

စာသင်တဲ့အခါ အနောက်ဖက်ရောက်နေရင်တော့ စိတ်ဝင်စားအောင် အာရုံစွင့်ရတာများတာပေါ့ ဒါပေမယ့် ရှေ့ဆုံးတန်းတွေကိုတော့ ကောင်မလေးတွေနှင့် အပြိုင် မလုချင်ပါဘူး...။ ကြည်ပြာ ဘယ်နားရောက်နေပါလိမ့်လို့ လှမ်းကြည့်မိ တယ်။ ကြည်ပြာဝတ်ထားသော ဖက်ဖူးရောင်အင်္ကျီလေးက ရှာရလွယ်သည်မို့ သိပ်မရှာလိုက်ရပါ။

" နေလင်း "

www.burmeseclassic.com

" ဟင် "

" ကြည်ပြာ့ဘေးကဘယ်သူလဲ နောက်တန်းကကိုယ်နဲ့ကွယ်နေလို့ ငါသေချာမမြင်ရဘူး..."

နေလင်းက လိုက်ကြည့်ပေးပါတယ်။ ပြီးတော့မှ ကောင်းကျော်စွာ ထင်တာပဲတဲ့။ ကျော်စွာတို့ ကေသီတို့ဆိုတာ ကြည်ပြာ့ အပေါင်းအသင်းတွေပဲ မဟုတ်လား။ သူ့အပေါင်းအသင်းတွေနားသွားထိုင်တာ ထိုင်ပါစေပေါ့...။ တတိယနှစ်မှာတည်းက ကြည်ပြာတစ်ယောက် ကေသီတို့နှင့် တပူးတွဲတွဲနေခဲ့တာ...။ သီဟကိုပါ သူတို့နှင့်အတူ အမြဲရှိနေစေချင်ခဲ့ပေမယ့်... သီဟကတော့ နေလင်းတို့ ဇော်ကိုတို့နှင့် မခွဲနိုင် ...။ ဒါကြောင့် ချစ်သူခြင်း ချစ်တာ တစ်ပိုင်း သူငယ်ချင်းတွေနှင့် နေချိန်က တစ်ပိုင်းလို့ နှစ်ဦး သဘောတူလိုက်ကြတယ်လေ။

" ဆရာမထွက်ပြီ ထွက်ကြစို့ ထွက်ကြစို့ ဖိုးသီ ဖိုက်ဆာနေပြီ "

" ချိုင့်ကြီးကလည်းကွာ... အစားဆို..."

နေလင်းက တော်ရုံနှင့် ထမင်းမဝလို့... သုံးဆင့်ချိုင့်ကြီး အမြဲ ယူလာတတ်တာမို့ ချိုင့်ကြီးလို့ နာမည်ပေးထားတယ်...။ ဇော်ကိုနှင့် သီဟသာ ချိုင့်ကြီးတွေဆွဲ ဆေးရုံပြေးနဲ့စိတ်ပျက်လို့ ကန်တင်းမှာပဲ ဝယ်စားကြတာ။

" ခုချိန်ဆို ကြည်ပြာတစ်ယောက် စိတ်ကောက်တာမေ့ပြီး ထမင်းစား နေရောပေါ့..."

" ထမင်းစားရင်းတောင် စိတ်က ဘယ်ရောက်သွားလဲ သည်တစ်ခါတော့ မင်း ကြည်ပြာကို ချော့လို့ရပါတော့မလား... သူကကျူရှင်တက်မှ ပြန်ခေါ်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ..."

" အန်တီလေးက အခု ကျန်းမာရေးမကောင်း စီးပွားရေးမကောင်းနဲ့ နောက်ထပ်အပို ပိုက်ဆံမတောင်းချင်ဘူး... တောင်းမယ်ဆိုရင် ငါတောင်း သလောက်ပေးမှာပါ... ငါက မတောင်းချင်လို့ပါ..."

" ငါတို့ထဲမှာ မင်းအိမ်အခြေအနေက အပြေလည်ဆုံးနော် ဖိုးသီ ငါတို့တွေဆို အငယ်တွေရှိတော့ ညှာတာကြရတယ်... မင်းမှာ မိဘမောင်နှမ မရှိပေမယ့် အဒေါ်က တော်ပါတယ်..."

ထမင်းစားပြီးရင်တော့... ဇော်ကိုနှင့်နှစ်ယောက် မြောက်ဥက္ကလာဆေးရုံတင် သွားရမှာ။ နေလင်းကတော့ သည်နေ့ ရွာသာကြီးသွားရမယ်တဲ့။

www.burmeseclassic.com

 www.burmeseclassic.com 

" ဟိုမှာ ဟိုမှာ ခင်အောင်အေး... သည်ကောင်က သယ်နှိုက်ကျွန်းသွားရမှာ ဘာလုပ်နေလဲမသိဘူး..."

ခင်အောင်အေးက ရှေ့မှာဝင်ထိုင်ရင်း... ငါလက်ဖက်ရည်သောက်ချင်တယ်တဲ့။

" မင်း ဖယ်ရီနဲ့ သယ်နှိုက်ကျွန်းသွားရမှာဆို ကားလွတ်ပြီထင်တယ် "

" ငါ ခင်ဆုဝင်းတို့ကားနဲ့ကပ်လိုက်သွားမှာ... ဒါနဲ့ ဖိုးသီ မပြောမပြီး မတီးမပြည်ဆိုသလို "

" လာပြီ ပြောမှာမပြောဘူး "

" တစ်ခုတော့ရှိတယ်... ကောင်းကျော်စွာရဲ့ပါရာဒိုကိုတော့ မင်းကားစုတ်လေးက မီအောင်လိုက်နိုင်မယ် မထင်ဘူးနော် တော်ကြာမှ ခင်အောင်အေး တစ်ယောက်လုံး ကြည်ပြာနဲ့တစ်ဖွဲ့တည်းကျပါလျက် မပြောရကောင်းလားဆိုတာ မကြားချင်လို့ လာပြောပြတာ... ဒါမျိုးက မဝင်သင့်ဘူး... ကြားသုံးကြားလား ကြားလေးကြားလားတော့မသိဘူး... ချစ်သူနှစ်ယောက်ကြားလည်း မဝင်ရင် အကောင်းဆုံးပဲ..."

ကောင်းကျော်စွာတို့ ကေသီတို့နှင့် ကြည်ပြာက အုပ်စုချင်းလည်းတူတော့ တတိယနှစ်တည်းက တပူးတွဲတွဲနေခဲ့တာပဲ။ သည်တော့ ကောင်းကျော်စွာကားပေါ်မှာ ကေသီတို့နှင့် အုပ်စုလိုက်ပါသွားတတ်တာ မထူးဆန်းပါဘူး။

" သူတို့ကတဖွဲ့တည်း အမြဲတွဲနေတာပဲ ခင်အောင်အေးရာ "

" အင်းလေ မင်းယုံကြည်တယ် စိတ်ချတယ်ဆိုရင်ကောင်းပါတယ် ဒါပေမယ့် ကေသီတို့ ခင်စပယ်ကျော်တို့ ခိုင်ခိုင်စောတို့တွေက နောက်ဘက်တွေမှာ ထိုင်ပြီး မင်းရဲ့ကြည်ပြာအေးက ကောင်းကျော်စွာမောင်းတဲ့ဘေးမှာ အမြဲထိုင်တာတော့ မကောင်းဘူးထင်ပါတယ်..."

သည်သို့လား

သည်သို့တော့ တစ်ခါမှ သီဟ မြင်လည်းမမြင် တွေးတောင် မတွေးဖူးပါဘူး။ ဟုတ်တာပေါ့ တစ်ခြားသူငယ်ချင်းတွေပါတယ်ဆိုပေမယ့် ဘာလို့ ကျော်စွာနှင့် ယှဉ်ထိုင်ရမှာလဲ... သည်လိုဆိုရင်တော့ မဟုတ်တော့ဘူး...။ စိတ်မှာ ညိုမှိုင်းသွားသလိုပါလား။ ခင်အောင်အေးက ပြောသေးတာ။ သူတို့အုပ်စုထဲမှာ ယောကျ်ားလေးတစ်ယောက်ဖြစ်တဲ့ ကျော်မိုးလှိုင်လည်းပါနေတာ။ ကျော်မိုးလှိုင်က

www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာမောင်းတဲ့ဘေးထိုင်သင့်တယ်တဲ့... ဒါလည်း မှန်တာပဲ။

" ငါတို့ဖြင့် တစ်ခါမှ မမြင်ဖူးပါဘူး ခင်အောင်အေးရာ "

" နေလင်း... မင်းတို့တွေက တစ်ဖွဲ့တည်းလား ဆေးရုံတစ်ခုတည်း ကျသလား... ငါက သူတို့နဲ့ တစ်ဖွဲ့တည်း... အခု အိုကျီဆိုတော့ အပြန်နောက်ကျတယ်... ဟိုနေ့ကဆို ခွဲစိတ်ခန်းဝင်ရတော့ နောက်ကျတယ်... အပြန်ကို ကြည်ပြာကို မင်းလာကြိုသင့်တယ် မင်းက ဆေးရုံချင်းမတူလို့ လာမကြိုတော့ အပြန် ကောင်းကျော်စွာကားနဲ့ပြန်တယ်... ခင်စံပယ်က ငါ့ကိုပြောတာတော့ အပြန်မှာ ကြည်ပြာကိုပဲ ပြန်ပို့တာတဲ့..."

ရင်ထဲ ပူလောင်နေသလိုပါလား။

ရတယ်လေ ဟုတ်မဟုတ် သေချာမသေချာဆိုတာ သိပ်ခက်တာမှ မဟုတ်ပဲ... သည်ညနေ ကိုယ့်အချိန်ပြီးရင် ကြည်ပြာရှိတဲ့ သဃ်န်းကျွန်းဆေးရုံကို လိုက်စောင့်ရုံပေါ့။ စိတ်ကောက်နေတာလည်း ချော့ရင်းပေါ့လေ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" အစ်မ သည်နေ့ ဘယ်ရွာသွားမလဲ..."

" တမာကုန်းဖက်သွားမလို့... ဟိုမှာ မခင်စိန်က လရင့်နေပြီ သွားကြည့်ဦးမှ... တမာကုန်းကပြန်ရင် ထန်းပင်ချောင်ဝင်မယ် အစ်မကို ကျေးဥ လိုက်ပို့မလား"

" သွားလေ... ပို့ပါတယ်... စက်ဘီးနဲ့ပဲသွားမလား..."

" စက်ဘီးဆို ကျေးဥနင်းရတာပင်ပန်းတယ်..."

" အစ်မကိုယ်လုံးလောက်ကတော့ ကျေးဥနွယ်က အပျော့..."

ဒါကြောင့်မို့ အစ်မကို စက်ဘီးနောက်မှာထားပြီး တမာကုန်းဖက် နင်းလာခဲ့ပါတယ်။ အစ်မနဲ့အမေက ကျေးဥဘောင်းဘီဝတ်တာမကြိုက်ပေမယ့် ခပ်ဝေးဝေးရွာတွေဆီသွားမယ်ဆို ဘောင်းဘီဝတ်ရတာ လွတ်လပ်တယ်လေ... ပြီးတော့ အလှအပတွေလည်း မပြင်ချင်ကတည်းက ရှပ်အင်္ကျီဖားဖားကြီးတွေပဲ ဝတ်ခဲ့တယ်။

" ကျေးဥ... တစ်နေ့က အစ်မမြို့ရောက်တော့ လှယဉ်သန့်နဲ့ တွေ့တယ် သူကတော့ ကျေးဥ အဝေးသင်ပြန်တက်ပါလားတဲ့ ပထနှစ်က ပြန်တက်ပေါ့တဲ့"

" တော်ပြီ အစ်မ... အဲသည့်အကြောင်းမပြောပါနဲ့ ပြောရင် ကျေးဥ အစ်မကို လမ်းလယ်ခေါင်မှာ ထားပစ်ခဲ့မှာ "

" အေးပါ အေးပါ မပြောတော့ပါဘူး "

အဲသည့်အကြောင်းတွေ ဘာမှ မကြားချင်တော့ပါဘူး။ အခုလိုနေရတာပဲ ကျေးဥနွယ် ပျော်နေခဲ့ပါပြီ။ စိတ်မှာ မကြည်လင်တဲ့အခါမှာ စကားမပြောချင်တော့တာမို့ စက်ဘီးကို ခပ်သွက်သွက် ဖိနင်းလာခဲ့ရတယ်။ အစ်မကလည်း ကျေးဥစိတ်ကို သိသွားတယ် ထင်ပါရဲ့။ စကားမပြောတော့ပါဘူး...။ တမာကုန်းမှာ အစ်မသွားချင်သည့် မခင်စိန်တို့အိမ်ရှေ့ထိ နင်းပေးလိုက်တယ်။

အစ်မ အိမ်ထဲဝင်သွားတော့ ကွပ်ပျစ်မှာထိုင်စောင့်နေလိုက်တယ်ပေါ့ ...။ တမာကုန်း၊ ထန်းပင်ချောင်း၊ ဘန့်ဘွေး၊ ရွှေလှ၊ ငါးမျက်နှာ၊ သရက်ချိုင်၊ ကုန်းမြောင် သည်ရွာတွေမှာတော့ ကျေးစုတို့ ဘန့်ဘွေးရွာက ရွာအကြီးဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျန်တဲ့ရွာတွေမှာ ကျောင်းမရှိပေမယ့် ဘန့်ဘွေးမှာ မူလတန်းကျောင်းရှိတယ်... အစ်မလို သားဖွားဆရာမလည်း ရှိတယ်။ ရွာမှာက တောင်ပိုင်းထိပ် မြောက်ပိုင်းထိပ် ဘုန်းကြီးကျောင်းလည်း ရှိတယ်။

" ဟဲ့ ကျေးဥပါ ပါလာတာလား..."

" အစ်ကိုသန့်ဇော်... အစ်ကိုရော ကျောင်းမသွားဘူးလား "

" ကျေးဥ... သည်နေ့ ကျောင်းပိတ်ရက်လေ "

" ဟုတ်သားပဲ... မေ့သွားလို့..."

အစ်ကိုသန့်ဇော်က အစ်မနဲ့ ကျောင်းနေဖက်သူငယ်ချင်း။ ကျေးဥတို့ ဘန့်ဘွေးမူလတန်းကျောင်းက ဆရာပါ။ နေတော့ တမာကုန်းမှာနေပြီး ကျောင်းကိုတော့ စက်ဘီးနဲ့ လာတက်ပါတယ်။

" ကျေးဥ.. ညည်း... လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်နဲ့ နေနေတုန်းပါလား... လူဆိုတာ..."

" ဆရာ... ဆရာပီပီ လူတွေ့ရင် တပည့်ပဲ မှတ်နေရင် ကျေးဥနားထောင်မှာ မဟုတ်ဘူး... ထွက်သွားမှာနော် အစ်မ သူ့ဘာသာ ဘယ်လိုပြန်ပြန်..."

အဲလိုမျိုးပြောတော့မှ အစ်ကိုသန့်ဇော် ဘာမှမပြောတော့တာ

တော်ပါတော့ နှစ်ကြာခဲ့ပါပြီ။ ဘာမှလည်းမကြားချင်ဘူး...။ အခုလိုပဲနေမယ်။ အမေနဲ့အစ်မကိုကူမယ် ရွာမှာကူနိုင်သမျှကူညီမယ်။ ဒါပေမယ့် ဘယ်မှ မသွားဘူး။

" ကျေးဥရေ... အစ်မက ထန်းပင်ချောင်သွားဦးမှာနော် ပို့မှာလား "

" ပို့မှာပေါ့အစ်မရဲ့... သွားစို့လေ"

" ခုနက ကျေးဥနဲ့စကားပြောနေတာဘယ်သူလဲ "

" ကိုသန့်ဇော် "

" သန့်ဇော်လား... သူ့အစ်ကိုဆီ လာတာနေမှာပေါ့ "

မခင်စိန်ရဲ့ယောကျ်ားကိုတင်ဇော်က အစ်ကိုသန့်ဇော်အစ်ကိုကြီးဆိုတာ ပါ။ ရွာမှာကတော့ ဟိုရွာကလူနဲ့ သည်ရွာကလူနဲ့ အိမ်ထောင်ကျ သွားကာတွေလည်းရှိတော့ တစ်ရွာနဲ့ တစ်ရွာမှာ ဆွေနီးမျိုးစပ်တွေက အများကြီး။

" ဟာ... မေ့နေလိုက်တာ ကိုမောင်မောင်ကြီးတို့ အမေတင့်အိမ်က မျှတွင်းဆယ်မှာ ကျေးဥလာခဲ့မယ် ပြောခဲ့မိတယ်..."

" ဒါဆို ကျေးဥ ပြန်ချင်ပြန်လေ "

www.burmeseclassic.com

" မပြန်ပါဘူး အစ်မအပြန်ခက်နေပါမယ်... နောက်မှ မလာနိုင်လို့လို့ ပြောလိုက်မယ် "

" မောင်မောင်ကြီးတို့အုပ်စုက တောင့်ပါတယ် ယောကျ်ားလေးတွေ သူတို့ဘာသာ ရေတွင်းဆယ်တာ ကျေးဥ ဘာလို့ သွားမှာလဲကွယ်... ကျေးဥ ညီမလေးက မိန်းကလေးနော် ယောကျ်ားလေးမဟုတ်ဘူး... ပြီးတော့ ကျေးဥဟာ ယောကျ်ားလေးစိတ်ပေါက်နေတဲ့ မိန်းကလေးလည်း မဟုတ်ဘူး တစ်ချိန်က ကျေးဥရဲ့အလှကို လူတော်တော်များများက မမေ့နိုင်..."

" အစ်မ..."

စက်ဘီးပေါ်က ခုန်ချလိုက်တယ်

အစ်မပါ နောက်ဘက်က ဆင်းလိုက်ရတော့တာပေါ့။

" အစ်မ... ဒါတွေကို မပြောပဲမနေနိုင်ဘူးလား... မနေနိုင်ရင်တော့ အစ်မဘာသာ လှည်းကြုံနဲ့ ပြန်ခဲ့ "

အစ်မကိုထားပစ်ခဲ့ပြီ။ ဒါတွေကို မပြောပါနဲ့တော့။ ဘာမှ မကြားချင်လို့ပါ ဆိုလည်းမရ။ ကျေးဥကတော့ ကြားကိုမကြားချင်ပါ။

" အမေ့သမီးက အဲဒါလေးပြောမိပါတယ် သမီးကို ထန်းပင်ချောင်သွားတဲ့ လမ်းပေါ် ထားပစ်ခဲ့တယ်..."

အစ်မကတော့ အမေ့ကို ပြန်တိုင်နေပြီ

ကြားပါတယ် ဒါပေမယ့် မကြားချင်ယောင်ဆောင်ပြီး စောင်တွေကို တဖုန်းဖုန်းရိုက်လျှော်နေလိုက်တယ်။ အမေက ဆူပါလိမ့်မယ် ဝေးသေး။ အမေက အစ်မကိုမွေးပြီးတော့ ယောကျ်ားလေးတစ်ယောက်လိုချင်ခဲ့တာ... သမီးနှစ်ယောက် မွေးလာတော့ သားလေးလိုချင်စိတ်နဲ့ ကျေးဥငယ်ငယ်က ရှပ်အင်္ကျီတွေ ပုဆိုးတွေကိုတောင် ဆင်ခဲ့သေးတာ။

" လှမွန်ရယ်... ကလေးသူ့ဘာသာသူ စိတ်ချမ်းသာသလိုနေပါစေ လူ့ဘဝ ခဏကလေးနေရတာ နင်တို့အဖေ အသက်ခြောက်ဆယ်သေတာတောင် အိပ်မက်တစ်ခုလိုပဲ ချက်ချင်းပျောက်ကွယ်သွားသေးတာ... ကျေးဥလည်း ပျော်သလို နေပါစေ "

" အမေ အလိုလိုက်လို့လည်း သည်လိုမျိုး ဖြစ်နေတာပေါ့... ကိုယ်ကယ်ဆို စဉ်းစားပါဦး ရွာမှာ သူ့လောက် ဆယ်တန်းကို အမှတ်ကောင်းကောင်းအောင်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com


မရှိဘူး... ဆေးကျောင်းတက်ဖို့ သုံးမှတ်ပဲလိုတာ... အင်ဂျင်နီယာဖြစ်အောင် လုပ်ပေါ့ ဘာလို့များ ကျောင်းတစ်ဝက်တစ်ပျက်နဲ့ ပြန်လာရလဲ အကျိုးအကြောင်းလည်းမသိရ ပညာတစ်ပိုင်းတစ်စနဲ့ နေပြီး ရွာထဲယောကျ်ားလေးတွေနဲ့ ဟိုနားပါ သည်နားပါ... သမီး မကြိုက်ဘူးအမေ "

" ဟဲ့ ဘာမှမကြိုက်ဖြစ်မနေနဲ့ ငါ့သမီးကျေးဥက နင့်သူငယ်ချင်းမခင်တင့်ညီမ ခင်ခင်မြင့်လို ကျောင်းလည်းမနေ စောစောစီးစီး လင်ယူ ကလေးက လေးယောက် ယောကျ်ားကအရက်သမား သွားရော... သည်လိုမျိုး ဖြစ်မနေရင် တော်ပြီ သူ့ဘာသာ နေချင်သလို နေပါစေ "

" အမေ့ကြောင့်လည်း ကျေးဥကို ပိုပြောမရတာ..."

စောင်တွေရိုက်လျှော်နေရင်း နားကလည်း အစ်မ စကားတွေကြားနေရတယ် ဒါတွေမေ့ထားလိုက်ပါ...။ ကျေးဥ သတိလည်းမရချင်ဘူး...။ စောင်တွေလှမ်းပြီးတော့... ဟိုတက်ခြံလှမ်းကြည့်မိတယ်။ ဟိုတက်ခြံမှာ အဖေ့အစ်ကို ဘကြီးညိုတို့ရှိတာကိုး။ ဘကြီးညိုက ချမ်းသာတော့ မြင်းလှည်း နွားလှည်း အကုန်ရှိပေါ့...။ သားတစ်ယောက်အဖြစ် မင်းညိုသာရှိပေမယ့်... ဘွဲ့ရပြီးတည်းက အိမ်ကို ဘာမှမကူတော့ဘူး။ ဘကြီးညိုကတော့ သူ့အကြွေးရှိသမျှ ရွာစဉ်လျှောက်တောင်းတဲ့ အလုပ်တစ်ခုပဲ မင်းညိုသာကို ခိုင်းတယ်လေ။

" ကျေးဥရေ... နွားလှည်း ပြင်ထားဟယ်... ဆရာကြီးကို မြို့ဘူတာလိုက်ပို့ပေးပါဦးဟာ..."

" ဟုတ်ကဲ့ ဘကြီးညို ပို့ပေးမယ်... အမေရေ... ကျေးဥ မြို့သွားမလို့ မှာချင်ရာမှာ "

" ကျေးဥ မြို့ဘာသွားလုပ်မှာလဲ..."

" ဘကြီးညိုက ဆရာကြီးကို ဘူတာပို့ခိုင်းလို့ပါ..."

ဆရာကြီးက ဘန့်ဘွေးမူလတန်းကျောင်းရဲ့ ကျောင်းအုပ်ပါ ပြည်မှာနေသည့် အမေဆုံးလို့ ပြည်ခဏပြန်မယ်လေ ဒါကြောင့် ဘူတာလိုက်ပို့ပေးရမှာ။ အမေကတော့ မြို့ဈေးမှာဝယ်လို့ရမည့် ဈေးပစ္စည်းတွေမှာပါပြီ။ အစ်မကတော့ ကျေးဥကို လှမ်းကြည့်တဲ့အကြည့်မှာ စိတ်ပျက်ခြင်းတွေပါနေမလား။

" ဆရာကြီးအိမ်ကို သွားခေါ်မယ် "

ဘကြီးညိုရဲ့ မြင်းလှည်းနွားလှည်းတွေကို မင်းညိုသာတောင်ကျေးဥလာက်

www.burmeseclassic.com

www.burmeseclassic.com


မောင်းတာမှ မဟုတ်တာ။ ကျေးဥက သည်မြင်းသည်နွားတွေနှင့် အပွဲ့ကျနေပြီးသား။

ဆရာကြီးရဲ့အထုပ်အပိုးကို အိမ်ထဲထိ ဆင်းယူပေးလိုက်ပါတယ်။ ဆရာကြီးရဲ့ဇနီး အဒေါ်မြိုင်က ကျေးဥပို့မှာလားတဲ့။ ဟုတ်ကဲ့ဆိုပြီး အမြန်ထွက်လာ ...ာင်။ သည်လူကြီးတွေကို တတ်နိုင်သရွေ့ ရှောင်နေတာ ကောင်းပါတယ်။ သူတို့တွေက ကျေးဥရဲ့အကြောင်းကို နားမလည်စွာ သိပ်ပြောချင်ကြတာပါပဲ။

" မင်းညိုရော ဘယ်သွားလဲ "

" ငါးမျက်နှာဘက် ဘကြီးညို ခိုင်းလိုက်လို့ပါ ဆရာကြီး "

" ဟုတ်လား... သည်ကလေးလည်း ဘွဲ့ရပြီး သည်လိုပဲ နေတော့မှာလား မောင်သန့်ဇော်တို့ဆို ဘယ်လောက်ကောင်းလဲ... ကျေးဥရော... ညည်းဦးနှောက်တွေ ငါနှမြောတယ် "

လူကြီးဆိုတော့ ပြန်မပြောတာကောင်းပါတယ်။

ဒါကြောင့်မို့ နွားတွေကိုသာ တဟဲ့ဟဲ့ အော်ဟစ်မောင်းနေလိုက်တယ်လေ။

" ညည်းအစ်မ လှမွန်နွယ်ဆို သားဖွားသင်တန်းတက်ပြီး ရွာတွေမှာ အကျိုးရှိတဲ့ အလုပ်တွေလိုက်လုပ်နေတာ ညည်းက အများကြီး သူ့ထက် ပိုတော်ပါလျက် ဟိုမရောက် သည်မရောက်... "

ဆိတ်ဆိတ်နေလိုက်တာ အကောင်းဆုံးပါ။

ရွာကလူကြီးတော်တော်များများက သည်လိုပါပဲ ကျေးဥကို အမျိုးမျိုးပြောသမျှ ခေါင်းငုံ့နေပြီး တစ်ခွန်းပြန်မပြောတော့ ကြာသွားတာနဲ့ မပြောနိုင်ကြတော့ဘူးလေ။

" ဆရာမ မဝေမာ မီးဖွားခွင့်နဲ့ ကြို့ပင်ကောက် ပြန်လိမ့်မယ်... လာ လုပ်အားပေးဦး... ကြားလား "

" ဟုတ်ကဲ့ ဆရာကြီး "

" ညည်း အဝေးသင်ပြန်လျှောက်ပါလား ပြီးတော့ ကျောင်းဆရာမလေး ဖြစ်ဖြစ် ပြန်လုပ်လေ ညည်းကို ခုလိုနေနေတာမြင်ရတော့ အုတ်ခဲဆယ်လုံးရွက်နိုင်တဲ့ လူ တစ်လုံးတည်းရွက်နေသလိုပါပဲလား..."

ဆရာကြီးကိုမို့ ဘာမှမပြောပဲ နွားလှည်းသာ တွင်တွင်မောင်းနေတယ် မြို့ရောက် ဘူတာရောက်မှ အမောဖြေရတော့တာပါလား။ ပစ္စည်းဝယ်ဖို့ ဈေးကို အလာမှာ...။

www.burmeseclassic.com

www.burmeseclassic.com

" ကျေးဥ ကျေးဥ "

ဈေးထိပ် လက်ဖက်ရည်ဆိုင်ထဲက ထွက်ခေါ်လို့ ကြည့်မိပါတယ် မင်းညိုသာ...။ တကယ်ဆို မင်းညိုသာက ကျေးဥထက် လေးနှစ်လောက်ငယ်ပါတယ်။ ကျေးဥ ဆယ်တန်းအောင်တုန်းက မင်းညိုသာ ငါးတန်းပဲရှိသေးတာ အခု မင်းညိုသာတောင် ဘွဲ့လေးတောရသွားပြီ။ မောင်နှမဝမ်းကွဲမှာ ကျေးဥက ကြီးပေမယ့် မင်းညိုသာနှင့်ကျေးဥက အရွယ်တူတွေမို့ ကျေးဥနှင့် မင်းညိုလို့သာ ခေါ်ခဲ့ကြတယ်လေ။

" မင်းညို... ဘကြီးကပြောတော့ နင် ငါးမျက်နှာ သွားတယ်ဆို "

" ငါးမျက်နှာကနေ မြင်းလှည်းကြုံနဲ့ မြို့လာတာပေါ့... စာတိုက်မှာ စာလာထည့်တာ "

" ဘာလဲ... ရည်ရည်ဝင်းဆီလား "

မင်းညို တက္ကသိုလ်တက်တုန်းက ရည်ရည်ဝင်းနှင့် ချစ်သွားကြတာ။

" ရည်ရည့်ဆီရော သူငယ်ချင်းတွေဆီရောပေါ့... နင်သာ ရန်ကုန်ထိ စာသွားသင်ပါလျက် "

" နင့်ပါးစပ်ပိတ်ထားစမ်း... လူကြီးတွေကိုတောင် မဖြစ်လို့ အောင့်အည်းသည်းခံနေတာ နင်တို့လို အငယ်တွေကိုတော့ မျက်နှာကို လက်သီးနဲ့ ထိုးပစ်မှာ"

ထိုင်ခုံကနေ ထထွက်မည်ပြုတော့မှ မပြောတော့ပါဘူး ကျေးဥရာ ထိုင်ပါဦး... နင်နဲ့ အပြန် ငါလိုက်မှာပါတဲ့။ သည်ဆိုင်က နွားနို့နှင့်ဖျော်သော ကော်ဖီ လက်ဖက်ရည်ကိုလည်း ကျေးဥကြိုက်တာကိုး...။

" ဘယ်သွားဦးမှာလဲ "

" အမေမှာတာတွေ ဝယ်ရဦးမယ် "

" အမေကလည်း သကြားမှာတယ် ကျေးဥဝယ်ရင်းနဲ့ ထည့်ဝယ်ပေး"

မင်းညိုတို့အမေ ဒေါ်ကြီးမြကိုတော့ ကျေးဥချစ်သည် ဒေါ်ကြီးမြကလည်း အမေ့လိုပင် ကျေးဥ ပျော်သလိုနေပါစေဆို ကြိုက်နှစ်သက်သော မြန်မာမုန့်တွေ တစ်မျိုးပြီးတစ်မျိုး လုပ်ကျွေးတတ်တယ်လေ။ တစ်နေ့တစ်နေ့ ကျေးဥ ပျော်သလို နေပြီး အတိတ်ကို မေ့ထားခဲ့တယ်... တစ်ချိန်ကလောက်တော့ အနည်တွေမရှိတော့ ရေပြင်က အတော်ကြည်လင်ပြီး အနည်ထိုင်စတော့ ပြုနေခဲ့ပြီပဲ မဟုတ်ပေလား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" ဖိုးသီ နေ့ခင်းကစာလာလို့ သားစားပွဲပေါ် အန်တီလေး တင်ထားတယ်"

" ဟုတ်ကဲ့ အန်တီလေး "

မင်းညိုသာဆီက စာပါလား။ တကယ်ဆို မင်းညိုသာနှင့်က ခင်မင်ချိန် မကြာပါဘူး။ ကိုးတန်းဖြေပြီး နွေမှာ ဆယ်တန်းအတွက် ကြိုတင်ကျူရှင်အတက် ကျူရှင်မှာ မင်းညိုသာနှင့် တွေ့ရတယ်။ ဆယ်တန်းကျောင်းတွေဖွင့်တော့ မင်းညိုသာက သူရန်ကုန်ကမဟုတ်ပဲ နွေတစ်နွေလေး ရန်ကုန်က အဒေါ်တွေနှင့် လာနေတာဆိုပြီး သူ့ရွာသူပြန်သွားတာ။ ဒါပေမယ့် ခင်မင်မှုက ခိုင်မြဲစွာကျန်နေပြီး မင်းညိုသာနှင့် သီဟ ခုချိန်ထိ စာအပြန်အလှန်ရေးကြဆဲ။

အခုတော့ ခဏ ခွင့်လွှတ် မင်းညိုသာ။ မင်းစာကို မဖတ်နိုင်သေးဘူး။ သီဟရင်ထဲမှာ မီးလောင်နေသလို ဖြစ်နေတယ်...။ ညနေတုန်းကပေါ့။

" သီဟ... ဘယ်သွားမလဲ ပြန်မှာဆို ငါတို့လည်း လိုက်မယ် "

ဇော်ကိုနှင့်က အတူပြန်နေကျ...။ နေလင်းကိုတော့ မစောင့်ရဘူး။

" ငါ သင်္ချိုင်းကုန်းသွားမယ် ခင်အောင်အေး ပြောပြီးတည်းက ငါ့စိတ်မှာ နေမရဖြစ်နေတယ်..."

" မင်း သင်္ချိုင်းကုန်းသွားပြီး ကြည်ပြာ့ကို သွားကြည့်မှာဆို မင်းကားနဲ့မသွားသင့်ဘူး ကြည်ပြာက မင်းကားကို သိနေတာ "

ဇော်ကိုပြောတော့ ဟုတ်နေလို့... သူငယ်ချင်း သန်းဦးမြင့်ရဲ့ကားနဲ့ တစ်ညလဲလိုက်တယ်။ ပြီးတော့မှ ဇော်ကိုနှင့်နှစ်ယောက် သင်္ချိုင်းကုန်းမှာ သွားစောင့်တာ...။ သိပ်ရှာစရာမလိုဘူးလေ ကောင်းကျော်စွာရဲ့ ပရာဒို လှမ်းမြင်နိုင်တဲ့ နေရာမှာ ကားရပ်ထားရင်း သန်းဦးမြင့်ကားမို့ ရတ်ရက် သီဟရောက်နေတာ ကြည်ပြာမသိနိုင်...။

အချိန်တော်တော်ကြာ စောင့်ရတယ်

မှောင်စပြုနေတော့ မီးရောင်ပဲရှိလာတာ ပိုကောင်းပါတယ် သီဟရှိနေတာ

www.burmeseclassic.com

ဘယ်လိုမှ မသိနိုင်တော့ဘူးပေါ့...။

" သီဟ... လာပါပြီ မင်းကြည်ပြာ "

မမှတ်မိစရာလား... လေးနှစ်တာ ချစ်ခဲ့တဲ့ ချစ်သူပဲ...

ဘေးမှာ ကောင်းကျော်စွာပါလာပြီး ကေသီတို့ တစ်ယောက်မှ မပါ။

" ကေသီတို့ စံပယ်တို့ရော "

" ငါဘယ်သိမလဲ "

" သူတို့နှစ်ယောက်တည်းပဲ... သူတို့က သည်လို အမြဲသွားနေတာလား ဘယ်လောက်ကြာပြီလဲ... ကြည်ပြာတော်တာပဲ... ငါနဲ့ကျတော့လည်း ချစ်သူတွေလို ပုံမှန်နေနိုင်တယ်..."

" သူတို့ အခုလည်း ချစ်သူဟုတ်ချင်မှ ဟုတ်မှာပါ သီဟရယ်..."

ကောင်းကျော်စွာရဲ့ကားနောက် မလှမ်းမကမ်းက လိုက်လာရုံပါပဲ။ စိတ်မှာတော့ ရှုပ်ထွေးနောက်ကျိနေပြီ။ ဇော်ကိုပြောသလို ချစ်သူတွေ မဟုတ်ဘူးဆိုလည်း ခုလိုမျိုး နေသင့်သလား။ ကြည်ပြာ့မှာ သီဟလွင်ဆိုသော ချစ်သူတစ်ယောက် ရှိပါလျက် တစ်ခြားယောကျ်ားလေး သူငယ်ချင်းတစ်ယောက်နှင့် ပူးပူးကပ်ကပ် ရင်းရင်းနှီးနှီး နေသင့်သလား။

" ငါ ဘာလုပ်ရမလဲ "

" ဘာမှမလုပ်နဲ့..."

" မင်းက ဘာသဘောပြောတာလဲ... ဘာမှ မလုပ်ဘဲ ကြည့်နေရမလား"

" မင်းက သည်အကြောင်း ကြည်ပြာ့ကိုမေးပြီးထားပါ... မင်းရဲ့ ကြည်ပြာက မင်းကို နိုင်နေကျ... စိတ်ကောက်နေကျ... အလကား ရှင် လိုက်သဝန်ကြောင်မနေနဲ့ ဘာညာပြောပြီး စိတ်ကောက်ရင် မင်းပဲချော့ရမယ်... သူကလည်း လုပ်သေး နောက်ဆုံး မင်းဘက်လှည့်အပြစ်ချမယ်... သည့်ထက် ကြမ်းရင် ဟုတ်တယ်လေ ဘာဖြစ်လဲ ကောင်းကျော်စွာက ရှင့်ထက် စာတော်တယ် ကြိုးစားတယ်... ထိပ်ဆုံးအဆင့်က... သူကကြိုက်နေတယ်ဆိုရင် မင်းဘာလုပ်မလဲ မင်းကိုသာ အပြီးဖြတ်မှာပေါ့ ငါသာဆို ကောင်းကျော်စွာနဲ့ သီဟလွင် ယှဉ်ရွေးရင် ကောင်းကျော်စွာကိုပဲ ရွေးမယ်ကွာ... ကြည်ပြာအေးလို ဟိုးအထက်ကိုပဲ မျှော်ငေးနေတဲ့ မိန်းမက သီဟလွင်ဆီမှာရှိတဲ့ အချစ်စစ်ဆိုတာတစ်ခုလေးကို မက်လိမ့်မယ် မဟုတ်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com


သည့်လို ဖြစ်နိုင်လား

သည်လိုဖြစ်ရအောင် ကြည်ပြာနှင့် သီဟဆိုတာ နှစ်ရက်နဲ့တစ်ပိုင်း ချစ်ခဲ့ကြတဲ့ ချစ်သူတွေမဟုတ်ပါဘူး။ ပထမနှစ်တည်းက ချစ်ခဲ့ကြတာ ထာဝရလို့ ယုံကြည်လက်တွဲခဲ့ကြတာ သီဟရင်ထဲမှာတော့ ကြည်ပြာဟာ တစ်သက်တစ်ချစ် တစ်သက်တစ်ယောက်လို့ သတ်မှတ်ခဲ့တာ... ဇော်ကိုပြောသလို သီဟလွင်ဆီမှာရှိတဲ့ အချစ်ဆိုတာတစ်ခုလေးဟာ မက်စရာမဟုတ်ဘူးလား...။

" ကားကို သေချာမောင်း ဖိုးသီ ခုနေ မင်းသေရင် ကြည်ပြာအေး အကြိုက်ဖြစ်သွားမယ်... ငါက ကြားထဲက အဆစ်မသေပါရစေနဲ့..."

စိတ်မှာ ရှုပ်ထွေးနေပြီ

ဒါကြောင့် ကောင်းကျော်စွာရဲ့ကားနောက် ဆက်မလိုက်တော့ပဲ... ဇော်ကို့ကို သုဝဏ္ဏပို့ဖို့ ကွေ့ချလိုက်ပြီလေ။

" ဘာဖြစ်သွားတာလဲ "

" ငါ မျက်ဝန်းနဲ့ တပ်အပ်မြင်နိုင်တာတွေကို လက်မခံရဲသလိုပဲ "

" အဖြစ်မှန်ကို သိသိကြီးနဲ့ ရှောင်ပုန်းကြည့်ဦးမယ် ဆိုပါတော့... မင်း ပုန်းချင်လည်း ကြာကြာပုန်းလို့ မရနိုင်ပါဘူး ဖိုးသီ... ငါကတော့ တစ်ခုပဲ ပြောချင်တယ်... ကိုယ့်မချစ်တဲ့မိန်းမများ လေးနှစ်မပြောနဲ့ ရှစ်နှစ်ပဲ ချစ်ခဲ့ချစ်ခဲ့ လွှတ်ပေးလိုက်စမ်းပါ... ငါ ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ဘူး သည်အကြောင်းက သီဟလွင်ဆီကို နောက်ဆုံးမှ ရောက်လာတာပါ ... ခင်အောင်အေးက တရားသိပ်လွန်လာမှ မင်းကိုဖွင့်ပြောတာ ငါတို့က သိနေတာကြာပြီ... ကောင်းကျော်စွာရဲ့ အပေါင်းအသင်းတွေကြားမှာ သီဟလွင်ဆိုတာ ငတုံးကြီးကို ဖြစ်နေတာပဲ "

နှလုံးသွေးတွေပွက်ပွက်ဆူလာပါလား

ကိုယ့်နှလုံးခုန်သံ ကိုယ်ပြန်ကြားနေရတယ်။

ကြည်ပြာကိုလည်း အံ့ဩမိပါရဲ့။ ဘာလို့များ သည့်မျှ ဟန်ဆောင်ကောင်း နေရသလဲ... ကိစ္စတစ်ခုဆိုတာ ဆေးပတ်ဝန်းကျင်အကုန်သိပြီးမှ ကာယကံရှင် ရောက်လာတတ်ကြတာ သဘာဝပါလား။ နောက်ဆုံးတော့ ဇော်ကိုသည် သီဟလွင်ကို စိတ်မချစွာ အိမ်လိုက်အိပ်မယ်ဆို လိုက်လာရတော့တာပါ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" ဘန့်သွေးရှာရဲ့ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကလေးဟာ တကယ်ဆို ကျေးဥရဲ့ ချွေးအများဆုံးနဲ့ တည်ဆောက်ခဲ့တာပါ… ကျန်တဲ့လူတွေက အလုပ်များကြတော့ စာကြည့်တိုက်ကို ကျေးဥလက်ပဲအပ်ထားကြတယ်လေ…။ စာကြည့်တိုက်ကလေးကို ညနေမှပဲ ဖွင့်ပါတယ်…။ မနက်ပိုင်းတွေတော့ အားလုံး လုပ်ငန်းကိုယ်စီမို့… စာကြည့်တိုက်လေးကို မလာနိုင်သည့်အတူတူ ညနေမှ ဖွင့်ဖို့ အားလုံးဝိုင်းတိုင်ပင်ကြရတယ်…။

ညနေသုံးနာရီမှ ဖွင့်လိုက်ကြတယ်… လူကြီးတွေလည်း လုပ်ငန်းသိမ်းပြီးတဲ့အချိန် ကလေးတွေလည်း ကျောင်းဆင်းတဲ့အချိန် ညနေစောင်းမှ ညထိတော့ စာကြည့်တိုက်ကလေးက စည်ကားလှပါတယ်…။ စာအုပ်တွေ ဖုံဆောင်းဖို့ စာအုပ်တွေ မြို့တက်ဝယ်ဖို့ စာအုပ်ငှားစာရင်းတွေမှတ်ဖို့ စာကြည့်တိုက်ရဲ့ အထွေထွေလုပ်သားက ကျေးဥနှယ်ပါပဲ…။

" ကျေးဥရေ… သည်လ သုတစွယ်စုံရရင် အစ်ကို့ကို ငှားဦးနော် "

" ကိုသန့်ဇော်ပြောတာ သုံးခါရှိပြီ တစ်ခါဆို မှတ်မိတယ် "

" နင်ကလည်း စိတ်ချည်းပဲ ငါက ဖတ်ချင်လွန်းလို့ သတိပေးနေတာပါ"

" ဖတ်ချင်ရအောင် ထွက်မှမထွက်သေးတာပဲ…"

အစ်ကိုသန့်ဇော်လည်း အစ်မရဲ့သူငယ်ချင်း မပြောရဘူး အစ်မလိုပင် ကျေးဥကို ကျောင်းပြန်တက်ပါလား… သင်တန်းတစ်ခုခုတက်ပါလားနှင့် တွေ့တိုင်း ပြောတတ်တာမို့ သူနှင့်သိပ်စကားမပြောချင်ပါဘူး။ မခင်လို့တော့ မဟုတ်ပါဘူး ။ပေမယ့် ဘာမှမကြားချင်ပါဘူးဆို ထပ်တလဲလဲနဲ့ ဒါပဲလာပြောနေတယ်။

" ကျေးဥ မြို့ဘယ်တော့သွားမလဲ "

" မနက်ဖြန်…"

" ဒါဆို အစ်ကိုလည်း စာအုပ်လေးငါးအုပ်ဝယ်ပြီး စာကြည့်တိုက်ကို လှူချင်လို့… ကူညီနော်…"

" ရပါတယ် "

သည်လောက်စကားမပြောချင်လို့ ရှောင်ပြီး စာရင်းတွေမှတ်နေတာတောင် လာပြောနေသေး ပြီးတော့ မပြန်သေးပါပဲ... သတင်းစာတွေ ဂျာနယ်တွေထားသည့် ဖိုင်ကိုပဲ့ကာ စားပွဲမှာ ထိုင်ဖတ်နေပြန်ပါရော။ နောက်တော့ ကျေးဥလည်း သူ့ကြည့်မနေအား။

" ဒကာမကြီး... ငါးရာ့ငါးဆယ်နီပါတ်တော် ပုံပြင်စာအုပ်လေးတွေ ငှားမယ်ဆို "

" ကိုရင်တို့ပါလား... ရတာပေါ့ ကိုရင်ရဲ့... မြန်မြန်တော့ ပြန်နော် ဝတ်တက်အမီပြန်မရောက်ရင် ဘုန်းဘုန်းက တုံးထမ်းခိုင်းနေဦးမယ် စာကျက်တဲ့အချိန်တွေမှာလည်း စာကျက်ဦး... စာအုပ်တွေပဲ ဖတ်မနေနဲ့ဦး ဘုန်းဘုန်း ဆူနေဦးမယ်..."

မြောက်ကျောင်းက ကိုရင်တွေနှင့်ကလည်း ကျေးဥနှင့် အဖွဲ့ကျတယ်လေ။ တစ်ညနေလုံး အချိန်တွေကိုတော့ ကျေးဥက စာကြည့်တိုက်မှာပဲ နေလိုက်တာပါ... ရှစ်နာရီထိုးရင်တော့ ပြန်မယ် ထမင်းလည်းဆာပြီ မဟုတ်လား။ စာကြည့်တိုက် လေးကို တတ်နိုင်သရွေ့ သန့်ရှင်းရေးလုပ်ပြီး ပြန်ဖို့ပြင်တဲ့အခါမှာတော့ ခုထိစာအုပ်ဖတ်နေဆဲ...။

" အစ်ကိုသန့်ဇော်... ဖတ်ချင်တာ ငှားသွားပါလား ဘယ့်နှယ် ခုထိ ဖတ်နေတုန်းလဲ ကျေးဥ ပြန်တော့မှာ..."

" ကျေးစုကို လိုက်ပို့မလို့ စောင့်နေတာ "

" လိုက်ပို့မလို့.. ကြံကြံဖန်ဖန်... ဒါ ကျွန်တော့်ရွာပါ အစ်ကိုသန့်ဇော်သာ တမာကုန်းပြန်ရမှာကို... စက်ဘီးပါသလား..."

စာကြည့်တိုက်ကလေးကိုပိတ်ပြီး အိမ်ဘက်လမ်းလျှောက်လာတော့ ဘေးမှနေ စက်ဘီးကိုတွန်းပြီး လိုက်လာပါတယ်။

" ဆရာကြီးကပြောတယ် မဝေမာခွင့်ရရင် ကျေးဥကို လုပ်အားပေး ခေါ်ထားတယ်ဆို "

" ဟုတ်တယ် "

" ဆရာကြီးပြောလို့ အစ်ကိုက ကြိုတင်ပျော်နှင့်နေပြီ "

" ပျော်တယ် "

www.burmeseclassic.com

www.burmeseclassic.com

" အင်းလေ... ကျေးဥကို အစ်ကို ပြောစရာရှိတယ် "

ဘုရားရေ... ပြောစရာတဲ့...။ လူပျိုတစ်ယောက်က ပြောစရာဆိုတာ ဘာဖြစ်နိုင်သလဲ... ချစ်တယ်ဆိုတဲ့ စကားဆိုရင်တော့ ကျေးဥ လုံးဝ ကြားချင်တာမဟုတ်...။ ကိုသန့်ဇော်ဆိုတာ အစ်မရဲ့သူငယ်ချင်း အစ်မလည်း အပျိုပဲဟာ... သူတို့နှစ်ယောက်ပဲ လိုက်ဖက်ညီပါလျက်...။

" ကျေးဥကို အစ်ကိုချစ်တယ်..."

ချစ်တယ်

ချစ်တယ်တဲ့... ယုံကြည်စရာကောင်းသော စကားတစ်ခွန်းလား...။

ကျေးဥအတွက်တော့ ချစ်တယ်ဆိုတဲ့စကားဟာ အချိန်ကာလတစ်ခုမှာ ပြောင်းရွှေ့ ရွှေ့လျားသွားနိုင်သော ခံစားချက်တစ်ခုပါပဲ။

" ကိုသန့်ဇော်ကို အစ်ကိုလို ဖြစ်နေလို့ သည်းခံလိုက်တာ... ရှင့်ကိုမချစ်ဘူး အဲလိုပဲ ဘယ်သူ့ကိုမှ မချစ်ဘူး "

အနားမှ ပြေးထွက်လာခဲ့တယ်။ ခြံဝင်းထဲကို ပြေးဝင်လာတဲ့ ကျေးဥကို ဘကြီးညိုတို့မွေးထားတဲ့ ရန်ဝန်းကတောင်မှ ရူးရူးဝါးဝါး ထိုးဟောင်လိုက်သေးတော့တာပါလား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" အမေ... ကျေးဥကို အရမ်း အလိုမလိုက်ပါနဲ့လား ... ကျောင်းမတက်တော့ဘူးဆိုထားပါ.. အလုပ်လည်းမလုပ်ချင်တော့ဘူးဆို ထား ခုလို ရွာထဲ ဟိုနေရာလည်းသူပါ သည်နေရာလည်းသူပါနဲ့ ... မိန်းကလေး တစ်ယောက်ဖြစ်ပြီး အိန္ဒြေမရှိတော့ဘူး.. သည်တော့ သန့်ဇော်က ခုလိုမျိုး မိသားဖသားပီပီလာတောင်းချင်တယ်ဆိုတုန်း လက်ခံလိုက်ပါလား "

ကျေးဥအိပ်နေတယ်မှတ်ပြီး အစ်မက အစ်မေ့ကို ပြောနေတာပါလား...။ ကိုသန့်ဇော် ကိုသန့်ဇော် အတော်တော့ ခြေသွက်သားလား။ ကျေးဥကိုတင် ချစ်တယ်လို့ ဖွင့်ပြောတာ မဟုတ်ပါပဲ အစ်မနှင့်အမေ့ကိုတောင် လာတောင်းချင် ကြောင်း ပြောပုံပါပဲ။

" လှမွန်... တကယ်ဆို မောင်သန့်ဇော်နဲ့ လိုက်ဖက်သူက သမီးပါ ကျေးဥ မဟုတ်ဘူး "

ဒါမှ ငါ့အမေကွ

တွေ့လား... အခြေအနေအရပ်ရပ်ကို သိနိုင်စွမ်းအား အပြည့်ပါလား။

" အမေကလည်း..."

" ဟုတ်တယ်... ကျေးဥကို ပျော်သလိုနေပါစေလား သမီးရယ် ရွာထဲဟိုသွားသည်သွားဆိုပေမယ့် သူ့အလဟဿအလုပ်မလုပ်ပါဘူး ... သူများ တွေကို လိုက်ကူညီနေတာပါ... သမီးတောင် သူ့လောက် အလုပ်လုပ်နိုင်လား မနက်ငါးနာရီထပြီး အိမ်ရှေ့ကလမ်းကို ဘုန်းကြီးကျောင်းထိ တံမြက်လှည်းတယ် ဘုန်းကြီးကျောင်းက ရေအိုးတွေသွားဖြည့်တယ် မြက်ရှင်းတယ် အင်္ဂတေအခင်းတွေ ကြမ်းတိုက်တယ် သမီး သူ့လို အလုပ်တွေ လုပ်နိုင်လား "

" ဒါကတော့ သမီးမှာက တာဝန်ရှိတာကိုး သူက အားနေတာ..."

" သည်လိုအလုပ်တွေကို အားတိုင်း မလုပ်နိုင်ကြပါဘူးကွယ်

www.burmeseclassic.com

www.burmeseclassic.com

အသိစိတ်ရှိမှပါ... အမေကတော့ ကျေးဥ ခုလိုနေတာ ကြိုက်တယ် သူ့အိမ်ထောင်ရေးလည်း သူ့ဘာသာရွေးပါစေ... သူ့မှာအသိရှိပါတယ်..."

အမေ

အမေ။ ကျေးဇူးတင်ပါဘိတော့။

ကျေးဥအပေါ် သည်မျှ နားလည်ပေးသောအမေ။

အမေ့ကို ကျေးဥသိပ်ချစ်ပါတယ်။ ဒါပေမယ့် ကျေးဥဘဝမှာ အမေ့ထက်ချစ်ရမယ့်သူ ရှာခဲ့မိလို့...။

အို... တော်ပါပြီ သည်အကြောင်းတွေက မစဉ်းစားလေကောင်းလေပါပဲ။

" အဒေါ် အဒေါ် "

" ဟဲ့ ... မင်းညိုလား... ဝင်ခဲ့လေ... ဘာလို့ အော်နေတာလဲ "

" ကျေးဥက သည်နေ့ မြို့သွားမယ်ဆိုလို့ အဒေါ်ရဲ့ "

" ဟုတ်ရဲ့လား ငါ့လည်း ဘာမှ မပြောပါလား... သည်ကောင်မလေး အိပ်နေတုန်း မင်းညို... နေဦး နေဦး ငါနှိုးပေးမယ် "

အမေလာနှိုးတော့မည့်တူတူ နိုးလည်းနိုးနေပြီမို့...

" ကျေးဥနိုးပါပြီအမေ... မင်းညိုရေ ခဏစောင့် မျက်နှာသစ်ဦးမယ်... ငါကသည်နေ့စက်ဘီးနဲ့ပို့ရမှာ နင့်ကိုတင်နင်းရမှာဆိုတော့ လက်ဖက်ရည်တိုက်ရမယ်"

" တိုက်ပါမယ်ဟာ... ရည်ရည့်ဆီကစာရောက်နေပြီထင်တယ် "

" ဩော်... ရည်းစားဆီက စာသွားယူမှာမို့ သိပ်တက်ကြွနေတာကိုး ဒါဆိုရင်တော့ လက်ဖက်ရည်တစ်ခွက်နဲ့ မရတော့ဘူးနော်..."

" အေးပါဟာ..."

" မင်းညို... ကျေးဥကိုစောင့်ရင်း ဆီထမင်းစားပါလားသား... အဒေါ် မနက်က ဆီထမင်းစားချင်တာနဲ့ ငါးရံ့ခြောက်လေးလည်း ရှိတုန်းလေ..."

" အိမ်ကိုအဒေါ်ပို့ထားတဲ့အထဲက စားခဲ့ပါပြီ..."

မျက်နှာသစ်ရင်း ရေချိုးလိုက်တယ်။

ပြီးတော့ အင်္ကျီလဲရင်း... အဖေ့ဖို့ အမေဝယ်ခဲ့သော ပုဆိုးလေးတွေမှာ အခုတော့ ကျေးဥရဲ့လုံချည်ဘဝရောက်သွားတာ သတိရမိပါတယ် အဖေဝတ်ဖို့ အမေက ပုဆိုးလေးတွေ ဝယ်စုဆဲ အဖေကတော့ ကုန်သည်ပီပီ ခရီးသွားရောက ဘားမှောက်ပြီး ပြန်ရောက်မလာတော့ပါဘူး။

www.burmeseclassic.com

အဖေ့အတွက်ဝယ်ပြီး သိမ်းထားခဲ့တဲ့ပုဆိုးတွေအားလုံးကို ကျေးဥလုံချည်ချုပ်ပြီး အပေါ်က ရှပ်အင်္ကျီဖားဖားကြီးတွေနှင့် ဝတ်ပစ်လိုက်တယ်လေ။

" ဘာရုပ်ပေါက်နေမှန်းမသိဘူး..."

အစ်မက လှမ်းကြည့်ပြီး တီးတိုးပြောလိုက်တာ ကြားသား မသိချင်ယောင်ဆောင်နေရုံပေါ့။

ကျေးဥ အမြတ်နိုးဆုံးဆံပင်တွေကတော့ တင်ပါးပေါ်ရောက်နေပြီဆိုပေမယ့် ခွေထုံးပြီးတော့ ကက်ဦးထုပ်ဆောင်းထားလိုက်တယ်လေ...။

" သွားစို့ မင်းညို..."

" ဟဲ့ ကျေးဥ ဆီထမင်းစားသွားဦး "

" အမေ တစ်လုပ်ခွံ့ တစ်လုပ်ခွံ့... မြို့ရောက်မှ... မင်းညိုကို ညှဉ်းမယ် အမေရဲ့..."

အမေတစ်လုပ်ခွံ့သောဆီထမင်းမှာ ငါးခြောက်တွေရော အုန်းသီးတွေရော ပဲပြုတ်တွေရောအများကြီးမို့ ပလုပ်ပလောင်း ဝါးနေရတော့တယ်။

စက်ဘီးကိုနင်းလိုက်တော့ မင်းညိုက နောက်မှ ခုန်တက်တယ်လေ တစ်ဝမ်းကွဲသာဆိုတယ် မင်းညိုနှင့် ကျေးဥက ပိုချစ်ခင်ပြီး အစ်မကတော့ အကြီးဆိုတဲ့ ပုံစံနဲ့ ခပ်စိမ်းစိမ်းနေတတ်ပါတယ်။

" ကျေးဥ "

" ဘာလဲ "

" နင့်သတင်း မွှေးလှချည်လား "

" ငါ့သတင်း... ဘာသတင်းလဲ "

" အစ်ကိုသန့်ဇော်နဲ့ သတင်းလေ..."

" ဟာ... အမိပ္ပါယ်မရှိ..."

" အဘနဲ့အမေပြောနေတာ ငါကြားလို့ပါ အဘကတောင် ခုလိုမျိုး ကိုယ့်ကို လိုလိုလားလား တင့်တင့်တယ်တယ် လာတောင်းမယ်ဆိုတာ လက်ခံသင့်တယ်တဲ့ အမေကတော့ အဒေါ်နဲ့တစ်လေတည်း နင်စိတ်ချမ်းသာဖို့ အဓိကတဲ့ ဘယ်လိုလဲ နင်ကရော ကိုသန့်ဇော်ကို သဘောမကျဘူးလား "

" မကျဘူး "

" ပြတ်လှချည်လား "

www.burmeseclassic.com

www.burmeseclassic.com


" ခပ်ပြတ်ပြတ်ပဲ... ကိုသန့်ဇော်ကို အစ်မသူငယ်ချင်းမို့ အစ်ကိုတစ်ယောက်လိုပဲ ခံစားလို့ရတယ်... လုံးဝ မကြိုက်ဘူးပဲ..."

မင်းညိုကတော့ ကျေးဥဆိုတာ ဘူးဆိုဖရုံမသီးတာ သိနေလို့ ထင်ပါရဲ့ ဘာမှ ဆက်မမေးတော့ပါဘူး။ မင်းညိုရဲ့သူငယ်ချင်း အောင်သိန်းဆီမှာ စာဝင်ယူတယ် စာတွေကလည်း များလှချည်လား။ နင့်ရည်းစားကလည်း စာရေးရေး နိုင်လွန်းတယ် ဘယ်နှစ်စောင်တောင်လဲ ဆိုတော့။

" သုံးစောင်တည်းပါ ကျေးဥရာ ရည်ရည့်ဆီကနှစ်စောင်... ဖိုးသီဆီက တစ်စောင် "

" ဖိုးသီ ဖိုးသီဆိုတာ နင့်သူငယ်ချင်း မဟုတ်လား..."

" အင်းလေ ရန်ကုန်မှာ ကျူရှင်သွားတက်တုန်းက ခင်ခဲ့တာပါ ... ဘာစားမှာလဲ ကျေးဥ..."

" လက်ဖက်ရည်တင်မရဘူး နန်းကြီးသုတ်ပါကျွေး "

ချစ်သူဆီက စာလေးကို မဖတ်ချင်ရှာပါဘူး...။ လက်ဖက်ရည်ဆိုင် ရောက်တာနှင့် ဖောက်ဖတ်ပါတယ် ။

ချစ်သူ... ချစ်သူဆိုတာ ဘယ်လောက် သစ္စာရှိမှာလဲ

ချစ်သူဆိုတာ... အသစ်မတွေ့ခင်မှာတော့ ချစ်လှချည်ရဲ့ ဖြစ်နေတာ ချစ်သူမဟုတ်လား တော်ပြီကွာ တော်ပါပြီ။ စိတ်ပျက် စိတ်ကုန်စရာ အကောင်းဆုံးအရာက ချစ်သူပါပဲ။

နန်းကြီးသုတ်တစ်ပွဲနဲ့ လက်ဖက်ရည်တစ်ခွက်ကမှ ဗိုက်ဝဦးမယ် ... ချစ်သူဆိုတာတော့ သောက ဒေါသတွေကိုပဲ ပေးနိုင်တဲ့အရာပါ...။

မင်းညိုကတော့ စာဖတ်ရင်း မျက်နှာကြီးက ပြုံးလို့ မုန်းစရာ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျော်စွာရဲ့ အပေါင်းအသင်းတွေကြားမှာ သီဟလွင်ဆိုတာ ငတုံးကြီးကိုဖြစ်နေတာပဲ ဆိုတဲ့စကား... နှလုံးသားကိုပင် ပွက်ပွက်ဆူစေပါတယ်။ ကားကို ဂရုတစိုက်မောင်းလာရင်း ဇော်ကိုမေးတာကို ရုတ်တရက် မကြားမိ

"မင်း ဘာမေးလိုက်တယ်"

"အဲလောက် စိတ်နဲ့ကိုယ်မကပ်ရင် ကားငါမောင်းမယ်လို့ ပြောမလို့..."

"ငါကားကို ဂရုစိုက်မောင်းနေတာပါ... ဒါပေမယ့် အတွေးတစ်ခုရှိတယ် ကြည်ပြာ့ကို ငါဘယ်လိုဆက်ဆံသင့်သလဲ... ပြောင် ဖွင့်မေးသင့်သလား ... မသိချင်ယောင်ဆောင်ပြီး အခုအတိုင်း နေသင့်သလား... ငါ့ကို ပြောပါ"

"ငါ့စိတ်အရဆို မီးစင်ကြည့်ကမှာပါ"

"ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ဇော်ကိုရာ..."

"ဟ အလိုက်အထိုက်ကြည့်နေလိုက် အခု မင်းကျူရှင်မတက်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ကောက်နေတာကို အန်တီလေးကို ပြောလိုက်ပြီ အန်တီလေးက တက်ချင်တက်ပြောတယ်ဆိုတဲ့ပုံနဲ့ ပြန်ခေါ်ကြည့်... သူဘယ်လို ဆက်ဆံမလဲ... မင်းကို ဖြတ်ပြီး ကောင်းကျော်စွာဘက်ပါပြီဆိုရင်တော့ မင်းမှာ အပြစ်တွေ တစ်ခုပြီးတစ်ခု ရောက်လာလိမ့်မယ် ဒါကြောင့် အခြေအနေကြည့်နေပါ... ခုချိန်မှာ အပေါင်းအသင်းတော်တော်များများသိနေတာ မင်းကိုထားပြီး ကောင်းကျော်စွာနောက် ကြည်ပြာပါနေပြီ မင်းအပြစ်မရှိဘူး ကြည်ပြာ့အပြစ်..."

ဇော်ကိုပြောတာတွေ ဘယ်လိုပဲ မှန်ပါတယ်ဆိုဆို ... ရင်ထဲပူလောင်နေတာက ခက်ပါတယ်။ ကားရပ်ခဲ့ပြီး အတန်းရှိရာ ဇော်ကိုနှင့် လျှောက်လာခဲ့ကြတယ်လေ...။ ကြည်ပြာ့ကို ဖုန်းမဆက်မိသလို သူကလည်း မဆက်ဘူး။ အတန်းထဲဝင်လိုက်တော့ သုံးခုံမြောက်လောက်မှာ ကြည်ပြာ့ကို ကေသီနှင့်ထိုင်နေတာ တွေ့ရတယ်လေ။ ကောင်းကျော်စွာလည်း တစ်ဘက်ဘေးမှာ ရှိနေတာပါလား။

"ကြည်ပြာ... အတန်းပြီးရင် ထမင်းအတူစားရင်း စကားပြောရအောင်...

www.burmeseclassic.com

အန်တီလေးကို ကိုလွှင်ပြောလိုက်ပြီ စောင့်နေနော်..."

ကောင်းကျော်ရွာရှေ့မှာပဲ သည်လိုပြောလိုက်တယ်။ နောက်ဘက်ဆီကို လှျောက်လာပြီး ထိုင်လိုက်တော့ ဇော်ကိုက ကောင်းတယ် မင်းသည်လိုပဲ နေကြည့်ပါ... သူ့ဘာသာ အခြေအနေအရ လှုပ်ရှားလိမ့်မယ် မင်းလည်း အဖြေရလာမှာပါတဲ့လေ။

ခင်အောင်အေးနဲ့ နေလင်းဝင်လာလို့ ဇော်ကိုက လက်လှမ်းပြတယ်။

" မင်း သယံန်းကျွန်းကိုလာကြည့်သေးလား "

" လာတယ် "

" တွေ့လား "

" တွေ့တယ်"

ဇော်ကိုက ခင်အောင်အေးတို့ကို မနေ့ကညနေကအကြောင်းနဲ့ ခုမနက်တိုင်ပင်ထားတာကို တီးတိုးပြောပြနေတယ်။ သီဟကတော့ ဟိုးအောက်အနိမ့်မှာရှိနေတဲ့ ကြည်ပြာ့ဆီကိုပဲ လှမ်းကြည့်မိနေတာပေါ့။ အဖြေရလာမတဲ့။ ဘယ်လိုအဖြေလဲ ဝေးကွာခြင်းအဖြေလား။ တွေးရုံနဲ့ရင်မှာ နာကျင်လာသလိုပါပဲ...။

" သူတို့က သီဟရှေ့မှာတစ်မျိုး နောက်မှာတစ်မျိုး နေသလား ခင်အောင်အေး... မင်းက အနီးကပ်မြင်နိုင်တာ ပြောစမ်းပါဦး "

" ငါ့ကိုတော့ ဇော်ကို တရားခံရှာနေပြီ နေလင်း..."

" မင်းက အရင်းနှီးဆုံးသူငယ်ချင်းလေ... မင်းမှမပြောရင် ငါတို့ဘယ်လို သိမလဲ ဖိုးသီရှေ့ကျ ဟုတ်မလိုလိုနဲ့ နောက်မှာ ဖြစ်ချင်တိုင်းဖြစ်နေရင်တော့ ရှင်းတန်တာ ရှင်းရမှာ..."

ခင်အောင်အေးက သီဟမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်တယ်။

ငါမပြောချင်ဘူးသီဟတဲ့။ ပြောပါ...။ မသိတာက ပိုဆိုးပါတယ်လို့ ပြောလိုက်တယ်။ အဲသည်တော့မှ...။

" သူတို့ ကြိုက်နေကြပြီထင်တယ်... တစ်ခါတလေ ကြည်ပြာ့ပခုံးကို ကျော်စွာဖက်ထားတာမျိုး တွေ့ရတတ်တယ်... ငါ့ရှေ့တော့ နည်းနည်းဆင်ခြင်တယ် ပါက မင်းသူငယ်ချင်းမှန်း သူတို့ သိကြတယ်လေ..."

သည်လောက်ဆို သဘောပေါက်လွယ်ပါပြီ

www.burmeseclassic.com

 www.burmeseclassic.com 

ဒါပေမယ့် ရင်မှာ ထိခိုက်ခံစားနေရတာတွေက အမျိုးမျိုးပါပဲ ဟုတ်လား ကြည်ပြာလို့ ဖွင့်မေးလိုက်ရင် ဟုတ်တယ် နင့်ကိုပဲငါ ဖြတ်မယ်... ကျော်စွာကိုပဲ ချစ်တယ်ဆို သွားရော...။ အတိအလင်း ဖြတ်သွားရင် သူခံစားနိုင်မည် မထင်။

" မင်းဘက်က အပြစ်မရှိအောင် နေကြည့်... ဒါမှ သူက မနေနိုင်ပဲ ပြတ်ပြတ်သားသားပြောလာရင် ပြီးတာပဲ..."

" သည်လိုနဲ့ ငါတို့ဝေးသွားကြမှာလား "

" ဟ ဖိုးသီ... သူကမှ မင်းကို မကြိုက်ပါဘူး ကောင်းကျော်စွာကိုပဲ ကြိုက်ပါတယ်ဆိုရင်တော့ လမ်းခွဲရုံပေါ့ "

" ငါတို့လေးနှစ်လုံးချစ်ခဲ့ကြတာ "

" လေးနှစ်... လေးနှစ်များ စကားထဲထည့်ပြောလို့ကွာ... လေးနှစ်မပြောနဲ့ အနှစ်လေးဆယ်ပေါင်းတဲ့ လင်မယားတွေတောင် ကွဲကြကွာကြရှိသေးတာကို မင်းက လေးနှစ်ကို စကားထဲထည့်ပြောနေရသလား "

" ကြည်ပြာက ငါ့အချစ်ဦးပါ တစ်သက်လုံးအတွက်တစ်ယောက် ဆိုသလိုချစ်ခဲ့တာ "

" ဒါက မင်းဘက်က ခံစားချက်လေ... သူ့ဘက်က သည်လို ခံစားပါ့မလား..."

ဝေးပြီလို့တွေးရုံနှင့် ရင်မှာ နာကျင်သွားလိုက်တာ

တစ်ကယ်ပဲလား ကြည်ပြာ။ တို့နှစ်ယောက်ဟာ တကယ့်အချစ်စစ်နဲ့ ချစ်ခဲ့ကြတာ မဟုတ်ဘူးလား...။

" မင်း စကားပြောကြည့်လိုက်ဦးလေ... ဘာသံထွက်လာမလဲလို့ မင်းအလွန်မဖြစ်အောင် ခဏ ထိန်းကြည့်ပေါ့ မရရင်လွှတ်ပေးလိုက်ပါတော့ သူငယ်ချင်းရယ်... ကိုယ့်မှမချစ်ရင် သွားစမ်းပါစေ..."

နေလင်းတို့ပြောတော့ လွယ်တယ်။ ကိုယ့်မှ မချစ်ရင် သွားတဲ့။

နှလုံးသားမှာ သည်အချစ်ကို နိုင်မြဲစေခဲ့တာ နှစ်ကြာခဲ့ပြီ။ ထာဝရအဖော်မွန်လို့ကို ခံစားချစ်ခဲ့ရတာပါ။ သည်တော့လည်း နေလင်းတို့ပြောသလို သွားစမ်းပါစေလို့ ဘယ်သို့ ပြောရက်မှာတဲ့လဲ...။

ငါတို့ ကဲန်တင်းမှာ ထမင်းစားနှင့်မယ် မင်း အဆင်ပြေအောင် ပြောကြည့် လိုက် မရရင်တော့ လွှတ်ပေးလိုက်ပါကွာ... ကိုယ့်မှမချစ်ရင် အတင်းဆွဲမထားပါနဲ့..."

www.burmeseclassic.com

www.burmeseclassic.com


ကြည်ပြာတို့အတန်းထဲကမထွက်ခင် အမီလိုက်လာခဲ့တယ်။ ကြည်ပြာ့လက်ထဲမှာ ထမင်းချိုင့်ပါနေတယ်လေ။ ကေသီတို့ ခင်စပယ်တို့က သူတို့နှစ်ယောက်ကို မသိမသာ ကြည့်နေသလိုနဲ့...။ ကောင်းကျော်စွာနဲ့ ကျော်မိုးလှိုင်ရဲ့အကြည့်ကို တွေ့ရချိန်မှာတော့ နှလုံးသားမှာ ဝန်တိုခြင်းတွေက ပွက်ပွက်ဆူလာတာမို့။

" ကြည်ပြာ သွားစို့..."

လက်ဆွဲခေါ်လာခဲ့တယ်။ တွန့်ဆုတ် ပေကပ်ကပ်ခြေလှမ်းတွေကို ဟိုးအရင်ကဆို စိတ်ကောက်နေတယ်လို့ပဲ ထင်မှာ အခုအခြေအနေမှာတော့ သီဟလွင်နဲ့ အတူလိုက်ဖို့ ခြေလှမ်းတွန့်နေပြီလား စိတ်ထိခိုက်ရတယ် ကြည်ပြာ။

" ဒါက ဘာဖြစ်နေလဲ "

သီဟလက်ကို အတင်းဖြုတ်ပစ်တယ်။

" စိတ်မကောက်ပါနဲ့ ကြည်ပြာရယ်... ကျုပ်ရှင်တက်ဖို့ အားလုံး ပြောပြီးပါပြီ..."

" ငါ သူငယ်ချင်းတွေနဲ့ ထမင်းအတူစားနေကျ စားပါရစေလား..."

" သူငယ်ချင်းတွေကို ချစ်သူလောက် သံယောဇဉ်မတွယ်ပါနဲ့လား ကြည်ပြာ... ကိုလွင်တို့ အရင်က အတူစားအတူသွား နေခဲ့တာ... ကိုလွင် ထမင်းချိုင့်မယူတော့မှ သူတို့နဲ့ကြည်ပြာစားတာပါ... ကိုလွင်က အခု ကြည်ပြာနဲ့ပဲ စားချင်တယ်... နောက်ရက်ကစပြီး ထမင်းချိုင့်ယူခဲ့မယ် ကြည်ပြာနဲ့အတူ စားမယ်"

" ဒါဆိုလည်း နောက်ရက် ထမင်းချိုင့်ယူလာမှပြော ကဲန်တင်းမှာ လိုက်မစားချင်ဘူး..."

သည်လောက်ပြောနေတဲ့ကြားက လှည့်ထွက်သွားပြီ။ ကြည်ပြာ့စိတ်က ကောင်းကျော်စွာတို့နှင့်မှ ထမင်းအတူမစားရရင် မနေနိုင်တော့ဘူးလား။ ကြည်ပြာ့ကျောပြင်ကိုလှမ်းကြည့်ရင်း ရင်မှာ နာကျင်ကြေကွဲရခြင်းတွေ ကြည်ပြာ မသိနိုင်ပါလား။

သည်လိုပုံစံနှင့် တဖြည်းဖြည်းဝေးသွားကြမှာလား ... ဟိုးအမြင့်ကိုသာ မျှော်ကြည့်တတ်သော ကြည်ပြာတဲ့ သူငယ်ချင်းတွေပြောကြသလို သီဟလွင်ဆိုတာ မလယ်အလတ်ဆိုတဲ့ အခြေအနေတစ်ခုမှာပဲ အရာရာရှိနေတာပါလေ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကလေးမှာ မနက်ပိုင်း လုပ်အားပေးနေရပြန်ပါတယ် စာသင်ရတာကိုတော့ ဝါသနာပါသည်မို့ ဆရာကြီးက လုပ်အားပေးလာဖို့ခေါ်ရင် မငြင်းမိပါဘူး။ ဒါပေမယ့် ကျောင်းပြန်တက် ဆရာမပြန်လုပ်ဆိုရင်တော့ မလုပ်ချင်ပါဘူးလေ...။ ကျောင်းလွှတ်ရင် အိမ်မပြန်ပဲ စာကြည့်တိုက်ကို ဆက်သွား လိုက်မယ်လို့ အမေ့ကို တစ်ခါတည်း မှာထားခဲ့ပါပြီ။

" ကျေးဥရေ မမမြိုင်တို့နဲ့ ထမင်းလာစား "

" မစားတော့ဘူးမမမြိုင် အိမ်က စားလာလို့ပါ..."

ထမင်းစားချိန်လွှတ်တော့ အခန်းထဲမှာထိုင်ရင်း စာဖတ်နေလိုက်ပါတယ်။

" ကျေးဥ... အစ်ကို ထမင်းနဲ့ဟင်းတွေ ပို့ထည့်လာတယ် အတူစားရ အောင်လေ "

" မစားတော့ဘူး အစ်ကိုသန့်ဇော် စားခဲ့ပြီ "

" နည်းနည်းဖြစ်ဖြစ် စားပါဟာ ထည့်လာရတဲ့လူ စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့ "

" ဘယ်သူက အစ်ကိုသန့်ဇော်ကို ထမင်းပို့ထည့်လာပါလို့ မှာသလဲ"

" ကျေးဥကလည်းလေ "

" ကြုံတုန်း အစ်ကိုသန့်ဇော်ကို တစ်ခုသတိပေးလိုက်မယ်... အစ်ကိုသန့်ဇော်ကို အစ်မသူငယ်ချင်းမို့ အစ်ကိုတစ်ယောက်လိုခင်တာ အခွင့်ကောင်းယူပြီး ကျေးဥကို လာတောင်းမယ် ဘာညာ စကားမဖြစ်နဲ့ပါ မောင်နှမစိတ်ပဲရှိတယ်... တရားသိပ်လွန်လာရင် ကျေးဥ သည်းမခံဘူးနော်..."

ခုလိုပြောတော့လည်း မျက်နှာလေး အပျက်ပျက်နဲ့။

တကယ်ဆိုကျေးဥကိုဖွင့်ပြော ကျေးဥလက်ခံမှ တောင်းမယ်ပြီမယ်ပြောပေါ့။ အခုတော့ ကျေးဥကဖြင့် လက်မခံသေးဘူး လာတောင်းမယ်လေး ဘာလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြည်လို့ကိုမရဘူး သူ့ကျောင်းမှာလည်း ဘယ်လောက်တောင်ပြောထားမလဲ မသိ။ ကျောင်းဆင်းတော့ အမြန်ဆုံး စာကြည့်တိုက်ဆီ ထွက်လာခဲ့တယ်။

" မင်းညိုပါလား... ဘာလဲ ဘာကိစ္စလဲ "

" သည်လထုတ် မဂ္ဂဇင်းတွေပါ... စာကြည့်တိုက်ကို ငါလှူမလို့ "

" ကောင်းတာပေါ့ လာလေ သွားကြစို့ "

မောင်နှမနှစ်ယောက် စာကြည့်တိုက်ကလေးဆီ လျှောက်လာခဲ့ကြတယ် ဗိုက်နည်းနည်းဆာသလိုမို့။

" မင်းညို ဒေါ်ခက်ကြီးအကြော်တဲမှာ ငါ့ဖို့ အကြော်စုံဝယ်ခဲ့ပေးဟာ ငါ မနက်ကျောင်းမရောက်ခင်တည်းက စားခဲ့တဲ့ ထမင်းက ကုန်နေပြီ "

မင်းညိုက အကြော်ဆိုင်ရှိတဲ့လမ်းဘက် ကွေ့ဝင်သွားပြီမို့ ကျေးဥ တစ်ယောက်တည်း လျှောက်လာခဲ့ပါတယ်။ အရှေ့မှာ လျှောက်လာသူကို မြင်ရတော့ စကားလှမ်းအော်ပြောမိပြန်ပေါ့။

" ဟဲ့... သန်းသန်းချို... ဒါ နောက်တစ်ဗိုက်ပေါ့လေ နင့်မလည်း ဒါဆို သုံးယောက်ရှိပြီ တော်ဖို့ကောင်းနေပြီ..."

" ဘယ့်နှယ် ဒေါ်ကျေးဥအပျိုကြီးရယ်... သားသမီးဆိုတာ ရတနာလေဟဲ့ မွေးပါရစေဦး..."

" ကိုအောင်ခိုင်ကြီး စီးပွားကောင်းနေတော့လည်း မွေးပေါ့ဟာ..."

" နင်ရေ... ငါ့ကို အမြန်လိုက်လို့ မိပါဦးမလား ဆရာကိုသန့်ဇော်က..."

အမယ် ဆရာကိုသန့်ဇော်တဲ့

တွေ့လား... သတင်းသည်မှူ အပြန့်မြန်ရအောင် ဘယ်လောက် လိုက်ဖြန့်ထားသည်မသိ...။

" သန်းသန်းချိုရေ... ကျေးဥနှယ်ယူမယ့်လူက နင့်ဗိုက်ထဲက အခုမွေးမယ့်ဟာဟဲ့ ကိုသန့်ဇော်မဟုတ်ဘူး... ကိုသန့်ဇော်ကို ငါက လုံးဝ စိတ်မဝင်စားဘူး သိပ်ထင်မနေနဲ့ "

ခုလိုပြောတာတောင် သန်းသန်းချိုက ရယ်ပြီးတော့ ကြည့်ရသေးတာပေါ့ ချွဲးမရယ်တဲ့...။ အတော်စိတ်ပျက်စရာကောင်းပါတယ်။ စာကြည့်တိုက်လေးကိုမျှော်ကြီး တံမြက်စည်းအရင်လှည်းနေတုန်း မင်းညိုသာရောက်လာပါတယ်။

" နင် ရေနွေးကြမ်းကြိုက်လို့ ရေနွေးတစ်ကရားယူခဲ့တယ် "

www.burmeseclassic.com

" ငါ့မောင်လေး သိပ်လိမ်မာတာပဲ "

မောင်နှမနှစ်ယောက် အကြော်စား ရေနွေးသောက်ရင်း စကားထိုင်ပြော နေမိကြတယ်။

" အဘကို ကိုအောင်ခိုင်တို့ရဲ့ မြို့စွန်ကခြံကို ငါဝယ်ခိုင်းထားတယ် ကျေးဥ "

" ဘာလုပ်မလို့လဲ "

" မွေးမြူရေးလုပ်မလို့... ငါလည်း ကျောင်းပြီးတာ တစ်နှစ်လောက်ရှိပြီ ထိုင်စားဖြစ်နေလို့လေ... မွေးမြူရေး လုပ်ချင်လို့ပါ "

" ကြက်မွေးမလို့လား "

" အင်းပေါ့..."

" လုပ်လေ... ငါလည်းတတ်နိုင်သလောက်ကူညီပါမယ်.. အကြော်က ကောင်းလိုက်တာ... ငါဗိုက်ဆာနေပြီ.. နောက်ဆိုရင်တော့ နေ့ခင်းထမင်းစား လွတ်ချိန်စားဖို့ မုန့်ထည့်ယူမှပါ "

" ထမင်းချိုင့်ထည့်ပေါ့..."

" ထမင်းချိုင့်တော့ မထည့်ချင်ပါဘူး... တော်ကြာ ကိုသန့်ဇော်က အတူလာစားပြီး စေတနာမေတ္တာတွေ ဗရမ္ဗ ဖြစ်နေရင် တစ်ခြားဆရာမတွေ ပြောစရာဖြစ်ပါမယ်ဟာ "

" ကိုသန့်ဇော်ကို နင် တကယ်သဘောမကျဘူးလား "

" မကျပါဘူးဆို ဘယ်နှစ်ခါပြောရမလဲ..."

" နင့်အသက် မငယ်တော့ဘူးနော် ကျေးဥ "

" အံမယ် ငါ့အသက် ခုမှ နှစ်ဆယ့်ခုနှစ်ပါဟယ် ဒါ မငယ်ဘူးလား"

" ငါတို့လောက် မငယ်ဘူး "

" အောင်မယ် နင် ငါ့ထက်လေးနှစ်ပဲ ငယ်တာပါ "

မင်းညိုနှင့်တော့ ပြောမနာဆိုမနာ ရန်ဖြစ်ဖက်လေ...။ အစ်မကမှ အကြီးဆိုတော့ သိပ်မတွဲဖြစ်... ငယ်တည်းက ကစားလည်း မင်းညို ရန်ဖြစ်လည်း မင်းညိုပဲ မဟုတ်လား...။

မောင်နှမအရင်းလိုပဲ ချစ်ကြတယ်လေ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ကြည်ပြာရယ်… ထမင်းချိုင့် မယူခဲ့ရက်တွေ ကြာတာတောင် သည်နေ့ တမင်ထမင်းချိုင့်ယူလာခဲ့တယ်… ကဲန်တင်း လိုက်မစားချင်ဘူးလို့ အကြောင်းပြချက်ရှာတဲ့ လူတစ်ယောက် ဘယ်လိုအကြောင်းပြမလဲ သီဟလွင် ကြည့်ချင်တယ်လေ…။ ဒါကြောင့်မို့ ထမင်းချိုင့်လေးကို ကြည်ပြာမြင်အောင် မြှောက်ပြရင်း…။

" ကြည်ပြာ… ညနေစာကို ကိုလွင် အပြင်မှာကျွေးမယ် သည်နေ့ ဘာနေ့လဲ မှတ်မိတယ်နော်… "

သည်နေ့ သီဟလွင် မွေးနေ့လေ ဘာမှ မမှတ်မိစရာမရှိ။ကြည်ပြာကတော့ ဘာမှမပြောဘဲ ငြိမ်နေခဲ့ပါလျှက် ထမင်းစားချိန်လည်း ရောက်ရော…။

" ဆောရီး ကိုလွင်… ကေသီအန်တီလေး ဆေးရုံတက်တာ အားလုံးစုပြီး သွားကြည့်ကြမလို့ ညနေလည်း မစောင့်နဲ့တော့နော်…. "

" နေပါဦး ကြည်ပြာ သည်နေ့ ကိုလွင့်မွေးနေ့ဆိုတာ သိပါလျှက် "

" သိပါတယ် ဒါပေမယ့် ဟိုဟာက လူတစ်ယောက်ရဲ့ သေရေးရှင်ရေးလေ… မွေးနေ့က နောက်ရက်စားလို့ရပါတယ် "

တကယ်ဆို ကေသီအဒေါ် တကယ်နေမကောင်းဘူးထားပါ နေ့ခင်းလည်း သွားကြည့်ပြီးပြီ ညဘက် သီဟလိုက်ကျွေးသော မွေးနေ့ထမင်းကို စားသင့်တာပေါ့။ အမိပွါယ်တော့ အများကြီးမဲ့လာပြီ။ သူတို့ထွက်သွားကြတော့ ဇော်ကို့ကို ပြောမိပြီ။

" ညနေ သဃ်န်းကျွန်းမှာ သွားစောင့်မယ် တကယ်ပဲ ကေသီ့အဒေါ်ဆီ သွားချင်သွား မသွားရင်တော့ ငါပြတ်ပြတ်ပဲ ဖွင့်မေးသင့်ပြီ ထင်တယ်… "

" အမိကကက မင်းစိတ်ပဲ မင်းခံနိုင်ရည်ရှိဖို့လိုတယ် ငါ့အထင်တော့ ကြည်ပြာကလည်း သည်အချိန်ကို စောင့်နေတာနော်… မင်းဘက်က ဖွင့်လိုက်တာနဲ့ သူက သည်လမ်းကို အသာလေး နင်းလျှောက်သွားမှာ "

" ငါ ဘာလုပ်ရမလဲ ဇော်ကို "

www.burmeseclassic.com

www.burmeseclassic.com


" ခင်အောင်အေးပြောသလိုပြောရမယ်ဆိုရင်တော့ ကိုယ့်မှမချစ်ပဲ နောက်ကွယ်မှာ တခြားလူနဲ့ ချစ်နေတာကြီး ဘာလုပ်မလဲ သွားပါစေ..."

ဇော်ကိုတို့ပြောတာ မှန်မှန်း သိပါတယ်။

အသိက အသိဟာစ်ခြား။

လေးနှစ်လုံးလုံး တစ်သက်တစ်ယောက်လို ချစ်ခဲ့ကြတာ ဝေးပြီဆိုတဲ့ အသိ မချစ်တော့ဘူးဆိုတဲ့ ခံစားချက် ခံစားလို့ကို မရတာ ရင်ထဲပူလောင်နေသလိုပဲ စိတ်မှာ ထိခိုက်ခံစားရတယ်။ မျက်နှာကလည်း ဟန်မဆောင်နိုင်သူပီပီ ပျက်ဆီးပြိုကျလာသလိုပါပဲလား။

" မင်း စိတ်ထိခိုက်မယ်ဆိုတာ ငါတို့နားလည်ပါတယ်... ထာဝရလို့ ရည်ရွယ်ချစ်ခဲ့သူက ခံစားစရာရှိ ပိုပြီးခံစားရမှာပေါ့လေ... ငါတို့ကအေးလူပါ မင်းအတွက် မခံချင်လို့သာ ဖြတ်လိုက်တို့ သွားပါစေတို့ပြောတာ..."

" ငါလေ မယုံနိုင်သလိုပဲ ကြည်ပြာနဲ့ အမြဲအတူရှိနေရာက... ရုတ်တရက် ဝေးကွာသွားတာ မြန်လိုက်တာ မထင်မှတ်စရာပဲ ငါကလည်း ညံ့တာပါ ... ကိုလွင်လာမကြိုနဲ့ ကေသီတို့နဲ့ပြန်မယ် ကိုလွင်ပင်ပန်းတယ်ဆို တကယ် စေတနာများလားလို့... အခုမှ..."

အသည်းမမာနိုင်ဘူး

တွေးရင်ကို မျက်ဝန်းတစ်လျှောက် ပူထူလာသလိုပဲ... ငါယောကျ်ားပဲ အသည်းမာစမ်းပါလို့ အားတင်းတယ် မရဘူး ချစ်ရင်ချစ်တဲ့သူက ထိခိုက် ခံစားရတယ်ဆိုတာ အမှန်ပါလား။

" မင်း ခဏ မသိချင်ယောင်ဆောင်နေပါလား ဖိုးသီရာ... မင်းကိုလည်း ဝမ်းမနည်းစေချင်ဘူး..."

" ငါရှာလိုက်ရတာ မင်းတို့နှစ်ယောက်က သည်ရောက်နေတာကိုး"

ခင်အောင်အေးနဲ့ နေလင်းရောက်လာပြီ

သီဟရုပ်ကိုကြည့်ပြီး သူတို့လည်း ဘာပြောရမှန်း မသိသလို ငြိမ်သက်သွားပါတယ်။ စိတ်မှာ ဟန်ဆောင်နေရတာ ပင်ပန်းလွန်းအားကြီးပါပဲ

" ထားလိုက်စမ်းပါ ဖိုးသီရာ.. ဘာမှလည်းမေးမနေနဲ့ သွားလည်း ပြောမနေနဲ့ မင်းစဉ်းစားကြည့်လေ မင်းကို သံယောဇဉ်ရှိရင် တခေါ်မှာပဲ မရှိလို့သွားတော့လည်း ထားလိုက် မင်းက လိုက်ခေါ်နေရင် ကြောင့်တက်မယ်

www.burmeseclassic.com

 www.burmeseclassic.com 

" သည်လိုလည်းဘယ်ဟုတ်ပါ့မလဲ နေလင်းရာ... မင်းချစ်သူမဟုတ်ဘူး မင်းက သေးက အမြင့် ဖိုးသီက နှလုံးသားနဲ့ ရင်းရတာ..."

ကြည်ပြာတစ်ယောက် ထွက်ခွာဖို့ ခြေလှမ်းပြင်နေပြီဆိုတာ သီဟလည်း မသိမဟုတ် သိပါတယ်။ ဒါပေမယ့် လေးနှစ်လုံးချစ်ခဲ့တဲ့ ထာဝရချစ်သူဆိုတော့ ဆုပ်ကိုင်ထားသောလက်ကို ဖြည်လျှော့ပေးလိုက်ဖို့က ထင်သလောက်မလွယ်ပါဘူး။

" ငါသိပါတယ် ငါကြိုမြင်နေပါပြီ ဒါပေမယ့် ငါမယုံသလိုပဲ ငါမမျှော်လင့်ခဲ့ဘူး... အရမ်းအံ့သြတယ် "

ဘာကြောင့်လဲ...

သီဟလွင်ဆိုတာ အချစ်နဲ့ပတ်သက်ရင် သစ္စာကြီးသူ ဖြစ်ပါလျှက်...

" ထားလိုက်စမ်းပါ ..."

" ငါမထားနိုင်ဘူး "

" မင်း မထားနိုင်တော့ မင်းပဲ ခံစားရမှာပေါ့..."

" ဟုတ်တယ် ငါခံစားရတယ် ငါ့ရင်တွေ ပူလောင်နေပြီ..."

" ခုချိန်... မင်း အော်ဒိုလည်း သူက မသနားတဲ့အပြင် ရယ်စရာ လူတစ်ယောက်အဖြစ်ပဲ မြင်လိမ့်မယ်..."

" ကြည်ပြာဘာဖြစ်သွားသလဲ "

" အမှန်အတိုင်းပြောရရင်တော့ ကြည်ပြာက မင်းထက်သာတာ တွေ့သွားတာပဲလေ။ ကောင်းကျော်စွာဆွေမျိုးတွေက သြစတေးလျ အမေရိကမှာ အများကြီး... ကျောင်းပြီးရင်ဆိုတဲ့ ဟိုးမမြင်နိုင်တဲ့နှစ်ကို ကြည်ပြာအေးက မျှော်ကြည့်ပြီ မင်းမှာဘာရှိလဲ သီဟလွင် မင်း ခဏခဏပြောနေကျစကားလေ... ငါဆရာဝန်ဖြစ်ရင် ဆရာဝန်မရှိတဲ့ ပြည်နယ်ဒေသလေးတွေ သွားမယ်ဆို... ကြည်ပြာအေးအတွက် မင်းစကားတွေက နားဝင်ချိုစရာတစ်ကွက်မရှိတော့ဘူး..."

အရမ်းစိတ်ထိခိုက်ရတယ်။ အမှန်တွေပြောနေပေမယ့် မပြောစေချင်ဘူး သီဟလွင်ကို သည်သို့သောအကြောင်းတွေကြောင့် ထားရစ်ခဲ့သလား။

" မင်း တစ်ပတ်ဆယ်ရက် မခေါ်ပဲနေကြည့် ဂျင်းစိမ်းနဲ့ မိသလင်ပေါ့"

" ငါမနေနိုင်ဘူး "

ညံ့တယ်ဆိုဆို

ပြောချင်ရာပြော။ ရင်ထဲထိခိုက်ကြေကွဲသမျှ မခံစားနိုင်သလိုပါဘဲ။

www.burmeseclassic.com

မြင်သမျှ မြင်ကွင်းတွေ အကျည်းတန်နေတယ်။

သည်ဝန်းကျင်အားလုံးမှာ ကြည်ပြာနှင့် ပျော်ရွှင်စွာရှိခဲ့ဖူးတယ် အခုအနားမှာ ကြည်ပြာမရှိတော့ဘူး...။ ကြည်ပြာကတော့ သူရွေးသောလမ်းမှာ ပျော်ရွှင်နေရှာရပေါ့... သီဟမှာသာ ဘာကိုမှ စိတ်ဖြေစရာ မရသလိုပါပဲ။

" ကြည်ပြာ့ပါးစပ်က နှင့်ကိုပြတ်ပြီသီဟလို့ ပြောမှ မင်းက နေရစ်ချင်တာလား သည်မှာ ဖိုးသီ ငါက အမြဲလို ကောင်းကျော်စွာနဲ့ ကြည်ပြာ့ကို တွေ့နေရတာ သူတို့အပြောအဆို အနေအထိုင်အရ ကြည်ပြာက မင်းဆီမှာ မရှိတော့ဘူး"

" မင်းကစ ပြတ်ပြတ်သားသားမေး... ကောင်းကျော်စွာနဲ့ အနေအထိုင်ဆင်ခြင်ဖို့ ပြောကြည့် ဘာသံထွက်မလဲ နားထောင်..."

" ကောင်းကျော်စွာတော့ မပြတ်ဘူး ရှင့်ပြတ်ပြီ ပြောမှာပေါ့ "

" ပြောပြောလေကွာ... သူပြောတာ နားထောင်ကြည့်ပေါ့ "

သူငယ်ချင်းတွေက တစ်ယောက်တစ်မျိုး အမျိုးမျိုးပြောလည်း နောက်ဆုံးအဖြေကတော့ ဝေးပြီပါပဲ ကြည်ပြာရယ်...

တကယ်တော့ တစ်နေ့မှာ ဝေးသွားနိုင်တယ်ဆိုတဲ့ ကြိုတင်ခံစားထားတာမျိုး ကြိုတင်ပြင်ဆင်ထားတာမျိုးမရှိပါပဲ ရုတ်တရက် ခံစားလိုက်ရလို့ထင်ပါရဲ့ ဘယ်လိုမှကို ဖြေသိမ့်မရသလိုပါလား။

အချစ်ဆိုတာ အပြောင်းလဲကြီး ပြောင်းလဲသွားတတ်သလား။

" အချစ်က အကြိုက်နဲ့ ယှဉ်တွဲနေတတ်တယ် သူကြိုက်တဲ့ အချက်တွေရှိတဲ့သူအပေါ် ပြောင်းလဲသွားတာ မဆန်းပါဘူး သီဟ... မင်း အရမ်းခံစားရရင် ငို... ယောကျ်ားပဲ မငိုဘူးတင်းခံမနေနဲ့ ငိုလိုက် ပြီးရင် ပေါ့သွားရော... တဖြည်းဖြည်းပေါ့ရင်းပေါ့ရင်းက ရင်ထဲမှာကို မရှိတော့ပဲ ပြီးသွားလိမ့်မယ်..."

ခင်အောင်အေးကတော့ သူ့ချစ်သူနဲ့ကွဲခဲ့ဖူးလေတော့ စာနာစွာပြောတာပါလား။

ငိုတဲ့

မျက်ဝန်းအနှံ့ ပူလောင်နေသောခံစားမှုကို မရရအောင် ဖျောက်တော့လည်းချောင်းတလှေျာက် ဆို့နင့်လာသလိုပါပဲလား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" အစ်မသူငယ်ချင်း အစ်မကြည့်ပြောထားနော် ကျေးဥမကြိုက်ဘူး သူက သူဖွင့်ပြောလိုက်ရင် အချိန်မရွေး ပြန်ကြိုက်လိမ့်မယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ဟိုလူ့ပြော သည်လူ့ပြော..."

" သန့်ဇော်က စိတ်ဓာတ်ကောင်းပါတယ် ကျေးဥရယ် "

" စိတ်ဓာတ်ကောင်းတာနဲ့ ချစ်ရရောလား... အချစ်ဆိုတာ သူ့ဘာသာ ရင်မှာဖြစ်တည်လာတာ... လုပ်ယူစရာမလိုပါဘူး သင့်တော်တယ်ဆို ဦးနောက်နဲ့ လည်း ရွေးစရာအကြောင်းမရှိဘူး "

" ဒါကဘယ်လဲ..."

" တံမြက်စည်း လှဲတော့မယ်..."

သည်တစ်လ မိုးပါးသေးတော့ တံမြက်စည်းလှဲရတာကောင်းပါတယ် ရွာလမ်းတွေအကုန်လုံးက မိုရွာရင် ခဏပဲ ရေရှိတယ် ချက်ချင်းဆိုသလို ရေခြောက်သွားပြီး ဖွက်တင်လေ့မရှိဘူး... ရွာတစ်ရွာနဲ့ တစ်ရွာသွားတဲ့ လမ်းတွေမှာတော့ နွံ့စေးတွေနဲ့ ဖွက်တွေရှိတာ။

ရွာထဲလမ်းတွေကတော့ ဖွက်မရှိလို့ တံမြက်စည်းလှဲလို့ ကောင်းပါတယ်။

လမ်းပေါ်မှာ သစ်ရွက်ခြောက်ကြွေတွေလည်းရှိ အမှိုက်တွေလည်းရှိ

ဒါတောင် မနက်တိုင်း သည်လမ်းတစ်လျှောက် ဘုန်းကြီးကျောင်းထိ ကျေးဥ တံမြက်လှည်း အမှိုက်ကျုံးနေကျလေ။ ကိုသန်းမောင်တို့ကိုပြောပြပြီး လမ်းတစ်ခုထိပ်တိုင်း အမှိုက်ခြင်းတွေချထားပြီး အမှိုက်ပစ်ခိုင်းတာတောင် လစ်ရင်လစ်သလို ခိုးပစ်တဲ့လူကရှိသေး။ သစ်ရွက်ကြွေတွေကျတော့ လှည်းရတာပေါ့လေ။

" ကျေးဥ... အမှိုက်လှဲပြီလား "

" အလင်းရောင်လာနေပြီ သည့်ထက်နောက်ကျသွားရင် လမ်းသွား လမ်းလာတွေနဲ့ဆိုတော့ လှဲမကောင်းဘူး..."

www.burmeseclassic.com

အမှိုက်လှည်းနေတုန်း သန်းသန်းချိုက သားအကြီးကောင်လေးနှင့် ထွက်လာတော့ အော်ပြောရတယ်

" မဗိုက်ရေ ဘယ်လဲ "

" အကြော်သွားဝယ်မလို့ ကျေးဥရေ... သိပ်လည်း ကုသိုလ်ကောင်းမှုတွေ လုပ်မနေနဲ့ဦး... နတ်သမီးလေးဖြစ်နေဦးမယ်... "

" ခုဘဝတောင် သည်လောက်လုနေတာ နောက်ဘဝ သည့်ထက် လှချင်လို့ပေါ့ဟဲ့ "

" နင်ကလှပါတယ်ယောင်းမရယ်... လှလွန်းအားကြီးလို့ မလှအောင် နေနေလိုက်တာ မဟုတ်လား... ကျေးဥအလှကို ငါတို့ ဘန့်ဘွေးမှာ တစ်ချိန်က တွေ့ဖူးသမျှ စာသမဆုံးနိုင်အောင်ပါ "

" တော်ပါ... သွားဝယ်မှာ သွားဝယ်ပါတော့ "

တစ်ချိန်ကဆိုတဲ့စကား ပါမလာနဲ့တော့။

နောက်ကြောင်း ပြန်မလှည့်တော့ပါဘူး...။

တံမြက်စည်းလှဲရင်း လှဲရင်း တဖြည်းတဖြည်း အလင်းရောင် ပီပြင်လာပြီလေ...။

" ကျေးဥရေ မြို့သွားမလို့ ဘာမှာမလဲ "

" မဂ္ဂဇင်းတွေထွက်ပြီလားလို့ ဆန်းသစ်စာပေကို မေးခဲ့ပေးပါ... ကျေးဥမှာထားတာတွေရပြီဆို ယူလာပေးနော် အစ်ကိုအောင်မောင်း "

" အေး... အေး "

" ကျေးဥ "

" ဟယ်... မိုးတွေရွာ မုန်တိုင်းကျလာပါဦးမယ်... မင်းညို... အစောကြီးနိုးသလား "

" အကြော်သွားစားရအောင်... "

" နင့်နှယ် ထူးထူးဆန်းဆန်းပါလား "

" လာပါဟာ... အကြော်နဲ့ ရေနွေးပူပူလေး သွားသောက်ရအောင် "

မင်းညိုဆွဲခေါ်လာလို့ တံမြက်စည်းကြီး ကိုင်လိုက်လာရသော ဒေါ်ခက်ကြီးဆီရောက်မှ လက်ဆေးရတာပေါ့။ အကြော်တဲက မနက်ဆိုတော့ စည်စည်ကားကား...။ မင်းညိုနှင့် မောင်နှမနှစ်ယောက် အကြော်စုံတင်ပွဲ ရေနွေးကြမ်း

www.burmeseclassic.com

 www.burmeseclassic.com 

တစ်ကရားနဲ့ စကားထိုင်ပြောနေကြတယ်။

" ဟိုမောင်နှမ မိုးရိပ်တွေနဲ့ တယ်အေးချမ်းနေပါလား "

" သူတို့မောင်နှမက သူ့ဌေးတွေလေ အလုပ်မရှိလည်း စားလို့ရတယ်"

" ဘာအလုပ်မရှိရမှာလဲ အလုပ်လုပ်တော့မှာ... "

မင်းညိုက ခြံကို ခြံစည်းရိုးခတ်ဖို့ ပြီးတော့ ကြက်တဲတွေ ဆောက်ဖို့ တက်တက်ကြွကြွပြောနေလိုက်တာ သူ့စိတ်ဝင်စားမှုကိုတော့ သဘောကျရသား။

" မိုးရွာလာပြီ "

" ရွာပါစေပေါ့... ရှေ့လျှောက် သည်ထက်ရွာလိမ့်ဦးမယ် "

မိုးသံက တဲမိုးပေါ်ကျသံ ပြင်းထန်လာပြီ။

" ဒေါ်ကြီးခက်... ထင်းတွေ ရေစိုနေပြီထင်တယ်... မီးခိုးတွေ အူနေပြီ ပေး ပေး... ကျေးဥ ယပ်ခတ်ပေးမယ် "

ဒေါ်ကြီးခက်အနားထိုင်ပြီး ယပ်ခတ်ပေးနေမိတယ်။ မင်းညိုကတော့ ကျေးဥတို့က နေရာတကာပါရမှ ပျော်ပုံရတယ်တဲ့။ ကျေးဥကတော့ တွေ့သမျှ လူကို တတ်နိုင်သရွေ့ကူညီရင်း ပျော်ပျော်ပဲ နေချင်ပါတော့တယ်။

"ရှေ့လျှောက် မိုးသည်းတော့မှာ... ဒေါ်ကြီးခက် ထင်းတွေရေမစိုအောင် ထားနော်... မီးခိုးအရမ်းအူရင် ဒေါ်ကြီးခက်မျက်လုံးတွေ ဒုက္ခရောက်လိမ့်မယ်"

" ဖြစ်သမျှအကြောင်းအကောင်းပေါ့ ကျေးဥရယ် သည်လိုမှလုပ်မစားရင် ဒေါ်ကြီးလိုလူက ဘာနဲ့သွားစားမလဲ... နင့်သူငယ်ချင်းသာမောင်က ကလေးလေးယောက်နဲ့ ပြန်မှမကြည့်နိုင်တာ..."

ဒေါ်ကြီးခက်သား သာမောင်နှင့်က လေးတန်းထိ ရွာမူလတန်းကျောင်းမှာ အတူတက်ခဲ့ကြတာ လေးတန်းအောင်တော့ ကျေးဥက မြို့အလယ်တန်းကျောင်းကို စက်ဘီးနှင့် ဆက်တက်တာ။ သာမောင်ကထွက်ပြီး ကြုံရာကျပန်းလုပ်စားရင်း ငါးမျက်နှာက နုမနဲ့ ယူလိုက်တာ ကလေးက လေးယောက် ဒေါ်ကြီးခက်ကို ပြန်မကြည့်နိုင်ပါပဲ ငါးမျက်နှာမှာ လိုက်နေတော့တယ်လေ။

" သာမောင်ကိုယ်စားကျေးဥကူပါမယ် ဘေးအဖီလေးလုံအောင် ပြင်ရအောင် ဒါမှ ထင်းတွေခြောက်မှာ... မနက်ဖြန်ကျ မြို့တက်ခနိဝယ်ပြီး မိုးပေးမယ်"

" ကျေးဥရယ်... ကြီးဒေါ် ဘာပြောရမှန်းတောင်မသိဘူး..."

မိုးရွာကြီးထဲပြန်လာခဲ့တော့ မင်းညိုကပြောတယ် သားအရင်းတောင်

www.burmeseclassic.com

လှည့်မကြည့်ဘူး ကျေးဥတို့ကတော့တဲ့လေ...တဲ့။ မျက်စိရှေ့ ဒုက္ခရောက်တာ မြင်မနေချင်ဘူး ကူညီနိုင်သမျှပေါ့...။

" မနက်ဖြန်ကျ ငါလှည်းယူမယ်လို့ ဘကြီးကို ပြောထားဦး မင်းညို"

" အင်းပါ မြို့တက်မယ် ဓနိဝယ်မယ် ဒါပဲမဟုတ်လား "

" ငါ့ကို လိုက်ကူပါဦး မောင်လေးရယ်...နော် "

" အံမယ် ခိုင်းချင်တော့ မောင်လေးတဲ့ ကျွန်တော် ယောက်ဖလိုချင်တယ်"

" ဟင်... ကောင်စုတ်လေး "

လိုက်ရိုက်တော့ ပြေးပါပြီ ဘာရမလဲ မင်းညိုလောက်ကတော့ မလိုက်နိုင် စရာမရှိလို့ ပြေးလိုက်တာပေါ့...။ မောင်နှမနှစ်ယောက် မိုးရွာကြီးထဲ ထီးလည်းမပါ... ရွာလမ်းတစ်လျှောက် အိမ်ဆီကို ပြေးလာခဲ့ကြတယ်လေ။

" ကျေးဥ.. ငါတို့ငယ်ငယ်တုန်းကလည်း ခုလို မိုးရွာကြီးထဲပြေးတာ အရမ်းပျော်တာပဲနော်... နင်တို့ ငါတို့ ဘယ်အရွယ်ထိ ခုလို လွတ်လပ်ပျော်ရွှင်စွာ နေနိုင်မလဲ "

" နင်ရောငါရော အိမ်ထောင်မပြုကြရင် အချိန်အတော်ကြာ ခုလို နေနိုင်ပါတယ်... အိမ်ထောင်ပြုကြည့်ပါလား အိမ်ထောင်သည်တစ်ယောက်ပီပီ အစစ ထိန်းသိမ်းနေရတာတွေရှိလာရော မင်းညို... နင် ဘယ်တော့ လက်ထပ်မလဲ"

" စိတ်မကူးနိုင်သေးပါဘူးဟာ သုံးလေးနှစ်တော့ ငါ့ဘာသာ အလုပ် ကြိုးစားချင်သေးတယ်... နင်ရော..."

" ငါ..."

ကျေးဥ ရယ်ရပြီ။

လွတ်လပ်ပေါ့ပါးစွာ ရယ်နေမိသမျှ...

ကျေးဥ နင်ပျော်ရွှင်နေတာလားလို့ ကိုယ့်ဘာသာ ပြန်မေးကြည့်နေမိတယ်။ ပျော်ရွှင်နိုင်ပြီလား... ပျော်ရွှင်မှုဆိုတာ သူမရှိရင် မရှိတော့ဘူးလို့ ခံစားခဲ့ဖူးသမျှ

မပျော်ရွှင်ဘူးဆိုရင်ရော နေပျော်ပြီလား သူမရှိသောဘဝမှာ နေရမည်ဆို ကျေးဥနှယ် သေလောက်ပါရဲ့ဆို...။

ခုတော့... ကျေးဥနှယ်တစ်ယောက် ရယ်တော့ ရယ်နိုင်နေပြန်ပါရော။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" သားလေး နေမကောင်းဘူးလား ဘာအဆင်မပြေသလဲပြောလေ... အန်တီလေးကို အားနာစရာမရှိဘူးနော် "

" အဆင်ပြေပါတယ် အန်တီလေးရဲ့ "

ရင်ထဲက ပြင်းထန်သော ခံစားချက်တွေက အိမ်မှာတောင် ဟန်မဆောင်နိုင်တော့ဘူးလား။ ဒါကြောင့်မို့ အန်တီလေးကို သည်ရက်ပိုင်းတွေ စာကျက်ချင်လို့ ခင်အောင်အေးနဲ့ သွားနေဦးမယ်လို့ ပြောလိုက်တယ်။ အန်တီလေးက သီဟကို ချစ်ပါတယ်... ဒါပေမယ့် သူလည်း သူ့စီးပွားရေးနဲ့သူ လုံးနေရတာဆိုတော့ သီဟ ကိုယ့်ဘာသာ ထိန်းနေပါလို့ ယုံကြည်စွာ လွတ်လပ်စွာ ထ••ပါတယ်...။

ဒါကြောင့် အဝတ်အစားတွေ ကျောပိုးအိတ်ထဲထည့်ယူလိုက်တယ်။

" သားရေ... စာတစ်စောင်တင်ထားတယ်နော် ဖိုးသီ "

" ဟုတ်ကဲ့ ဟုတ်ကဲ့ "

ယူကြည့်လိုက်တော့ မင်းညိုသာဆီကပါလား။ သူ့အပေါ် ခဏတာတွေခဲ့ပေမယ့် ကြာရှည်ခင်မင် သံယောဇဉ် တွယ်နေရှာသော သူငယ်ချင်းတစ်ယောက်ပါ။

သီဟလွင်ရေ...

သတိရစွာ စာရေးရင်း ဘာလို့ရယ်မသိ သည်ရက်တွေမှာ မင်းကို တွေ့ချင်နေမိတယ် ငါရန်ကုန်လာဖို့ဆိုတာကတော့ မလွယ်တော့ဘူး သူငယ်ချင်းရာ ကွဲ့ရပြီး ထိုင်စားနေရတာအားနာလို့ အဘကို ခြံတစ်ခြံဝယ်ပေးပါဆို မွေးမြူရေးလုပ်ဖို့ပြင်နေပြီလေ သည်တော့ လုပ်ငန်းထဲ ဖောက်ချလုပ်နေရင် ဘယ်လိုလုပ်မြို့တက်လာနိုင်ပါတော့မလဲ... မင်းရော ငါ့ဆီလာလည်ဖို့ နည်းနည်းမှ စိတ်ကူးမရှိဘူးလား... ကျောင်းတစ်လပိတ်ရင် လာခဲ့ပါလား သီဟရယ်... တွေ့ချင်တယ် ငါတို့ရွာမှာတော့ မင်းအတွက် ပျော်ရွှင်စရာမရှိပါဘူး ဒါပေမယ့် ဘေးအိမ်က ငါ့အစ်မ အပျိုကြီး ဒေါ်ဂျမ်းထော် ကျေးဥယျာဉ်ကို လိုချင်ရင်တော့ အချိန်မရွေးပဲ..."

စိတ်အနှောင့်အယှက် ရှုပ်ထွေးနေတဲ့ကြားက မင်းညိုစာဖတ်ရတော့

www.burmeseclassic.com

ကြည်နူးစွာ ပြုံးရပါလား မင်းညိုမှာ အစ်မရှိတယ် မကြားစဖူး... အပျိုကြီး ဒေါ်ဂျမ်းထော် ကျေးဥနွှယ်တဲ့ ကျေးဥနွှယ်... နာမည်ကတော့ မှတ်မိစရာပါ။

ဒါပေမယ့် သီဟလွင်ရင်ထဲမှာ ကြည်ပြာအေးပဲရှိပါတယ် ဒါကြောင့်လည်း သီဟလွင်အသည်းတွေ အက်ကွဲနေပြီလေ...

" မောင်ခင်အောင်အေးအိမ်မှာ ကားထားစရာရှိရင် ကားယူသွား သား"

" မယူတော့ဘူး အန်တီလေး... ခင်အောင်အေးတို့က ပါရမီဘူတာနဲ့ ကပ်နေတာ ရထားတက်စီးရင် အလွယ်လေး ခင်အောင်အေးလည်း ရထားပဲ စီးလာတာ သူတို့ခြံကကျဉ်းတော့ ကားထားရတာ ခက်ပါတယ် ကားပါရင် တာဝန်ကြီးနေတယ် "

ကားပါထားပစ်ခဲ့လိုက်ပြီ

ကြည်ပြာကို အကြိုအပို့လုပ်စရာလည်း မလိုတော့ပါဘူးလေ။ ကြည်ပြာအေးတစ်ယောက်ကလည်း ကောင်းကျော်စွာရဲ့ ကောင်းပေ့ဆိုသော ပရာဒိုကားပေါ်မှာ လိုက်သွားတတ်နေပြီပဲ...။ အဝတ်အစားထည့်တဲ့ ကျောပိုးအိတ်ရယ် ကျောင်းစာအုပ်တွေထည့်တဲ့ ကျောပိုးအိတ်ရယ် နှစ်အိတ်ဆွဲလို့ ထွက်ခဲ့တယ်...။

" အထုပ်အပိုးတွေနဲ့ပါလား ဖိုးသီ ဘာလဲ ကြည်ပြာက တစ်ခါတည်း ခိုးပါလို့ ဆိုသလား "

" မနောက်နဲ့ ဇော်ကို ခုချိန် ငါ့ရင်ထဲ အထိအခိုက်ကို လုံးဝ မခံနိုင်လို့ပါ... ခင်အောင်အေးဆီ သွားနေမလို့... မင်းရော လာနေပါလား "

ခင်အောင်အေးမှာက အစ်မအပျိုကြီးကလည်း အသက်ငါးဆယ် အကြီးဆုံးအစ်မနဲ့ အငယ်ဆုံးမောင် ခင်အောင်အေးကြားမှာ ရှိတဲ့ မောင်နှမလေးယောက် ဆုံးသတဲ့ အကြီးဆုံးအစ်မက အမေအရွယ် အငယ်ဆုံးမောင်က သားအရွယ် သူတို့မောင်နှမသာရှိသော အိမ်ကလေးက ခင်အောင်အေးရဲ့ သူငယ်ချင်းတွေဖြစ်သည့် နေလင်း ဇော်ကို သီဟအတွက် စာမေးပွဲနားနီးလျှင် စာကျက်စရာ ဘူမိနက်သန်လေးပါပဲ။

" လောလောဆယ်တော့ မလာနိုင်သေးဘူး မမဝင်းနဲ့ မမသင်းက အညာပြန်ဦးမယ်... အိမ်မှာက ကိုလေးနဲ့ ငါပဲရှိမှာ ကိုလေးက သိတဲ့အတိုင်း သူ့အလုပ်က နေ့ဆိုင်း ညဆိုင်းနဲ့ ညဆိုင်းနေ့ဆို အိမ်မှာ အဖေနဲ့အမေပဲရှိမယ် အဖေက ရင်ကျပ် အမေက မျက်စိခွဲထားတာ မမြင်... မင်းသိတဲ့အတိုင်းလေ...

www.burmeseclassic.com

www.burmeseclassic.com


ငါဘယ်မှမသွားနိုင်သေးဘူး မမသင်းတို့ပြန်လာမှ လာခဲ့မယ်..."

ဖော်ကို့ဘဝလေးကတော့ အဖေ အမေ အစ်ကို အစ်မတွေနဲ့ သာယာစိုပြေလိုက်တာ။ သီဟအတွက်တော့ သံယောဇဉ်ဆို အန်တီလေးပဲရှိတာ တကယ်တော့ အန်တီလေးနှင့်ကလည်း ထူးဆန်းသော မေတ္တာတရားတွေပါ သီဟရဲ့အဖွားက အန်တီလေးကို နို့တိုက်မွေးစားခဲ့တာ... မေမေနှင့် ညီအစ်မရင်းမဟုတ်ပါပဲ ဖေဖေ မေမေ မရှိချိန် သီဟအပေါ် တူလေးသားလေးလို စောင့်ရှောက်ခဲ့တယ်လေ...။

" နေလင်း ခေါ်ထားပါလား..."

" အင်း... ခေါ်ကြည့်မယ်..."

နေလင်းကတော့ လာနေနိုင်မှာပါ...။

သူ့ဒက်ဒီနှင့် သူ့မိထွေးက နေလင်း အိမ်ပြန်မပြန်တောင် ဂရုစိုက်သည် မဟုတ်၊ နေလင်းကလည်း တစ်လမှာ တစ်ရက်တောင် အိမ်ပြန်တာမဟုတ် မုန့်ဖိုးလိုချင်တာတောင် သူ့အဖေရဲ့ဆိုင်မှာ သွားလက်ဖြန့်တာ... နေလင်းကိုပါ ခင်အောင်အေးအိမ်မှာ ခေါ်ထားမယ်။

" ငါတို့တွေက ကြည်ပြာပြောင်းလဲနေပြီဆိုတာ မရိပ်မိကြတာပါ ငါတို့က သူ့ကို ငါတို့လိုပဲ သစ္စာရှိတယ် ယုံကြည်ခဲ့တာကိုး တကယ်ဆို ထရစ်ပ်ထွက်တုန်းက ငါ့လိုချစ်သူပါတဲ့အဖွဲ့လိုက်ပါလား ငါကသာ မင်းတို့နဲ့သွားတာ... သူက ကောင်းကျော်စွာပါတဲ့ အဖွဲ့မှာ ကေသီတို့နဲ့ လိုက်သွားတာ..."

" မေ့ထားလိုက်စမ်းပါ သီဟရာ "

" ငါမမေ့နိုင်ဘူး "

ညှံ့တယ် ဟုတ်တယ် သီဟလွင်ဆိုတာ ညှံ့ပါတယ်

ဂျင်းစိမ်းနဲ့ မိဿလင်လို့လည်း သဘောမထားနိုင်။

" မမေ့နိုင်သရွေ့ မင်း တနုံ့နုံ့ခံစားနေရမှာပေါ့ အချစ်ဆိုတာ ဘဝရဲ့တစ်စိတ်တစ်ဒေသပါ "

" ဘာပြောပြော ပြောတဲ့လူက လောလောဆည် ငါ့လိုမှ မခံစားရပဲ"

တစ်သက်လုံးအတွက် ရည်ရွယ်ချစ်ရတာ သူ့ဘက်က ဘယ်လိုရက်စက် ရက်စက် ကိုယ့်ဘက်ကတော့ ညှံ့ဖျင်းလွန်းစွာ ဗုန်းဗုန်းလဲကျသွားရသလိုပဲ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကြီးခက်ရဲ့တဲအတွက် ခနိကို မြို့တက်ဝယ် ကိုယ်တိုင်မိုးပေးနဲ့ အလုပ်ရှုပ်နေတာ... အမိုးမိုးနေတုန်း တစ်ယောက်ယောက် ကြည့်နေသလိုမို့...။

အစ်ကိုသန့်ဇော်ပါလား စက်ဘီးနဲ့ ဘာလို့ရပ်ကြည့်နေလဲ။

ကျေးဥ မကျေမနပ်ကြည့်လိုက်တော့မှ စက်ဘီးစီးပြီး ထွက်သွားပါတယ်။

" ကျေးဇူးတင်ပါတယ် ကျေးဥရယ်... သာမောင်ရယ် မိုးပေးမယ် မိုးပေးမယ်နဲ့ မိုးသာများလာတယ် သာမောင် ပေါ်မလာဘူး..."

" ရပါတယ် ဒေါ်ကြီးခက်... ကျေးဥသွားမယ်..."

အိမ်ဘက်ပြန်လာခဲ့တယ် မင်းညိုက ကူပေးပြီး အရင်ပြန်နှင့်နေပြီလေ။

" ဘယ်လဲ အစ်မ... ကျေးဥပို့မယ်လေ "

" မပို့နဲ့တော့ တမာကုန်းတင်ပါ... အိမ်ပြန်နှင့် အမေခေါင်းမူးနေတယ် ငါသွေးပေါင်ချိန်ပေးပြီး ဆေးတိုက်ခဲ့တယ် သွေးတိုးနေတယ် အဲဒါ ဝက်သားတွေ နင့်အတွက်ဆို ချက်နေလေရဲ့ အမေမစားစေနဲ့နော်... သေချာကြည့်ထား အမေက ငါပြောရင် ဆေးသောက်တယ် ဘာညာပြောနေရော... နင်ချော့ပြောမှ ရတာ "

" ဟုတ်ကဲ့ ဟုတ်ကဲ့..."

အမေက သည်တစ်ခုတော့ အစ်မပြောသလို ခေါင်းမာလွန်းပါတယ် အစားအတွက်ဖြင့် အသက်ပင်သေသေဆိုပြီး ရယ်စရာပြောသလိုလိုနဲ့ မတည့်ဘူးပြော လည်း မရ စားတော့တာပါပဲ...။ အိမ်ဝရောက်သေး ဝက်သားဟင်းနံ့က မွှေးကြိုင်နေတာပါလား။ ဒါကြောင့် မီးဖိုထဲ တန်းဝင်လာလိုက်တယ်။

" အမေ သွေးတိုးနေတယ်ဆို မနားပါပဲ ဘာလို့ ဟင်းချက်နေရတာလဲ..."

" ဟဲ့ မမြိုင်က ဝက်သားလာပို့တယ်... ကျေးဥအကြိုက် ခရမ်းချဉ်သီး အနှစ်နဲ့ချက်နေတာ အမေမစားပါဘူး "

" ဟုတ်ရဲ့လားအမေ ဘယ်နှစ်ဖတ် မြည်းကြည့်လဲ "

" တစ်ဖက်တည်းပါ... ဟဲ့ ကောင်မလေး "

www.burmeseclassic.com

www.burmeseclassic.com


အမေကတော့လေ

ဒါကြောင့် အမေနားချေတော့ ဟင်းအိုးကို သမီးပဲ ကြည့်လိုက်မယ်ဆို အခန်းထဲ လွှတ်လိုက်ရပြီ ဝက်သားဟင်းက ညမနက်စားရင်ရပေမယ့် ထားလို့မဖြစ် ဒါကြောင့် အမေ့ဖို့ ဘာဟင်းရှိလဲ ကြည့်တော့ ငါးကြော်တွေ့တယ် ဒါဆိုရပြီ။

မီးဖိုက ပြတင်းပေါက်ကိုဖွင့်ပြီး ဟိုဘက်အိမ်ကို လှမ်းအော်ရတာပေါ့။

" မင်းညို ဘာဟင်းချက်လဲ "

" ဆိတ်ကလီစာ ချက်တယ် ကျေးဥ..."

" နင့်ဟင်းကျက်ရင် တစ်ပန်းကန်ခပ်ခဲ့ပြီး ငါနဲ့လာစား..."

မင်းညိုနဲ့ ဝက်သားဟင်းကို မနက်တင် အပြီးစားပစ်လိုက်မယ်... အမေက သိတဲ့အတိုင်း တွေ့ရင်စားမှာ အစ်မနှင့်လည်း ခဏခဏ စိတ်ဆိုးတယ် အမေက မတည့်တဲ့ အစာတွေစား အစ်မကပြော အမေက စိတ်ဆိုးနဲ့လေ။

ကျေးဥကိုကျတော့ အမေက စိတ်မဆိုးရှာပါဘူး...။

" ကျေးဥ... ဘာလဲ အမေစားမှာစိုးလို့ မင်းညိုကို လှမ်းခေါ်တာလား"

"မဟုတ်ပါဘူး အမေရာ... မင်းညိုက အမေ့လက်ရာ ဝက်သားဟင်းကို သိပ်ကြိုက်တာ သတိရလို့ပါ... အမေ့အတွက် ငါးကြော်တွေမှ အများကြီး..."

အဲလိုမျိုးပြောရတယ်

မတည့်လို့ မစားပါနဲ့ဆို အမေက ကြိုက်တာမဟုတ် မင်းညိုယူလာတဲ့ ဆိတ်ကလီစာဟင်း ငါစားမယ်လို့ပြောပြန်ရော... ဝက်သားဟင်းထက်စာ ဆိတ်ကလီစာကမှ တော်ပါသေးတယ်ဆို နည်းနည်းစားပါအမေရာလို့ ပြောရတယ်...။

မင်းညို ရောက်လာတော့ ဆိတ်ကလီစာတင်မဟုတ်ပါပဲ... ကြက်သား သုပ်ကလေးတစ်ပွဲ ပါလာတော့ သဘောကျသွားရတယ်။

" အမေ... ကြက်သားသုပ်ကလေး စားနော် အမေ... ရှောက်ရွက်လေးတွေ သုပ်ထည့်ပြီး သံပုရာသီးနဲ့လေးမွှေးလို့ စားချင်စရာ "

" အေး ထားလိုက် စားမယ် "

တော်ပါသေးရဲ့

အမေက အခုဆို ကလေးတစ်ယောက်လို ပြန်ဖြစ်နေပါပြီ စိတ်ကောက်ပြီး စကားမပြောပဲ အိပ်ယာထဲခွေချင်ခွေနေတတ်တယ် မဟုတ်လား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" သီဟလွင် သီဟလွင် "

ခေါ်သံကြောင့် လှည့်ကြည့်တော့ ကေသီ။

ကေသီကလှမ်းခေါ်ပြီး အနားကို ပြေးလာပါတယ်။ ခင်အောင်အေးက ဘာလဲ ဘာလဲလို့ လှမ်းမေးတယ်လေ ကေသီက လွယ်အိတ်ထဲက စာတစ်စောင်ကို ထုတ်ပြီးတော့ ကြည့်ပြာပေးခိုင်းလိုက်တာတဲ့။

" သူက ငါ့ကိုလာမပြောနိုင်ပဲ စာတစ်တန် ပေတစ်တန် လာလုပ်နေရအောင် သူက ဘယ်မှာလဲ..."

" သဃ်န်းကျွန်းသွားပြီဟ..."

" နင်ကရော ဘာလို့မလိုက်လဲ "

" ငါက... ငါက... နင်တို့သိအောင် ပြောရရင်တော့ အခု ကျော်စွာက သူ့ကားပေါ်မှာ ကြည်ပြာနဲ့ပဲသွားတတ်တယ်... ငါက ခင်စပယ်တို့နဲ့လိုက်မှာ..."

" ခြော်သည်လိုလား..."

ပထမတော့ စာကို မယူဘူးလို့ ငြင်းလိုက်မလို့ပါပဲ ဒါပေမယ့် ... မငြင်းတော့ပါဘူး... အဖြေဆိုတာကိုကြောက်ပြီး ပုစ္ဆာကို တစ်ဝက်တစ်ပျက် ရပ်ထားလို့လည်း မဖြစ်နိုင်ပါဘူး...။

" မင်းက ဘာလို့ လွယ်လွယ်ယူလိုက်လဲ မယူဘူး ပေးချင် ကိုယ်တိုင်ပေးလို့ ပြောလိုက်ပါလား..."

" ငါပထမတော့ သည်လိုပဲ တွေးပါတယ် ဒါပေမယ့် မယူနေဟာ ဘာမှလာမပြောပဲ... ခပ်တင်းတင်းနေရင် တအုံနွေးနွေး အခြေအနေဖြစ်ပါလိမ့်မယ် အဖြေသိနေတာပဲ..."

စာကို ဖောက်ဖတ်လိုက်တယ်။

ဇော်ဂျုံတို့ နေလင်းတို့ ခင်အောင်အေးတို့ မင်းတို့နားထော

www.burmeseclassic.com

ငါဖတ်ပြမယ်ဆို...

သီဟလွင်တဲ့

ရယ်ရတယ် ကိုလွင်ဆိုတဲ့ အခေါ်အဝေါ်တစ်ခု ဘယ်ရောက်သွားလဲ...။

ယုံကြည်ချက်ခြင်းမတူတဲ့ ငါတို့နှစ်ယောက်ဟာ... ရှေ့ဆက်လက်တွဲဖို့ မဖြစ်နိုင်တော့ပါဘူး ဒါကြောင့် လမ်းခွဲလိုက်ကြပါစို့တဲ့...။

" ဖော်ကို... မတူတဲ့ယုံကြည်ချက်ဆိုတာ ဘာတွေလဲ "

" ဘယ်တူမလဲ သူက ဆရာဝန်ဖြစ်ရင် နိုင်ငံခြားသွားမှာ မင်းက တောမြို့လေးတွေသွားမှာ တစ်ခြားဆီပဲ... အဲဒါ ယုံကြည်ချက်ထဲက တစ်ခုပေါ့..."

" ဖိုးသီ မင်းကားက တစ်ချိတစ်ချိ မြောက်ဥက္ကလာအဝိုင်းကြီးမှာပျက်လို့ တွန်းရရင်လည်း ပရာဒိုလောက် အဆင်မပြေဘူး... ဒါလည်း ယုံကြည်ချက်ပေါ့"

" ရုပ်ရည်ခံ့ညားချောမောမှုမှာတော့ ငါတို့သူငယ်ချင်းဖိုးသီကသာပါတယ်"

" လှတာမမက်နဲ့ ဝတာ... ဖက်ဖို့ ".

သည်အခါမှာ ကြေကွဲထိခိုက်နေတဲ့ကြားက ကောင်းကျော်စွာရဲ့ အဆီအစ်နေတဲ့ ပုံသဏ္ဌာန်ကို သတိရလို့ ပြုံးမိပါတယ်။

" ရုပ်က ချက်စားလို့မရဘူး "

တစ်ယောက်တစ်မျိုးပြောရင်း ကြေကွဲခြင်းက နှလုံးသားမှာ သတ်သတ်ခိုတွယ်နေသလိုပါပဲ။

" ကောင်းတယ် အတိအကျဖြစ်သွားတော့ အေးတာပဲပေါ့..."

" ထားလိုက်စမ်းပါဖိုးသီရယ်... သူ့လမ်းသူရွေးတာ... ရွေးစမ်းပါစေ"

စိတ်ကိုဖြေပါတယ်

ဖြေတဲ့ကြားက သီဟလွင်ဆိုတဲ့ အခေါ်အဝေါ်တစ်ခုကို သတိရရင်းကို ရင်နင့်နေတာပါပဲ...။ သူငယ်ချင်းတွေရှေ့မှာ ဟန်ဆောင်ရမယ် ဟန်ဆောင်နေ သီဟလို့ ကိုယ့်ဘာသာအားပေးတဲ့ကြားက မျက်ဝန်းတစ်လျှောက်ပူနေတဲ့ ခံစားမှု လည်ချောင်းတစ်လျှောက် ဆို့နင့်နေတဲ့ ခံစားမှု...

ငါညံ့ပါတယ်

မဟုတ်ဘူး

ငါမညံ့ဘူး... ငါက ချစ်တတ်တာ သစ္စာရှိရှိ ချစ်တတ်တာ... သစ္စာရှိရှိ ချစ်တတ်တဲ့ ငါ့နှလုံးသားကို ရက်ရက်စက်စက် ကွဲအက်အောင်ပြုရက်တယ်...။

www.burmeseclassic.com

 www.burmeseclassic.com 

" မန်ယူနဲ့လစ်ဗာပူးကလည်း ထင်သလောက် မကောင်းပါဘူး ငါဖြင့် မှန်းလိုက်ရတာ ဝမ်းဗီးလောက်နဲ့တော့ မျှော်ကြည့်ရတာတောင် မတန်ဘူး..."

ရုတ်တရက် မဆီမဆိုင် ဘောလုံးပွဲအကြောင်းကို ဇော်ကိုကပြောတယ်။ ပြီးတော့ သူတို့တွေ ဘောလုံးပွဲအကြောင်း... တရစ်ပ်သွားတုံးက ဇော်ကို ဗွက်ကြီးထဲ ချော်ကျတာ ရှုံ့ရုပ်ချက်ချင်းဖြစ်တဲ့အကြောင်း သန်းထိုက် ကျွဲစီးတဲ့အကြောင်း မဆိုင်တာတွေ လျှောက်ပြောနေပေမယ့်... သီဟလွင် စိတ်မပြောင်းနိုင်...။

" ငါလို တစ်သက်တစ်ယောက်ချစ်ချင်တဲ့လူနဲ့မှ ကြည်ပြာနဲ့ တွေ့ရတယ် မင်းတို့သိပါတယ် ငါ့ကို သဉ္ဇာဝေ ဘယ်လောက် ဖေဗာပေးသလဲ ငါအဲ့ဒါမျိုး အခွင့်အရေးယူသလား ငါက ကြည်ပြာမှ ကြည်ပြာလို့ ချစ်ခဲ့တာ..."

" အဲ့ဒါပေါ့ ဖိုးသီရဲ့ ကြည်ပြာသွား သွားစမ်းပါစေ သဉ္ဇာဝေလို မင်းကိုမှချစ်တဲ့မိန်းမ တွေ့လာဦးမှာပေါ့... မင်းနဲ့ကြည်ပြာပြတ်ပြီဆိုတာ သိရင် သဉ္ဇာဝေက ပျော်နေဦးမယ် "

" တော်ပါကွာ သူ့ဘာသာ သွားသွား... ငါ့ဘာသာနေပါရစေ..."

ဆေးရုံဝင်ရတော့မှာမို့ စကားဖြတ်ပြီး လမ်းခွဲလိုက်ကြတယ် ဇော်ကိုနှင့် နှစ်ယောက် ဆေးရုံဘက် လျှောက်လာခဲ့ကြတယ်လေ...။

ချစ်သူ

အချစ်ပျောက်ကွယ်သွားရင် ကမ္ဘာလောကကြီး တစ်ခုလုံး ပျောက်ဆုံး သွားသလိုပါပဲလား....။ စိတ်က ဟန်မဆောင်နိုင် ဘယ်သူပြောတဲ့စကားမှလည်း မကြားတော့သလို။ ဘာကိုမှလည်း မမြင်တော့သလိုပါလား။ ကျောက်ရုပ်တစ်ရုပ်လို ငူငူငိုင်ငိုင် ထိုင်နေပေမယ့် စိတ်က လူနှင့်မကပ်တော့သလိုပါပဲလား...။

မျက်ရည်ဆိုတာ မျက်ဝန်းမှာတင် ဖျောက်ပစ်ရတာ ပိုတောင် ခံရခက်သေး။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" မိုးပေါက်သံတွေကျနေတာ ကြားနေရတယ်လေ ကျေးဥ... တံမြက်စည်းမလှဲပါနဲ့လား... မိုးမိရင် ဖျားနေပါမယ်ဟယ်..."

" ရပါတယ် အစ်မ ဘုန်းကြီးကျောင်းအဝင် ဝါးရုံလမ်းမှာ ဝါးရွက်တွေက ကြွေကျထားပြီး မိုးလေနဲ့ ရွက်ကြွေတွေက လမ်းပေါ်အရမ်းရှုပ်တယ်... ဘုန်းကြီးတွေ ကိုရင်တွေ ဆွမ်းခံကြွရင် ရှင်းရှင်းလင်းလင်းဖြစ်အောင်... ဂျစ်တောင်ရှာထားတယ် ဂျစ်နဲ့ခြစ်ပြီးမှ တံမြက်စည်းလှည်းမှာ... မိုးကာ ဂျာကင်နဲ့သွားမှာပါ..."

မနေ့ကမှ အဘဆီမှာဂျစ်ငှားရတာ ဂျစ်အသွားနဲ့ ဝါးရွက်ကြွေ ရေစိုတွေ ခြစ်ပြီးတော့ တံမြက်လှည်းမယ်လေ...။ မိုးကြောင့် အရုဏ်ကမပီပြင်ချင် ရတယ် လှည်းနေတုန်းမှာ လင်းလာမှာပဲ တံမြက်စည်းနဲ့ ဂျစ်ကိုယူပြီး ထွက်လာခဲ့တယ်။

အရွက်ဆွေးတွေနဲ့ရေတွေနဲ့နူးနေတဲ့နေရာတွေကို ဂျစ်နဲ့ခြစ် တံမြက်လှည်းနဲ့ လမ်းတစ်လျှောက် ကိုယ့်အာရုံနဲ့ကိုယ်နစ်သွားတော့ ဘာဘီကိုပင်မမြင်တော့။

ဘုန်းကြီးကျောင်းနားရောက်တော့ အတော်လေး အလင်းရောင်ရနေပါပြီ။

" ဟယ် ကျေးဥ တံမြက်လှည်းနေလား... လာလေ ငါတို့ဘဘုန်းကို အရုဏ် မုန့်ဟင်းခါးဆွမ်းကပ်မလို့ လိုက်ခဲ့... လိုက်စားဦး..."

" မလိုက်တော့ပါဘူး စောစောရယ် "

" မရဘူး လိုက်ခဲ့..."

ဒါနဲ့ပဲ တံမြက်စည်းနဲ့ ဂျစ်ကြီးယူပြီး ဘုန်းကြီးကျောင်းထဲပါသွားရော...။ စောစောလို့သာ ကျေးဥတို့ခေါ်တာ အမေ့သူငယ်ချင်း အပျိုကြီးဆိုတာ တူတူမတွေနဲ့ ကျေးဥတို့လို ကလေးတွေကိုပဲ ခင်မင်နေရတာ။

" မုန့်ဟင်းခါးဘယ်သူချက်လဲ စောစော "

" နင့်အစ်မ လှိုင်ဝေချက်တာ "

" အစ်မလှိုင်ဝေချက်လို့ကတော့ အကောင်းလွန်ပြီ... စားရကံကြုံတာပဲ"

" နင်က မိုးလင်း တံမြက်စည်းလှဲတဲ့ ကုသိုလ်ရှိတာပဲ ကျေးဥရဲ့"

www.burmeseclassic.com

www.burmeseclassic.com


ဘုန်းဘုန်းနဲ့ ဦးဇင်းတွေ ကိုရင်တွေကို မုန့်ဟင်းခါးဆွမ်းကပ်ပြီးတော့ အစ်မလှိုင်ဝေတို့နဲ့ ကျေးဥ မုန့်ဟင်းခါးစားတယ်လေ။ မုန့်ဟင်းခါး အရမ်းကောင်းပါတယ် ပြီးတော့ နှုတ်ဆက်ပြီး တံမြက်စည်း ဆက်လှည်းရပါတယ်။

" ကျေးဥ..."

" အမယ် ခုတလော မင်းညိုသာတစ်ယောက် အစောကြီးနိုးနေပါလား..."

" အမေခေါ်ခိုင်းတယ်... ကောက်ညှင်းပေါင်း လာစားပါတဲ့..."

" ငါ ခုပဲ စောစောတို့ အရဏ်ဆွမ်းကပ်လို့ မုန့်ဟင်းခါးစားလိုက်ပြီ မင်းညို... အမှိုက်တွေ ကူကျုံးပေးပါလား "

အမှိုက်တွေကူကျုံးခိုင်းတော့ ကျေးဥ သိပ်ညစ်ပတ်တာပဲတဲ့။ မလုပ်ချင်ဘူးလား နင့်ကို အဘနဲ့ တိုင်မယ်ဆိုတော့မှ ရှုံ့မဲ့ ရှုံ့မဲ့နဲ့ အမှိုက်ကျုံးပေးတယ်။

" နင့်ကို အမှိုက်ကျုံးပေးခ ငါ့ကို မြို့ပို့ပေး "

" စက်ဘီးစီးရတာ လမ်းကကောင်းပါ့မလား မြို့ထွက်စပဲ စီးရမှာ... ငါးမျက်နှာနားနီးလာရင် ဗွက်ရှိတယ် ဆင်းလျှောက်မလား "

" လျှောက်ရမှာပေါ့ဟဲ့... ပို့မှာလား မပို့ရင်တော့..."

" အံမယ် ငါ့များ မပို့ရင်တော့တဲ့... ဘာဖြစ်လဲ မပို့တော့ဘာဖြစ်လဲ"

တံမြက်စည်းနဲ့ ရိုက်မယ်ဆိုတော့... မပို့ရင်တော့ မသွားရဘူးပေါ့လို့ ပြောမလို့ပါ ကျေးဥတဲ့။ မင်းညိုတို့က အဲလိုမျိုးလေ...။ ဒါကြောင့်လည်း ကျေးဥတို့ မောင်နှမက ချစ်ကြပါတယ်...။ မင်းညို အမှိုက်တွေကူကျုံးပေးပြီး လိုက်ပစ်ပေးလို့ မြန်မြန်ပြီးသွားပါတယ်။

" ကျေးဥ နင့်ကို အမေမြခေါ်နေတယ်..."

" ဟုတ်ကဲ့အမေ... မင်းညိုလာခေါ်ပါတယ် ကောက်ညှင်းပေါင်း ကျွေးချင်လို့ပါတဲ့... ကျေးဥက ဘုန်းကြီးကျောင်းမှာ စောစောတို့ကျွေးလို့ မုန့်ဟင်းခါး စားပြီးပြီ... အစ်မရော.."

" ခုနကပဲ ကုန်းမြောင်က မွေးလူနာရှိလို့ဆို လာခေါ်သွားတယ်..."

အစ်မအလုပ်ကတော့ နေ့ည မရှိပါဘူး ညဘက်လည်း သွားရတာပါပဲ အစကတော့ အမေ စိတ်ပူပေမယ့် အခုတော့လည်း လာခေါ်တဲ့လူတွေက အကုန်လိုသိနေတာပါပဲ သည်ရွာတွေဆိုတာ တစ်ရွာနဲ့ တစ်ရွာ အမျိုးတွေက များနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



" မင်းညိုနဲ့ မြို့သွားမလို့ အမေ..."

" သွားလေ "

" အမေနေကောင်းပါတယ်နော် "

" ဟဲ့ ကောင်းပါတယ် ဘာလို့လဲ..."

" ဘာမှမဖြစ်ပါဘူး ကျေးဥကမြို့သွား အစ်မလည်းမရှိတော့ အမေ တစ်ယောက်တည်းဖြစ်နေမှာ စိုးရိမ်လို့... အမေ့ကို ချစ်တယ်လေ ချစ်လို့ စိတ်ပူရတယ် အမေ့လောက် ကျေးဥအပေါ် နားလည်မယ့်လူမှ မရှိပဲ "

" ဒေါ်ကျေးဥနွယ်တော့ အချွဲကောင်းနေပြီ ဘာလိုချင်တယ်မသိ..."

" ဘာမှ မလိုချင်ပါဘူး အမေရယ်..."

မင်းညိုနှင့် မြို့သွားမည်ဆို မိုးကာဂျာကင် အဓိကထားယူရတယ်။ ခုတလော တံမြက်စည်းလှဲတိုင်း မိုးမိတာများနေပြီလေ။

" မြို့ရောက်မယ် ဘာဝယ်ခဲ့ရမလဲ အမေ..."

" သကြားနဲ့ မန်ကျည်းသီး ဝယ်နိုင်ရင်ဝင်ဝယ်ခဲ့..."

" ဟုတ်ကဲ့ "

မင်းညိုကလှမ်းအော်နေပြီ။

ဒါကြောင့် ထွက်လာခဲ့တယ်လေ။ စက်ဘီးကိုနင်းလာရင်းမှ ပိုက်ဆံများရှိရင် ထော်လာဂျီဝယ်မယ်လို့ မင်းညိုကပြောလို့ ရယ်ရသေးတယ်။

" ဝင်ငွေတောင် ရအောင်မရှာနိုင်သေးပဲနဲ့ မင်းညိုရယ်... အခု မွေးမြူရေးလုပ်မယ့်ခြံတောင် အဘပိုက်ဆံနဲ့ ဝယ်ရမှာမဟုတ်လား... ကြိုးစားပါဦးဟယ်... တစ်နေ့ ဖြစ်လာမှာပေါ့ "

" ငါတော့ပြောနေ... နင်ကရော မကြိုးစားတော့ဘူးလား ... နင်ရော သည်လိုပဲ နေမလား "

ကျေးဥဘက်လှည့်လာပြန်ပြီ ဒါကြောင့် စကားကို အမြန်ဆုံး ဟိုသည်လွှဲပစ်လိုက်ရတယ်။ ငါးမျက်နှာနားက ဗွက်တောရောက်တော့ စက်ဘီးကို ဟွန်းရတယ်လေ။ သည်ဗွက်တွေကုန်အောင် ကျောက်ခင်းမယ်ဆိုမလွယ်လှဘူး။ စက်ဘီးကိုတွန်းရင်း မောင်နှမနှစ်ယောက် စကားပြော လျှောက်လာကြတယ်။

" ဟိုမှာ အစ်မ မိတ်ဆွေပါလား "

" ဘယ်မှာလဲ... ဟယ် အစ်မနဲ့ သိလို့လား "

www.burmeseclassic.com

www.burmeseclassic.com


" လူကတော့ သိချင်မှ သိမယ်လေ ဗိုက်ကသိတာပေါ့ဟဲ့ "

ကိုယ်ဝန်ဆောင်မို့ ပြောတာမှန်းသိမှ ရယ်ရသေးတယ်။

အစ်မကတော့ ရှာစဉ်လှည့်လို့ မွေးလည်းမွေးနိုင်ပါရဲ့။

" ကိုယ့်အစ်မတစ်ယောက်လုံးရှိတာ နင် ယောကျ်ားယူသင့်ပြီ "

" ဟင် အဲဒါ အစ်မကို မောင်က ပြောရမယ့် စကားလား မင်းညိုသာရဲ့ "

စက်ဘီးတွန်းနေရလို့ပေါ့။ လက်အားနေရင် အဲသည့်ကောင်လေးကို ကောင်းကောင်း ထုပစ်မိမှာ။ သည်ကောင်လေးက သုံးရက်တစ်ခါလောက် မြို့သွားချင်နေတာ သူ့ချစ်သူစာလိုချင်လို့လေ...။ မသိရင်ခက်မယ် ရေးလည်းရေးနိုင်လွန်းတဲ့ စာ...။

" နင့်ဆီလာတဲ့စာတွေသွားယူ... ငါလည်း စာအုပ်မှာထားတာတွေ သွားကြည့်မယ် ပြီးရင် လက်ဖက်ရည်ဆိုင်မှာ ပြန်ဆုံကြမယ်..."

မင်းညို စာသွားယူနေတုန်း အမေမှာတဲ့ပစ္စည်းတွေဝယ်မယ်လေ။

" ဟယ် ကျေးဥနွယ်နော်..."

ရင်းနှီးသော ခေါ်သံကြောင့် လှည့်ကြည့်မိပါတယ်။

သိပ်ကိုသိတာပေါ့။

တာရာချို့ပါလား။

သည်လိုနေရာမှာ တာရာချိုနှင့် တွေ့ရလိမ့်မယ် ဘယ်လိုမှမထင်တော့ အံ့ဩစွာ ကြည့်မိဆဲ။

" ကျေးဥနွယ်ရယ် တွေ့ရတာ ဝမ်းသာလိုက်တာ... မတွေ့ရတာကြာပြီနော် အခုဘာလုပ်နေလဲဟင်... နောက်ပြီးတော့ ကျေးဥနွယ်ကို ပြောပြစရာတွေရှိတယ် မိုးဇော်နိုင်လေ..."

" တော်ပါတော့ တာရာချို ဒါတွေကို ကျေးဥ ဘာမှမသိချင်တော့ပါဘူး"

" မင်း မသိချင်ပေမယ့် ပြောကိုပြောရမှဖြစ်မယ်... မိုးဇော်နိုင်နဲ့ နုနုယဉ်နဲ့ ပြတ်သွားကြပြီ နုနုယဉ်က သူ့အိမ်က သဘောကျတဲ့လူနဲ့ လက်ထပ်သွားတယ် အဲသည့်အချိန်မှာ တာရာတို့အုပ်စု အရမ်းဝမ်းသာကြတာပဲ မိုးဇော်နိုင်တစ်ယောက် ကျေးဥနွယ်ကို ရက်စက်ခဲ့သမျှ ဝဋ်လည်ပြီလို့လေ..."

" သွားမယ် တာရာ "

" နေပါဦး ကျေးဥနွယ်ရဲ့ "

www.burmeseclassic.com

 www.burmeseclassic.com 

အဲသည့်အကြောင်းတွေ သိလည်း မသိချင်တော့ပါဘူး။

ဘာကိုမှမသိချင် ရင်မဆိုင်ချင်လို့ အဝေးကြီးကို ထွက်ပြေးလာတဲ့သူကိုများ ဒါတွေလာပြောနေမှာဆို ထွက်သွားရုံပါပဲ...။

" တာရာ အခု ပရော့ဂျက်တစ်ခုနဲ့ သည်ရောက်နေတာ သက်မော်လည်း ပါတယ်..."

" အင်း "

" မင်းရော ဘာလုပ်နေလဲ "

" ဘာမှ မလုပ်ဘူး..."

" ဟင် "

သူတို့တွေတောင် အင်ဂျင်နီယာတွေဖြစ်ပြီး စီမံကိန်းတွေမှာ အလုပ်လုပ်နေကြပြီ...။ ကျေးဥန္တယ် ဘာလုပ်နေသလဲတဲ့ ဘာမှမလုပ်ဘူးလေ။ အမှန်အတိုင်းပေါ့။

" ကျေးဥအချစ်ဆုံးသူငယ်ချင်း နိုင်ညွှိုလှနဲ့ကိုမော်အောင် လက်ထပ်ကာရော သိလား "

" ဟင့်အင်း... တို့ ဘာမှမသိချင်ပါဘူး သွားမယ် "

လှည့်ထွက်လာခဲ့ပြီ။

ဘာကိုမှ ပြန်သတိမရချင်ပါဘူးဆိုမှ။ သည်နာမည်တွေ သည်အကြောင်းတွေ ကြားရပါလျက် တစ်ချိန်ကလိုတော့ ရင်ထဲ မီးဟုန်းဟုန်း မတောက်တော့ဘူးလား ...။ လက်ဖက်ရည်ဆိုင်က ထောင့်ခုံလေးမှာ ထိုင်ရင်း ကျေးဥရင်ထဲ ကျေးဥဘာသာ ဝင်ကြည့်နေမိတယ်။

အံ့ဩဖွယ်ပဲ

ရင်ထဲမှာ ဟင်းလင်းပြင် ဗလာနယ်တစ်ခုလိုပါလား ဘာမှမရှိဘူး...။

ဟိုးအရင်က မီးတောက်တွေ ဘယ်ရောက်သွားသလဲ...။ ငြိမ်သက်နေပါလား။ မကြားချင်တော့ဘူးဆိုသည့် နာမည်တွေကို ကြားရတာတောင်မှ ဘာလို့ ငြိမ်သက်နေရသလဲ။

မိုးဇော်နိုင်လို့ တီးတိုးရွတ်ကြည့်မိတယ်။

ဘာမှမပတ်သက်ခဲ့သော လူတစ်ယောက်လိုပါပဲလား။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

တွေးလေ တွေးလေ တနုံ့နုံ့ ခံစားရတာပါလား

ဘာလို့ သည်မျှ ထိခိုက်ကြေကွဲရပါသလဲ။

စိတ်က ဖြေဖျောက်လို့ကိုမရ...။ ရင်ထဲတင်းကျပ်နေပြီး လည်ချောင်းတစ်လျှောက် ဆို့နင့်နေတယ်။ ခုချိန်တစ်ယောက်တည်း။ ငိုပစ်လိုက် ငိုပစ်လိုက်ကွာ ဘယ်သူမှမရှိဘူးလို့ အားပေးနေတဲ့ကြားက ဆို့နင့်နေတာပဲ ရှိတယ်။ သီဟ အိပ်နေပြီထင်ပြီး အနားကို ခင်အောင်အေးလည်း ရောက်မလာ။ ခင်အောင်အေးနဲ့ နေလင်းတို့ အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်စကားပြောနေပေမယ့် သီဟ တစ်ယောက်တည်း နေချင်တာမို့ အိပ်ချင်တယ်ဆို အခန်းထဲဝင် အိပ်နေလိုက်တာ။

အိပ်လို့လည်းမရ။

ကြည်ပြာ... မျက်နှာချင်းဆိုင်ပြောရမလား ပြောလို့ကော ဘာထူးလာမလဲ။

ယုံကြည်ချက်မတူဘူးတဲ့။ ကြည်ပြာယုံကြည်တာက ရိုးသားကြိုးစား၍ အေးချမ်းသော ဘဝလေးတစ်ခု မဟုတ်ဘူးလား။ ဟိုး... ပြည်နယ်ဒေသတစ်ခုခု တောင်တွေဝန်းရံနေသော နေရာလေးတွေ ဆေးရုံလေးတစ်ခုခုမှာ ရိုးသားကြိုးစားသော ဆရာဝန်လေးတစ်ယောက်ဟာ ပျော်ရွှင်လိမ့်မည်လို့ထင်သော သီဟလွင်ကို မယုံကြည်တာနဲ့ အတူတူပေါ့။

ယုံကြည်မှုတူတူ မတူတူကွာ ချစ်သူကချစ်သူပဲ မဟုတ်လား။

အခုတော့...။ အိပ်လို့လည်းမပျော်။

ကြည်ပြာရက်စက်လိုက်တာလို့သာ ရင်ထဲ ရွတ်နေမိပါတယ်။ အိမ်ရှေ့မှာ ခင်အောင်အေးတို့ ထိုင်စကားပြောနေကြတယ် ဘာပဲပြောပြော... သီဟအကြောင်း ပြောကြမှာပါပဲ...။ လေးနှစ်တာ ချစ်ခဲ့တာပါ ကြည်ပြာရယ်...။

" သီဟရေ... အိပ်ပြီလား မအိပ်သေးရင်လည်း လာပါကွာ... မမသုတ်ပေးတဲ့လက်ဖက် အရမ်းကောင်းတာပဲ မင်းအကြိုက် ပုစွန်ခြောက်ရော ပြောင်းဖူးပြုတ်တွေပါ ပါတယ်..."

နေလင်းက မအိပ်မှန်းသိလို့ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com


လက်ဆွဲခေါ်တော့ လိုက်လာခဲ့ရတယ်။

ကွပ်ပျစ်လေးက တမာပင်ပျို့အောက်မှာ အေးချမ်းလွန်းပါတယ် မအေးချမ်းတာက သီဟလွင် ရင်ထဲမှာပါ။

" ရေနွေးကြမ်း ပူပူလေးနဲ့ အရမ်းလိုက်တယ် "

" လိုက်မနေနဲ့... မိုးလေတွေရှိတယ် မိုးရွာလာမှ လက်ဖက်ဝိုင်းလေး အိမ်ထဲပြန်ပြေးနေရမယ်..."

" ဖော်ကိုကို သတိရလိုက်တာ..."

" အစားကောင်းစားရရင် ယောက်ဖကို သတိရတယ်ဆိုတာ မှန်နေပါရောလား... မင်းချစ်တဲ့ မမဝင်းပြန်လာရင် ဖော်ကိုလာမှာပါ နေလင်းရယ်"

လက်ဖက်သုတ်ကတော့ ပြောစရာမရှိပါဘူး

ငြုပ်သီးစပ်စပ် ရေနွေးကြမ်းပူပူနဲ့ အစပ်ကြောက်တဲ့ ဖော်ကိုသာဆို လျှာယပ်ခတ်ယူရတယ်လို့ ညည်းဦးမယ်။

သီဟစိတ်မှာတော့ လက်ဖက်သုပ်ဆို စပ်နေမှကြိုက်သော ကြည်ပြာ့ဆီ ချက်ချင်း စိတ်ရောက်တယ်လေ...။ သူတို့နှစ်ယောက် အန်တီလေး ဝယ်လာသော ပုစွန်ခြောက်နိုင်းခြင်းထည့် လက်ဖက်သုပ်စပ်စပ်တစ်ပွဲနဲ့ စာအတူကျက်ခဲ့ကြ တာတွေက အိပ်မက်လားကြည်ပြာ။ အိပ်မက်တွေက နိုးထတဲ့အခါ အနားမှာ ကြည်ပြာမရှိတော့ဘူးလား...။ ချက်ချင်း မျက်ဝန်းတွေ ပူလောင်လာခဲ့ပြန်တယ်။

" ငါ... သူ့ကို မတွေ့ချင်တော့ဘူး "

" ဘာဆိုင်လဲ ဖိုးသီရာ... မင်းတို့နှစ်ယောက်မှာ မင်းကစ သစ္စာဖျက်ခဲ့တာ မဟုတ်ဘူးဆိုတာ အားလုံးသိကြတယ်... မင်းမှာ အပြစ်မရှိဘူး မျက်နှာပူခြင်းပူ ကောင်းကျော်စွာနဲ့ တတွဲတွဲဖြစ်သွားတဲ့ သူက မျက်နှာပူရမှာကို မင်းက ဘာဖြစ်တာလဲ..."

" ငါက ခံစားရတဲ့လူပါ... သူ့ကိုမတွေ့တာတောင် ငါတနံ့နံ့ထိခိုက် ခံစားရတယ်... တွေ့နေရရင် "

" ဘာမှမဆိုင်ဘူး ဖိုးသီ အတွေးတွေမချော်စမ်းပါနဲ့ကွာ "

" တစ်ယောက်သွားရင် တစ်ယောက်လာလိမ့်မယ် အဲလောက် ထိခိုက်ခံစား မနေနဲ့... သည်လို သစ္စာဖျက်တဲ့မိန်းမများ ငါသာဆို သူ့ရှေ့မှာ ရင်ကော့ လျှောက်ပြမယ်..."

www.burmeseclassic.com

www.burmeseclassic.com

နေလင်းလိုလည်း မပြတ်သားနိုင်။

ကြည်ပြာကို တွေ့ရင်ကို ဟန်မဆောင်နိုင်စွာ ပျက်ဆီးနေမယ့် သူ့မျက်နှာ။ ဒါတွေကို ကြိုသိနေတယ်... အခုဆို သီဟကို ပြတ်ပြတ်သားသားဖြတ်ပြီး ကောင်းကျော်စွာနဲ့ ပြတ်ပြတ်သားသား တွဲတော့မယ်... ပိုတောင် မြင်ရတွေ့ရရင် စိတ်မှာ အနှောင့်အယှက်ကြီးစွာ ဖြစ်ရလိမ့်ဦးမယ်...

" ရှေ့တစ်ပတ်ဆို သူတို့ကလည်း မြောက်ဥက္ကလာပဆေးရုံပြန်ရောက် ငါတို့ကလည်း မြောက်ဥက္ကလာဆေးရုံမှာပဲ... တွေ့နေရမှာ..."

" တွေ့တော့ဘာဖြစ်လဲကွာ..."

" ငါ မတွေ့ချင်ဘူး "

" မင်းက ဘာမှရင်မဆိုင်ရဲစရာအကြောင်းမရှိဘူး ခပ်မာမာနေရမှာ "

" ငါကချစ်ရတဲ့သူပါ... ရင်ထဲမီးလောင်နေတဲ့ သူ... ငါက ထာဝရလို့ ရည်စူးတဲ့လူ ငါကခံစားရတဲ့သူ "

" ရှားပါ့ဖိုးသီရယ်... မင်းက သည်လို မိန်းမအတွက်များ ခံစားသတဲ့..."

သူတို့ဘာပြောပြော ကိုယ်ခံစားရတာကိုယ်အသိပဲ.

အနားမှာ အမြဲလို ကြည်ပြာရှိနေခဲ့ရာက ရုတ်တရက်ပျောက်ကွယ်သွားခဲ့တာ စိတ်က လက်ခံလို့ မရနိုင်သလိုပါလား...။ စာကျက်ပါ စာကျက်ပါ တဖွဖွပြော နေသူက ဘယ်ရောက်သွားလဲ အခု သီဟ စာမကျက်ဘူး... ဘယ်သူပြောမှာလဲ...။

" ငါ့အတွက် ကြည်ပြာရှိမှ ဖြစ်မှာ "

" ဟာ... ရူးပါ့ ဖိုးသီ "

" သူ့ကိုငါချစ်တယ်လေ "

" ဒါပေမယ့် သူက မင်းကို မချစ်ဘူးလေ "

" အချစ်က သည်လို လွယ်လွယ်ပျောက်သွားရောလား..."

" မင်းမပျောက်ဘူးဆိုပေမယ့် သူကပျောက်တယ်လေ..."

" သူ့မှာ ကောင်းကျော်စွာ ရှိနေပြီပဲ..."

" အချစ်က ပြောင်းလဲနိုင်လွန်းသလား... ဘာယုံကြည်မှုလဲ... မယုံကြည်ရဘူးထင်ရင်... အစကတည်းက ငါ့ကိုမချစ်နဲ့ပေါ့ အခုချစ်တယ် အခုမချစ်ဘူး မရဘူး..."

" ဩော် ရလို့ပဲ မင်းကို မချစ်ဘူးပြောပြီးပြီလေ..."

www.burmeseclassic.com

ဘာလို့ ခင်အောင်အေးတို့ နေလင်းတို့နဲ့ စကားပြောရတာပါ အဆင်မပြေတော့တာလဲ...။ နောက်ဆုံး သီဟ စိတ်မှာကတော့ ကြည်ပြာကို တွေ့ရမှာ မဝံ့ရဲတော့သလိုလို အဲသည့်ဝန်းကျင်မှာ သီဟလွင်ဆိုတာ ကြည်ပြာအေး ထားပစ်ခဲ့တာလို့ အပြောမခံနိုင်သလိုလို...။ မျက်ဝန်းများစွာရဲ့ များစွာသော အပြောတွေကိုလည်း ထိတ်လန့်နေသလိုလို...။

" စိတ်ညစ်လိုက်တာ..."

" မင်းကွာ... စိတ်မညစ်ရဘူး... လွမ်းတာကို နာတာနဲ့ ဖြေရတယ် နာစရာတွေ များမှများပဲ... ဘာယုံကြည်မှုလဲ မင်းကိုချစ်ရတာ ချမ်းသာမှုတွေ ပိုလာမှာ မဟုတ်ဘူး... မင်းနဲ့ဆို ရောင့်ရောင့်ရဲရဲ ဘဝလေးတစ်ခုပဲရမယ် ဆိုပြီး ထားခဲ့တာ နာလိုက်စမ်းပါ... နာတာများတော့ အလွမ်းတွေဆိုတာ နေစရာနေရာတောင် မရှိတော့ဘူးပေါ့..."

နာစရာတဲ့...။

နာစရာဆိုလို့ ရင်ထဲ နာကျင်မှုတွေပဲ ရှိနေပါလား... မိုးလေတွေ ပိုပြင်းလာပြီ... မိုးရွာဖို့ သိပ်မလိုတော့ဘူး ထင်ပါရဲ့။

" ငါမတွေ့ချင်တော့ဘူး "

မတွေ့ချင်တာမို့ ကြည်ပြာနှင့်အတူရှိခဲ့သောနေရာတွေ တစ်ခုမှကို မတွေ့ချင်တာ ဘာကိုမှ မတွေ့ချင်တော့ဘူးဆို...။

" ဘာဆိုင်လဲ..."

သူတို့ကသူတို့ပဲ သီဟလွင်က သီဟလွင်ပဲလေ...။ ဘာကိုမှ မတွေ့ချင်တော့တာ...။ စိတ်က ဟိုးအဝေးကို ထွက်ပြေးချင်နေတယ်။

" ငါ့မှာ တောင်ပံတွေရှိချင်လိုက်တာ "

" ဖိုးသီရှူးပြီ "

" တောင်ပံတွေရှိရင် ငါ အဝေးကြီးကို ပျံထွက်သွားမယ် "

" ဒုက္ခပဲ..."

တကယ်ပြောနေတာပါ ငါတကယ်ခံစားပြီး ပြောနေတာ မင်းတို့ နားမလည်တတ် မစာနာတတ်လည်းနေ ငါထွက်ပြေးသွားချင်မိတယ်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ကျေးဥကိုယ်ကျေးဥ အံ့သြနေမိတယ်။

ရင်ထဲက ပျောက်ဆုံးသွားတဲ့ ခံစားမှုတွေ ဘယ်ရောက်သွားလဲ ဟိုတုန်းက တဟုန်းဟုန်း တောက်လောင်နေတဲ့ မီးပုံကြီးကရော ဘယ်ရောက်သွားလဲ...။ ခုရက်ပိုင်း မိုးဇော်နိုင်လို့ ရွတ်ကြည့်ရင် သူစိမ်းတစ်ယောက်လို ခံစားမှုသာရှိပါလား။

မိခိုင်တစ်ယောက်လည်း ကိုမော်အောင်နဲ့ လက်ထပ်သွားပြီတဲ့

ဘာမှမသိချင်ဘူးလို့သာဆိုတာ

အခုသိရတော့လည်း ကျေနပ်နေပါတယ်

ဝမ်းသာပါတယ်လေ...။ မိခိုင်လို့ ကျေးဥခေါ်သည့် ခိုင်ညိုလှရဲ့ အချစ်ကို ရအောင် ကိုမော်အောင်ကြီးတစ်ယောက် ဖွဲ့ရှိရှိလိုက်ခဲ့ရတာတွေ ပြန်သတိရမိတယ်။

မိခိုင် လက်ထပ်ပြီး ဘယ်ရောက်နေပါလိမ့်။

ဟိုနေ့က တာရာချို့ကို မေးလိုက်ရကောင်းသား မိခိုင်တစ်ယောက် ဘယ်မှာလဲလို့လေ...။

စိတ်ရဲ့ပြောင်းလဲခြင်းတွေက အံ့သြဖွယ်ရာပါပဲ။ မြန်ဆန်လွန်းသော စိတ်နှင့် မမနိုင်ဆီ စာရေးမိတယ်...။ တက္ကသိုလ်မှ ကထိက မမနိုင် တစ်ယောက်ကတော့ ကျောင်းကို စွန့်ခွာထွက်ပြေးပြီးလို့ နှစ်ရှည်ကြာမှ အဝေးသင် ပြန်တက်ချင်ပါတယ် ကူညီစုံစမ်းပေးပါ မမနိုင်ဆိုတဲ့ ကျေးဥစာကိုရရင် အံ့သြလိုက်မည်ဖြစ်ခြင်း။

ဘာဖြစ်သွားတာလဲ

ငါဘာဖြစ်တာလဲ ဘာဖြစ်တာလဲ ကျေးဥနွယ်လို့ ကိုယ့်ဘာသာ ပြန်မေးမိတယ်လေ။ အစ်မသိရင်တော့ ဝမ်းသာမှာပါ။ အစ်မက ကျောင်းပြန်တက် သင်တန်းတစ်ခုခုပြန်တက်ဖို့ ပြောတိုင်း ကျေးဥနားမထောင်ခဲ့မိဘူး မဟုတ်လား။

မြို့သွားတဲ့နေ့မှာ မမနိုင်ဆီ စာထည့်လိုက်တော့မယ်။

" ကျေးဥရေ... နက္ခတ်ရောင်ခြည် ရပြီလား "

www.burmeseclassic.com

 www.burmeseclassic.com 

" မရသေးဘူး ဒေါ်လေးသက် ဦးလေးကြည်တို့အိမ်က ငှားထားတယ်"

" သည်နေ့ပြန်လာအပ်ပါ့မလားဟယ်... ငါဖတ်ချင်နေပြီ..."

" လာလာခြင်း စာကြည့်တိုက်ပိတ်ပြီး အပြန် ဒေါ်လေးသက် အိမ်ကိုဝင်ပေးပါမယ်... စိတ်ချပါ..."

စာကြည့်တိုက်လေးထဲမှာ ကလေးတွေ စာဖတ်နေပေမယ့် ငြိမ်သက်နေလို့ ကျေးဇူးတင်ရပါတယ်။ မိုးသံဖျောက်ဖျောက် ကြားရပြီ။

" သံချောင်းတို့ အဂ္ဂတို့ မြန်မြန်ဖတ်ပြီး ပြန်တော့ သားတို့... မိုးလာနေပြီ မိုးမိလို့ဖျားရင် ကျောင်းပျက်ကုန်ကြမယ်..."

ကလေးတွေက ကာတွန်းတွေ ဂျာနယ်တွေတွေ့နေရင် ထမင်းမေ့ ဟင်းမေ့ အိမ်အပြန်ကျတော့ မိုးရွာထဲပြန်ပြေးကြပြန်တော့ မိုးမိပြီး ကျောင်းပျက်မှာလည်း စိတ်ပူရသေးတယ်။ အမေပြောသလို တစ်ရွာလုံးက ကလေးတွေ နင်လိုက်ပူပန် နေရသလား ကျေးဥရယ် ဆိုသလို ဖြစ်နေပြီ။

" ကျေးဥ... ညီမလေးက ကလေးတွေအပေါ် စေတနာကောင်းတယ် ကျောင်းဆရာမလေးလုပ်ပါလား စာမေးပွဲ ပြန်ဖြေနော် "

အစ်မပြောတုန်းက ကျေးဥ ခေါင်းခါခဲ့ပါတယ်။ အခုမှ အဝေးသင် ပြန်တက်ဖို့ ကိုယ့်ဘာသာပြင်ဆင်နေတော့လည်း ပြောမနေချင်တော့ပါဘူး။ အစ်မကတော့ ဝမ်းသာမှာ အမေကတော့ ကျေးဥသဘောပါလေ... ကျေးဥ ပျော်သလိုသာ နေနိုင်းခဲ့တာပဲ။

" ကျေးဥရေ... ဘာဝတ္ထုတွေ အသစ်ဝင်သေးလဲ "

အစ်ကိုသန့်ဇော် လာပြန်ပြီ

နဂိုရ်ကတည်းကတော့ စာဖတ်တဲ့သူပါ ဒါတော့ ဟုတ်ပါတယ် ဒါပေမယ့် အခုတော့ စာကြည့်တိုက်ကိုလာရင် ကျေးဥစိတ်မှာ မကြည်လင်သလိုပါပဲ ရိုးသားဖြူစင်သော မိတ်ဆွေအဖြစ်ကတောင် ပျောက်ပျက်သွားသလိုပါပဲ။

" အဲသည့်မှာ ဝယ်တဲ့စာအုပ်စာရင်းရှိတယ် ကိုယ့်ဘာသာယူကြည့်ပေါ့"

မနက်ဖြန်မနက် မြို့သွားမယ်...။ မမနိုင်ဆီ စာသွားထည့်ဦးမယ် စာအုပ်တွေဝယ်ဦးမယ် စသဖြင့်... ကိုယ့်ဘာသာ တွေးနေမိတယ်။ ဘကြီး ဦးဝင်းတင်ကတော့ သူရဇ္ဇတစ်အုပ် ဖတ်နေလိုက်တာ... နေ့တစ်ဝက်လောက်ရှိနေပြီ။

"ကျေးဥ... သည်စာအုပ်ငှားဟာ... ငါဖတ်နေတာ မပြီးတော့ဘူး..."

www.burmeseclassic.com

" ရတယ် ဘကြီး စာရင်းမှတ်ဦးမယ်… ယူမသွားနဲ့ဦးနော်…"

" အေးပါဟဲ့…"

" အစ်ကိုသန့်ဇော် စာအုပ်ယူမယ်ဆို မြန်မြန်ယူ… ပိတ်တော့မယ်…"

" ခဏပါ ကျေးဥရာ…"

ခုံတွေသိမ်းပြီး တံမြက်စည်းလှဲနေရတယ်။

နှစ်ယောက်တည်းပဲရှိတော့တာ… တမင်များ နှေးနှေးကွေးကွေး စာအုပ်ရွေးနေသလားမှတ်တယ်။

" တော်ပြီ တံခါးပိတ်မယ် "

" ကျေးဥကကွာ အစ်ကို့ကို တမင်ဂျစ်နေတာ "

" ဘာမှမဂျစ်ဘူး နာရီလည်းကြည့်ဦး ဘယ်သူက တမင် ပိတ်ကာနီးမှလာလဲ "

" ကဲပါ သည်စာအုပ်ယူမယ် "

ရေးပြီးတော့ တံခါးပိတ်ဖို့ပြင်ရတယ် စာကြည့်တိုက်ကိုသော့ပိတ်ရင်းကနောက်လှည့်မကြည့်ပါပဲ… စောင့်မနေနဲ့နော် စောင့်မနေနဲ့ အတူပြန်ဖို့ လုံးဝစိတ်ကူးမရှိဘူးလို့ အော်ယားလိုက်တယ်။ သည်တော့မှ စက်ဘီးနင်းပြီးထွက်သွားတော့တာ…။

တစ်ယောက်တည်း လျှောက်လာခဲ့ပါတယ်

" ကျေးဥ…"

" မင်းညို… ဘယ်ကပြန်လာလဲ…"

" သည်လိုပေါ့…"

" ငါ မနက်ဖြန် မြို့သွားမယ်…"

" ငါလည်းလိုက်မှာပေါ့…"

မင်းညိုနှင့်က ငယ်တည်းက သိပ်ချစ်တာလည်းမပြောနဲ့ မြို့ ကျောင်းသွားတက်တုန်းကလည်း ကျေးဥစက်ဘီးနောက်ကယ်ရီယာမှာ မင်းညိုကို အမြဲခေါ်သွားခဲ့တယ်လေ…။ ကျေးဥ ရန်ကုန်ကို သွားတော့မှ မင်းညို ကျန်နေခဲ့တာ

" အစ်ကိုသန့်ဇော်လည်း သနားပါတယ် "

" နင့်ယောက်ဖကို နင်အတော်သနားနေလား "

" ငါ့ယောက်ဖဆိုတော့ နင်လူပေါ့ "

www.burmeseclassic.com

www.burmeseclassic.com

" ငါ့လူမဟုတ်ဘူးဟေ့ အစ်မလူ အစ်မလူ "

ပြောပြီးတော့ မောင်နှမနှစ်ယောက် ရယ်မိကြပြီ တကယ်ဆို အစ်ကိုသန့်ဇော် မျက်စိမှား နှလုံးသားမှားရှာတယ် အစ်မကိုသာ ချစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ...။ အစ်မနှင့်က သူငယ်ချင်းလည်း သူငယ်ချင်း သိပ်လည်းလိုက်ဖက်ညီပါတယ်။

" အစ်ကိုသန့်ဇော်ကလည်းလေ တကယ်ဆို အစ်မကို ချစ်သင့်တာ သည်ဂျမ်းတောမ ကျေးဥနွယ်ကိုများ ဘာသွားသဘောကျတယ်မသိ..."

" ငါ့အလှကို နင်မသိလို့ပါဟာ..."

" မသိပဲရှိပါ့မလား ကျေးဥရဲ့ နင်ဆယ်တန်းတုန်းက သိပ်လှတဲ့ ကျေးဥနွယ်ပါ... အခုလည်း နှင့်ဆံပင်ကြီးတွေကို ကက်ဦးထုပ်ထဲ ခွေခေါက်မထည့်ပဲ ဖြန့်ချကြည့်လေ "

" တော်ပါ... ငါ့ဘာသာ နေချင်သလိုနေပါရစေ "

သိပ်လှတဲ့ ကျေးဥနွယ်တဲ့လား...။

ဒါတွေက နောက်မှာကျန်နေခဲ့ပါပြီလေ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ကိုယ်လုံးကို ကြိုးနှင့်တင်းတင်းတုပ်ပြီး ခဲနှင့် ဆွဲချထားသလိုပါပဲ လေးလံနေပြီး ဘယ်သူ့ကိုမှ မကြည့်ချင်တော့သလိုပါပဲ...။ တမင်ကို ပထမဆုံး အချိန်လွှတ်ပြီးမှ လာခဲ့တာ...။

" သနားတယ် သနားလိုက်တာ "

အသံက မတိုးမကျယ်ပဲ

ဘယ်သူ့အသံလဲ...။ နောက်ပြန်လှည့်ကြည့်ဖို့ပင် မဝံ့။ ခင်အောင်အေးတို့ ဘယ်ရောက်နေပါလိမ့်။ သည်လိုမှန်းသိ နေလင်းနှင့်အတူ လာခဲ့ရကောင်းသား...။

ဟင်

ရှေ့မှာ ရှေ့မှာ ကြည်ပြာနှင့် ကောင်းကျော်စွာပါလား။ ဘာလုပ်ရမလဲ ရှေ့ဆက်လျှောက်ရမလား။ ရပ်ပစ်ရမလား နောက်ပြန် လှည့်ကြည့်ရမလား...။ ဆုံးဖြတ်ချက်မချရဲသလို ကိုယ့်နှလုံးခုန်သံ ကိုယ် ပြန်ကြားနေရတယ်...။

တော်ပါသေးရဲ့

သူတို့နှစ်ယောက်က ဘေးဘက်လမ်းထဲကျွေဝင်သွားတယ်။ သူတို့ကလည်း သီဟကိုမြင်တယ်ထင်ပါရဲ့။

ဟာ...

သည်မျက်ဝန်းတွေ

ထူထူပူပူဖြစ်လာရင် လည်ချောင်းတစ်လျှောက်မှာပါ ခံရတာ သိပ်ဆိုးဝါး လွန်းပါတယ်။

တစ်ယောက်တည်း ထိုင်နေမိပြီ။

မျက်ဝန်းမှာလည်း ဘာမှမမြင်တော့ပါဘူး...။

မတွေ့ချင်ဘူး မတွေ့ချင်ဘူး... ဘယ်သူ့မှ မတွေ့ချင်တော့သလိုပဲ...။ ဒါကြောင့် ပြန်ထွက်လာခဲ့ပါတယ်...။ ဘာလုပ်ရမလဲ...။

ဘာလို့ သည်လောက် ပျော့ညံ့သွားရပါသလဲ...။

www.burmeseclassic.com

www.burmeseclassic.com

ငါဟာ ညှို့ဖျင်းလိုက်တာလို့ သိသိကြီးနဲ့ ရင်မဆိုင်ရဲတော့သလိုပါလား...။ ခေါင်းတွေထဲ နောက်ကျိရှုပ်ထွေးနေလိုက်တာ။ ခုရိုန်ခင်အောင်အေးလည်း မရှိဘူး အိမ်မှာလည်း အန်တီလေးမရှိတာသိသည်မို့ ကိုယ့်အိမ်ကိုယ် ပြန်လာခဲ့တယ်...။

စားပွဲပေါ်မှာ စာတစ်စောင်ရှိနေပါလား မင်းညိုသာဆီကပဲ။

ဟုတ်တယ်...

ငါ ဘယ်သူ့မှ မတွေ့ချင်ဘူး...။

သည်မှာနေရင် သည်မျက်နှာတွေကို တွေ့နေရဦးမယ်

လူတွေရဲ့ လှောင်ပြောင်ရယ်မောသံတွေ သနားစရာလေးလို့ ပြောနေတဲ့ အသံတွေ... ဘာမှမကြားချင်ဘူး...။

စိတ်က တောင်ပံတစ်စုံကို ရရှိလိုက်သလိုပါလား။

အန်တီလေးကိုတော့ သူ့ခရီးထွက်သွားပါတယ်လို့ လွယ်လွယ် စာရေးခဲ့တယ် ပထမဆုံး ခင်အောင်အေးအိမ်မှာထားတဲ့ အဝတ်တွေ သွားယူပြီးတော့ စာတစ်စောင်ရေးခဲ့တယ်။ ဘယ်သူ့ဘာပြောပြော ခုရိုန်မှာ သီဟလွင် အငွေ့တစ်စနယ် လွင့်ပျံထွက်သွားချင်တာပဲ သိတယ်။

ဘူတာရောက်တော့... ရထားချိန်ကလိုဦးမှာ အေးအေးဆေးဆေး ခုံတန်းလေးမှာ ထိုင်နေမိတယ်။ ကောင်းကျော်စွာနှင့်အတူယှဉ်လျှောက်လာရင်း ရယ်နေတဲ့ ကြည်ပြာ့မျက်နှာလေး...။

သူပျော်ရွှင်နိုင်ပါလား

သီဟလွင်မှာဖြင့် ရင်ထဲ ဆို့နင့်ကြေကွဲပြီး အငွေ့လေး တစ်ငွေ့တောင် ဖြစ်သွားချင်နေတယ်...။ သီဟလွင်လို့ ဘယ်သူမှ မသိသောနေရာလေးမှာ ငြိမ်သက်စွာ နေချင်မိတယ်...။

မင်းညိုသာဆီလည်း ကြိုအကြောင်းမကြားမိပါ...။ စိတ်မှာဝမ်းနည်းစိတ်က တုံထိုင်းနေသလိုပါလား ရထား မြန်မြန်လာရင်ကောင်းမယ်။

ကြည်ပြာ့ရဲ့ ရယ်နေတဲ့ မျက်နှာကို ထပ်တလဲ မြင်ယောင်နေပါတယ်။ ကြည်ပြာရယ်နိုင်လိုက်တာ...။ ငါမှားနေပြီလား... ခက်တာက ငါဘယ်သူ့ကိုမှ မတွေ့ချင်တော့တာပါပဲ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

မင်းညိုရေ သွားမယ်ဆိုမှ ဘသိန်းတင်ခေါ်လို့ သရက်ချိုင်ပါသွားသတဲ့ မင်းညိုတို့က အဲဒါမျိုးပေါ့... မြို့လိုက်မယ်လည်းပြောသေး...။

" သူ့စာရှိရင် ဝင်ယူခဲ့ပေးပါတဲ့ "

ဒါမျိုးခိုင်းချင်သေးတယ် ဒါကြောင့်မို့ တစ်ယောက်တည်း စက်ဘီးစီး ထွက်လာခဲ့တာပေါ့။ မိုးကာဂျာကင်လေးယူလာပေမယ့် မိုးကမရွာ ဒါပေမယ့် ရွာမှာပါ ခုရက်ပိုင်း မိုးရွာတာ ပိုစိပ်လာပြီလေ...။ စက်ဘီးနင်းလာခဲ့ရင်းမှ မမနိုင်ဆီထည့်မယ့်စာကို သတိရနေမိတယ်။ ကျေးဥန္တယ်ဆီကစာကိုသာ မမနိုင် ရသွားရင် ဘယ်လောက်အံ့ဩလိုက်လေမလဲ။

စိတ်မှာ အံ့ဩဖွယ်ကောင်းအောင် ကြည်လင်နေတာပါလား

သေချာရဲ့လား ကျေးဥန္တယ်

တစ်ချိန်တုန်းက နင့်ရှေ့မှာ မိုးဇော်ခိုင်နဲ့ နုနုယဉ်ကို တွေ့ရင် ဘယ်သွားရမှန်းမသိ မှားခဲ့တဲ့ ခြေလှမ်းတွေ...၊ အခုရော... အခု သူတို့ နှစ်ယောက်နဲ့တွေ့တယ်ရင်...။

သေချာတယ်

ရဲဝံ့စွာတွေ့ဆုံရမှာပါပဲ။

ဘာဖြစ်တာလဲ ဘာဖြစ်ခဲ့တာပါလိမ့် တစ်ချိန်က ဘာတွေဖြစ်ခဲ့တာပါလိမ့်လို့ ကျေးဥန္တယ်ဘာသာပင် တွေးမရနိုင်။

စာသွားထည့်တယ်။ ပြီးတော့မှ စာအုပ်ဆိုင်မှာ မှာထားတဲ့စာအုပ်တွေယူပြီး မင်းညိုရဲ့ စာတွေသွားယူရတာပေါ့။ အောင်သိန်းက ကျေးဥကို မြင်တာနှင့်ပဲ

" မကျေးဥလာတာ အတော်ပဲ သည်မှာ မင်းညိုသူငယ်ချင်း ရောက်နေတယ်.. မင်းညိုဆီသွားချင်လို့ ဘယ်လိုသွားရမလဲ မေးနေတယ် "

" မင်းညိုသူငယ်ချင်း..."

အောင်သိန်းပြောမှကြည့်မိတာ

www.burmeseclassic.com

www.burmeseclassic.com

မြင့်မားသောအရပ်နဲ့... ဒါပေမယ့် မျက်နှာလေးကတော့ နုနုလေးပါ။

" ကိုသီဟလွင်... မကျေးဥက မင်းညိုရဲ့အစ်မပါ မင်းညိုတို့ ဆေးအိမ်မှာပဲ နေတာ... မကျေးဥနဲ့လိုက်သွားရင် မင်းညိုဆီ သေချာပေါက်ရောက်ပါမယ်..."

" မင်းညိုတောင် ပထမလိုက်လာဦးမလို့ပဲ... နောက်မှ ပါမလာလို့... လာလေ လိုက်ခဲ့ပါ... ကျေးဥက မင်းညိုအစ်မ ကျေးဥနွယ်..."

စက်ဘီးကိုတွန်းလျှောက်လာတော့ ဆေးနားကနေလိုက်လာတယ် မျက်နှာကလည်း အပြုံးမရှိလိုက်တာ ငြိမ်သက်လွန်းသလိုပါပဲ မင်းညိုနဲ့ ဘယ်တုန်းက ခင်တာလဲဆိုတော့ ဆယ်တန်းတုန်းက ရန်ကုန်မှာ ကျူရှင်တက်ရင်းခင်တာတဲ့။

" ကျေးဥ လက်ဖက်ရည်သောက်ဦးမှာ လာလေ မင်းက မင်းညို သူငယ်ချင်းဆိုတော့ ငယ်မှာပါ... မောင်လေးလိုပဲ သဘောထားမယ်..."

လက်ဖက်ရည်ဆိုင်မှာ ထိုင်တော့မှ သေချာကြည့်မိတယ်။ ကောင်လေးက တကယ်ပင် နုဖတ်နေတာပဲ... သည်ကို ဘာလာလုပ်ပါလိမ့်...။

" ရွာက ဝေးလား "

" မဝေးလှပါဘူး စက်ဘီးစီးရင် နာရီဝက်ပေါ့ "

" စက်ဘီးနဲ့သွားရမှာလား "

" ဒါပေါ့ စက်ဘီး မြင်းလှည်း နွားလှည်း ခြေလျင် တစ်ခုခုပဲရမယ်..."

" မကျေးဥနွယ်စက်ဘီးနဲ့ ကျွန်တော်က ဘယ်လိုစီးရမှာလဲ "

" မင်းညိုဆို မြို့ကိုလာရင် ကျေးဥ ကယ်ရီယာပေါ်က လိုက်တာပဲ မင်းလည်း သည်လိုပဲလိုက်ပေါ့... မင်းနာမည် ဘယ်သူ..."

" သီဟလွင်..."

" သီဟလွင် "

" ဖိုးသီလို့ ခေါ်လည်း ရတယ် "

" ဖိုးသီ... ကောင်းသားပဲ တို့ကို ကျေးဥပဲခေါ်... မင်းညိုလည်း အစ်မသာဆိုတာ ကျေးဥပဲ ခေါ်တယ်..."

" ကျေးဥ... မလုပ်ပါနဲ့ ကျွန်တော် မကျေးလို့ပဲခေါ်မယ်လေ..."

လက်ဖက်ရည်ဖိုးကို သူကရှင်းနေလို့ အကြီးနဲ့ အငယ်နော်ဆို ကျေးဥ ကတင်းပေးရတယ်...။ ယူရမယ့် စာအုပ် ပစ္စည်း အားလုံးပါပြီ... မိုးမရွာခင်လေးမှာ ရွာအရောက်နင်းရမှာ။

www.burmeseclassic.com

" သွားစို့ ဖိုးသီ..."

" မကျေးနင်းလို့ဖြစ်မလား ကျွန်တော် နင်းရမလား "

" အားမနာပါနဲ့ မင်းညိုနဲ့ဆို ကျေးဥပဲနင်းတာပါ..."

ဖိုးသီဆိုတဲ့ ကောင်လေးကတော့ စက်ဘီးနောက်မှာ ပါလာပြီ...။ ငါးမျက်နှာနားက ဖွက်တွေကိုလှမ်းမြင်ရပြီ

ဖိုးသီရေ

ခဏဆင်းဦး ငါတို့ ဖွက်ထဲမှာတော့ တွန်းရလိမ့်မယ်ဆိုပြီး ဘေးနား မြက်တွေထဲက စက်ဘီးတွန်းရတယ်...။ သူကတော့ ဖွက်တွေကို လိုက်ကြည့် နေလေရဲ့။

" ရွှံ့ဖွက်တွေများ ဘာထူးဆန်းလို့ ကြည့်နေရတာလဲ ဖိုးသီ "

" အဲလို ရွှံ့ဖွက်တွေထဲ သူငယ်ချင်းတစ်ယောက် ချော်ကျတာ အမှတ်ရလို့ပါ..."

ဖွက်တွေကျော်အောင် ဘီးကိုတွန်းရတယ် ပြီးတော့မှ စက်ဘီး ပြန်နင်းကြရတယ်...။ မိုးအုံ့နေလို့ စက်ဘီးနင်းရတာ မပင်ပန်းပါဘူး...။ လေလေး တဖြူးဖြူးနဲ့ ပျော်စရာတောင်ကောင်းသေး။ အနောက်မှာ ထိုင်လိုက်တဲ့ မောင်မင်းကြီး သားက တိတ်နေပါလား ဘာတွေကြည့်ပြီး ဘာတွေအတွေးများနေပါလိမ့်။

သူ့ဘာသာ ဘယ်လိုနေနေ မင်းညိုသူငယ်ချင်းကို မင်းညိုအိမ်ကို အရောက်ပို့ပြီးရင် ကျေးဥ တာဝန်ကျေပါပြီ...။

မိုးရေ မရွာပါနဲ့ဦး...

ဒါပေမယ့် တရိပ်ရိပ်တက်နေသော မိုးသားညို့ညို့တွေ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ရထားပေါ်မှာလည်း စိတ်ထဲ မတင်မကျ...

သည်မျက်နှာတွေကို ရင်မဆိုင်ရဲစွာထွက်လာခဲ့ပေမယ့် စိမ်းသောဝန်းကျင်ဆီ သွားရသော ခြေလှမ်းတွေ... နွေးကွေးတုံ့ဆိုင်းနေတာဝန်ခံပါရဲ့။ ဘာမှမတွေးဘူးကွာ ဘာမှမတွေးနဲ့... ငါအခုရောက်သွားမယ့်နေရာမှာ သီဟလွင်ဆိုတာ ဘယ်သူဆိုတာ သိတဲ့လူ မရှိဘူးလို့သာ... အားပေးထားရတယ်။

မင်းညိုသာဆီကို စာထည့်နေကျအိမ်ကို ရောက်ခဲ့တယ်...။ ကိုအောင်သိန်းက ဖော်ရွေပါတယ်

“ မင်းညိုက မနက်ပိုင်းဆို မြို့တက်လာတတ်ပါတယ်။ ခဏစောင့်ကြည့် လိုက်ပါလား... နေ့ခင်းကျတော့မှ ကျွန်တော် မြင်းလှည်းရှာပြီးတင်ပေးမယ် ”

ဒါကြောင့်မို့ ကိုအောင်သိန်းရဲ့ အိမ်မှာပဲ ခဏစောင့်ရင်း ကအုပ်ဖတ်နေဆဲမှာ...။

မကျေးဥန္နယ်တဲ့

မင်းညို အစ်မလို့ဆိုပါတယ်။ မောင်နှမရင်းချာမရှိပေမယ့် ဝမ်းကွဲတွေ ရှိမှာပေါ့လေ။ ပုံစံကတော့ မိန်းမ မဆန်... ယောကျ်ားလျာများလား။

ပုဆိုးအကွက်ကို လုံချည်လို တိုတိုဝတ်ပြီး ရှပ်အင်္ကျီက ဂျင်းရှပ်အပြာကို ကောက်ကြယ်သီး သေချာတပ်ဝတ်ထားတယ်။ ကက်ဦးထုပ်နဲ့ ဒါပေမယ့် မျက်နှာကတော့ ထင်းနေသော မျက်ခုံးမျက်လုံးတွေနဲ့ ကြည့်လို့ကောင်းသား။

လက်ဖက်ရည်ဆိုင်မှာ မျက်နှာချင်းဆိုင်ထိုင်နေရလို့ မြင်တာပါ...။ စိတ်တွေ ပြစ်လွန်းလို့ ဘယ်သူ့မှလည်း စကားမပြောချင်ပါဘူး။

စက်ဘီး နောက်ကလိုက်ရတယ်

အားနာနေသလိုပဲ...မိန်းကလေးတစ်ယောက်နင်းတဲ့ စက်ဘီးနောက်က လိုက်စီးရတာ သည်တစ်ခါ ပထမဆုံး...။

ဖိုးသီလို့ခေါ်ပါဆိုတယ်။ သူ့ကိုတော့ မကျေးလို့ပဲ ခေါ်လိုက်တယ်

www.burmeseclassic.com

ကိုယ့်ကိုယ်ကို ဘာတွေလုပ်မိမှန်းမသိ ဒါပေမယ့် အခုတော့ သူတို့တွေနှင့် ဝေးရာကို ရောက်နေခဲ့ပြီ။ ဗွက်တွေများအရောက် ဖက်ဘီးကို ဆင်းတွန်းကြပါတယ်။ ဇော်ကိုတစ်ယောက် ထရစ်ပ်ထွက်တုန်းက ဗွက်ထဲချော်သွားတာ အမှတ်ရမိတယ်။

ရည်ရွယ်ချက်မဲ့နေသလိုမို့ လူက အရုပ်တစ်ရုပ်လို ဖြစ်နေတယ်လေ။

" အစ်မ... အစ်မ... ဘယ်သွားမှာလဲ..."

နွားလှည်းတစ်စီးပေါ်ကို မကျေးက လိုက်အော်နေပြန်တယ်။ နှုတ်ဆက်ကြတာထင်ပါရဲ့လေ။ ဟိုကလက်ပြပြီးတော့ ထန်းပင်ချောင်တဲ့...

" ကျေးဥ အစ်မလေ လုမ္ဗိနီနွယ်တဲ့... အစ်မက သားဖွားဆရာမလေ သည်နားက ရွာစဉ်လှည့်ပြီး ကိုယ်ဝန်ဆောင်တွေဆီ သွားတယ် မွေးလူနာတွေဆီ သွားတယ်... အိမ်မှာ မရှိတာများတယ် အိမ်မှာအမေတစ်ယောက်ပဲရှိတယ် "

" ဟုတ်လား... မကျေးကရော ဘာလုပ်လဲ "

" ကျေးဥလား... ကျေးဥက ရွာရဲ့ အထွေထွေလူကြီးပေါ့... တစ်ရွာလုံး ကိစ္စမှာ ပါတယ်လေ.. နောက်ဆို ဖိုးသီတွေ့ရမှာပါ..."

" မင်းညိုအိမ်မှာ လူများလား "

" ကြုံကြုံဖန်ဖန်... အဘနဲ့ အမေမြရယ် မင်းညိုရယ် သုံးယောက်တည်း..."

ဒါဆိုတော်သေးတာပေါ့လေ။ မင်းညိုက တဖွဖွအလည်ခေါ်နေတာနဲ့ သီဟကလည်း စိတ်ညစ်လွန်းလို့ ထွက်လာတာရယ် တိုက်ဆိုင်ပြီး ရောက်လာပေမယ့် မိသားစုတွေ ရှုပ်ထွေးနေမှာတော့ စိတ်ပူသွားတယ်။

" ဖိုးသီ... ဒါ မင်းညိုအိမ်ပဲ ဟိုဘေးက အိမ်ကလေးက ကျေးဥတို့အိမ် လာပါ မင်းကို အိမ်ထဲထိပို့မယ်..."

အိမ်ထဲထိပို့မယ်ပြောတုန်း အိမ်ပေါ်လှေကားက ဆင်းလာတဲ့ မင်းညိုကို တွေ့ရပြီ

" ဟာ... သီဟ..."

ဝမ်းသာအားရ လာပြီးကို ဖက်တာ...

" ဝမ်းသာလိုက်တာ သီဟရာ... မင်းကျောင်းပိတ်ရက်လည်း မဟုတ်ပါလား... ဘာဖြစ်လို့လဲ..."

မင်းညိုက အခန်းထဲမှာ သူ့အတွက် နေသားတကျဖြစ်အောင် စီစဉ်ပေးပြီးမှ မေးပါတယ် ရောက်ရောက်ချင်းမှာတော့ သူ့ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကိစ္စတွေ မပြောချင်တာနဲ့ မင်းကိုငါ အေးဆေးကျ ရှင်းပြပါမယ် အခုလောလောဆည်တော့ ငါသည်မှာ ကြာကြာနေလို့ရမလားလို့ပဲ မေးမိတယ်။

" သီဟ... မင်းနေမယ်ဆို တစ်သက်လုံး နေလို့လည်းရတယ်..."

" ငါ ဆေးကျောင်းတက်နေတာ ဘယ်သူ့မှ မပြောပါနဲ့ မင်းသူငယ်ချင်း မင်းလိုပဲဆိုတဲ့ပုံမျိုးနဲ့ နေပေးပါလား... ငါ အားလုံးကို မေ့ထားချင်လို့ပါ..."

မင်းညိုသာက သူ့ကိုခဏတော့ စူးစူးစမ်းစမ်းလေးကြည့်ပြီးတော့မှ အေးပါကွာ... မင်းပျော်သလိုနေပါတဲ့...။

" မင်းတို့ရွာကို မြို့ကနေ ဘယ်လိုလာရမှန်းမသိဖြစ်နေတုန်း မကျေး ရောက်လာလို့..."

" မကျေး... ဩော် ကျေးဥလား ဘယ်လိုလဲ ကျေးဥကို သဘောကျလား ကျေးဥက အပျိုကြီးနော်... တစ်ရွာလုံး သူမပါတဲ့နေရာမရှိဘူး... မင်းသဘောကျလို့ ကတော့ ငါကအကြိုက်ပဲ အစ်မနဲ့ ပေးစားလိုက်ရင် မင်းနဲ့ငါ တစ်သက်လုံး အတူနေလို့ရပြီ..."

မင်းညိုသာစကားကြောင့် သူ့မှာစိတ်ရှုပ်တဲ့ကြားက ပြုံးရသေးတယ်လေ...။ မင်းညိုသာတို့အိမ်က နှစ်ထပ်အိမ်ပါ... အောက်ထပ်ကတော့ ခြေတံရှည်လိုဖြစ်ပြီး အကာမရှိပါဘူး အပေါ်ထပ်ပြတင်းမှနေ သီဟ ငုံ့ကြည့်လိုက်တဲ့အခါ မကျေးတို့အိမ် ကို မြင်နေရပါတယ်။

" အဲဒါက မကျေးအမေလား "

" ဟုတ်တယ် ငါ့အဒေါ်ပေါ့..."

" မကျေးက အမေနဲ့တူတာပဲ... အမေက အတော်ချောတယ် "

" ဒါဆို ကျေးဥချောတယ်လို့ မင်းဆိုလိုတာပေါ့ ကျေးဥက သိပ်လှတာ... မင်း မမြင်ဖူးလို့ တစ်ချိန်က ကျေးဥဟာ ရွာမှာ အလှဆုံး စာအတော်ဆုံးပေါ့။ ဆယ်တန်းကို ဂုဏ်ထူးတွေအများကြီးနဲ့အောင်လို့ ရန်ကုန်မှာ အင်ဂျင်နီယာ ကျောင်းတောင် သွားတက်တာ "

" ဒါဆို သူက အင်ဂျင်နီယာလား "

" ဟင့်အင်း တတိယနှစ်လောက်မှာ ဟိုမှာဘာဖြစ်လဲမသိပါဘူး မေးလို့ကို မပြောပါပဲ ရွာပြန်လာပြီး ခုလိုမျိုး ယောကျ်ားဆန်ဆန်နေပြီး စာလည်းဆက်မသင် တစ်ရွာလုံးက လူမှုရေးတွေမှာပါ... နေချင်သလိုနေနေတယ် ခုချိန်မှ တွေးကြည့်တာ

www.burmeseclassic.com



ကျေးဥပဟာ အသည်းကွဲပြီးများ စိတ်နာလာတာလား..."

မင်းညိုသာစကားကြောင့် သီဟ အံ့သြရပါပြီ။ ဘာလို့ဆိုတော့ ဝန်းကျင်တစ်ခုက လူတွေရဲ့ မျက်ဝန်း နှုတ်ခမ်း အားလုံးကို ကြောက်ရွံ့ရင်မဆိုင်ရဲဘဲ ထွက်ပြေးလာသော သီဟလွင်အတွက် ကျေးဥပဟာ ဘဝတူတွေများလား။

" သူစိတ်ညစ်နေဟဲ့ ပုံစံရှိလား "

" သူ့ရင်ထဲတော့ မသိဘူးပေါ့ကွာ... အပြင်ပန်းတော့ ပျော်သလို နေနေတာပါပဲ..."

" သားရေ "

ခေါ်သံနှင့်အတူ မင်းညိုသာအမေရောက်လာလို့ နှုတ်ဆက်ရတယ်။

" ဒေါ်ကြီးမြကတော့ သားသူငယ်ချင်းတွေက သားတွေပါပဲကွယ်... ပျော်သလိုနေ ပျော်သလောက်နေ..."

" အမေ... အဖေရော..."

" နင့်အဖေ ထန်းပင်ချောင်သွားတယ် ဟိုမှာ နွားတစ်ကောင်ရောင်းမှာ သူလိုချင်လို့ဆိုလား..."

" အဖေက နွားတွေဝယ် မြင်းတွေဝယ်နဲ့... နောက်ဘက်မှာ ခြံကတော့ ကျယ်ပါတယ် ဒါပေမယ့် သံချောင်းက ဂရုစိုက်တာမဟုတ်ဘူး... အချိန်တန် ကျေးဥကသာ လာကြည့်ပေးနေတာ..."

" ဟဲ့... သားက ဂရုစိုက်ပေါ့ ကိုယ့်မိဘပစ္စည်း ကိုယ်ဂရုစိုက်ပေါ့ ကျေးဥက မနေတတ်လို့ အကုန်လျှောက်လုပ်ပေးနေတာ သည်ကြားထဲ နင့်အဖေက ထော်လာဂျီဝယ်ချင်သေးသတဲ့ နောက်ဆုံး ကျေးဥခေါင်းပေါ်ရောက်မှာရှိ တားထားရတယ်..."

မင်းညိုသာအမေဒေါ်ကြီးမြက ချစ်စရာကောင်းပါတယ် ပြောင်းမှု ဖက်လိပ်ကြီးဖွာပြီး မျက်နှာဖလေးက ပြုံးလို့...။ မင်းညိုသာအဖေနှင့်တော့ မတွေ့ရသေး။

" အမေ... သီဟက သူ သည်မှာ ကြာကြာနေချင်တာ ကျွန်တော်တို့ အားနာနေသတဲ့ "

" ဘာလို့ အားနာရမှာလဲ သားရယ်... ပျော်သလောက်နေ... ဒေါ်ကြီးမြတို့မှာ မင်းညိုတစ်ယောက်ပဲရှိတော့ အိမ်က ခြောက်ကပ်နေတာ

www.burmeseclassic.com



ကျေးဥလာမှ စိုးပြောတာ မင်းသူငယ်ချင်းက ရွာစဉ်လျှောက်လည်နေတာကတစ်မျိုး အဖိုးကြီးက အပြင်ထွက်နေတာကတစ်မျိုး... အိမ်မှာ ဒေါ်ကြီးမြပဲရှိတာ နောက်မှ ငါ့သား ပျင်းပြီး ပြန်ချင်မှာပဲ စိုးရတာ..."

ခုလိုမျိုးပြောတယ်ဆိုတော့ ကြာကြာနေရမယ့်သူက နေသာတာပေါ့လေ...။ အမေ ထမင်းချက်ချေဦးမယ်ဆို ထွက်သွားပါပြီ။ သားလေး... မစားတဲ့အသားရှိရင် ပြောနော်တဲ့...။ ကျွန်တော်အမဲသားတစ်ခုပဲ မစားပါဘူးဆိုတော့ ဒေါ်ကြီးမြတို့လည်း အမဲသား မစားဘူးတဲ့...။

" နင့်အဖေ မြင်းလှည်းယူသွားတယ်... မိုးကရွာတော့မှာ တော်ကြာ ပွက်နစ်နေဦးမယ်..."

" ကျေးဥ ခေါ်သွားတာမဟုတ်ဘူး "

" ကျေးဥက မြို့သွားတာကိုး... နင်လိုက်ပါလား မလိုက်ပဲနဲ့..."

မိုးသံ ဖျောက်ဖျောက်ကြားရပြီ သွပ်မိုးပေါ်ကျတဲ့ မိုးသံကို မကြားရတာကြာလေတော့ နားမှာ ပြင်းထန်နေသလိုပါပဲ...။ ပျော်စရာလိုလို လွမ်းဆွေးစရာလိုလိုနဲ့...။ ဘာလို့များ နာကျင်ခြင်းဟာ ရင်မှာ ပြည့်နှက်နေရသလဲ။

" နားဦး သီဟ... ဖြည်းဖြည်းမှ စကားပြောကြသေးတာပေါ့... မင်းအိပ်တော့... ငါလည်း သွားစရာရှိတာသွားဦးမယ် ဘာမှ အားနာစရာမရှိဘူး... ဘာမှ မကူနဲ့ ငါ့လိုသာ အိမ်မှာ ကြိုက်သလို ပျော်သလိုနေ "

မင်းညို ထွက်သွားပြီ...။ သူတစ်ယောက်တည်း အိပ်ယာပေါ်ကျန်ခဲ့တယ်။ ယမ်းပျောက်နေတဲ့ လူတစ်ယောက်လိုပါပဲ မှောင်မည်းနေတဲ့ အချိန် ရှေ့မှာဘာမှ မမြင်ရပဲ စမ်းတဝါးဝါးလျှောက်နေရသလိုပါလား...။ ဘာတွေလုပ်မိနေပါလိမ့်...။ ခုရောက်တဲ့နေရာမှာရော ပျော်မှာတဲ့လား။ သွားစရာနေရာ မရှိတော့သလိုပါလား။

" ဒေါ်ကြီးမြရေ မွှေးနေတာပဲ ဘာဟင်းတွေ ချက်နေလဲ... ဝက်သားလား ...းသီကိုတော့ စွဲနေအောင် ဒေါ်ကြီးမြလက်စွမ်းပြပြီထင်တယ် "

အောက်ထပ်မှာ ဆူညံညံအသံက မကျေးအသံလို့ မပြောပဲသိတယ်...။

မကျေးပျော်ရွှင်နေသလား

တစ်ချိန်ကဆိုတဲ့ စကားလေးကြားမိတဲ့အခါမှာ...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" မင်းညီအသက်လောက်ပဲ အစ်မရဲ့ မင်းညီလိုပဲ ဘွဲ့ရပြီးစ လျှောက်လည်နေတာထင်တယ်... ကောင်လေးက ချစ်စရာလေး မျက်နှာလေးက နုဖတ်နေတာပဲ..."

ဖိုးသီရောက်နေသည့်အကြောင်း အစ်မကိုပြောပြမိတယ်...။ အစ်မကတောင်ကျေးဥဆီက ကောင်လေးတစ်ယောက် ချစ်စရာလေးဆိုတာ သည်တစ်ခါပဲကြားဖူးတယ်ဆိုတော့ ရှက်သွားသလိုပါပဲ...။

" အစ်မကလည်း ကိုယ့်မောင်လေးသူငယ်ချင်းကို မောင်လေးတစ်ယောက်လို မြင်လိုက်ပြီးတာပဲ... အမေဘာဟင်းလဲ တစ်ချက် ယူသွားမယ် "

" ငါးကြင်းနဲ့ မျှစ်ချဉ် "

" အမေကလည်း မျှစ်ချဉ်တွေ ချက်ပြန်ပြီ တော်ကြာသွေးတိုးမယ် "

" ငါက ငါးဖတ်ပဲ စားပါမယ် "

အမေ့စကားကြောင့် ကျေးဥရယ်လိုက်တော့ အစ်မက အမေနေမကောင်းမှာစိုးလို့ပြောတာ ငါးဖတ်ကလည်း မျှစ်ချဉ်ရည်တွေ ဝင်နေမှာပေါ့တဲ့။

အမေ့အတွက် ငါးဟင်းပဲ သတ်သတ်ချက်ပါတဲ့...။ အမေကတော့ အစ်မပြောလည်း မသိချင်ယောင်ဆောင်နေတော့တာ။ ငါးနဲ့မျှစ်ချဉ်တစ်ချက် ခပ်ပြီးဟိုဘက်အိမ်ကူးလာခဲ့တယ်။ မြင်းလှည်းရပ်ထားတော့ အဘညီ ပြန်ရောက်ပြီပေါ့...။

" ဟင် အဘနဲ့ ဒေါ်ကြီးက စားနေပြီ "

" အင်းလေ... ငါတို့အရင်စားနှင့်ပါတဲ့... ဘာတွေလဲ "

" ငါးကြင်းနဲ့ မျှစ်ချဉ် "

" အဘတို့ ပြီးနေပြီ ကျေးဥရဲ့ နင့်မောင်တွေနဲ့စား "

အဘက ထမင်းစားပြီးတာနှင့် ကျောင်းဆုပေးပွဲ အစည်းအဝေးခေါ်လာလို့ဆို ထွက်သွားတယ်။ ဒေါ်ကြီးမြနဲ့ ထမင်းကူပြင်ရတယ်။

" မင်းညီရေ... ထမင်းပြင်ပြီးပြီ လာစား..."

" လာပြီ ကျေးဥ လာပြီ "

www.burmeseclassic.com

လှေကားအလယ်ကနေ အပေါ်ကို အော်ခေါ်လိုက်တယ်။ မင်းညိုကတော့ ပုံ့သူငယ်ချင်း အားနာမှာစိုးလို့ထင်တယ် ငါတို့ မောင်နှမက ဟင်းခွက်များအောင် ကိုဘက်အိမ်နဲ့သည်ဘက်အိမ် ဖလှယ်ရင်း အတူစားနေကျတဲ့လေ။

" စား ဖိုးသီ နင်ရှက်နေရင်တော့ ငတ်မှာပဲ..."

ဟင်းတွေသူ့ပန်းကန်ထဲ ခပ်ထည့်ပေးလိုက်တယ် ဘယ်လိုကောင်လေးလဲ သွက်လက်လိုက်တာ ငြိမ်သက်ပြီး တွေတွေဝေဝေနဲ့ စိတ်နဲ့ကိုယ်မကပ်သလိုပါလား။

" ကောင်းရဲ့လား "

" ဗျာ "

" ဟင်းကောင်းလားမေးတာ "

" ကောင်းပါတယ်... ဝက်သားဟင်းလည်းကောင်းတယ် ငါးနဲ့မျှစ်ချဉ် လည်း ကောင်းတယ်..."

" သီဟ... မင်း ပျင်းနေရင် ကျေးဥနဲ့ စကြည့်တိုက်တို့ ရွာထဲတို့ လိုက်သွားနော် ငါလည်းပို့ပါမယ် ငါက အဘနိုင်းရင် တစ်ခြားရွာတွေ သွားချင် သွားနေတာ... ကျေးဥရေ... သီဟကို ငါတို့ရွာမှာ ပျော်အောင်ဂရုစိုက်ပါ..."

" အင်းပါ... တော်ကြာ နင့်သူငယ်ချင်း ရွာမှာပျော်လွန်းလို့ မြို့မပြန်နိုင်ဖြစ်နေမယ် ထားအိတို့ မော်လေးတို့လို ကွမ်းတောင်ကိုင်တွေနဲ့ ပါတ်ဆက်ပေးလိုက်မယ် "

" ကောင်းတယ် ငါ့သူငယ်ချင်း ရွာမှာ စွဲသွားရင် အကြိုက်ပဲ အစ်မလှမွန်နဲ့ ပေးစားရင်ကော..."

" နင့်သူငယ်ချင်း နားလေးနေမှဖြစ်မှာ... အစ်မက ပူညံပူညံ..."

ထမင်းစားတာကလည်း ယောကျ်ားလေးဖြစ်ပြီး နည်းလိုက်တာ။ ထမင်းဝိုင်းသိမ်းတော့ မင်းညိုက ဘယ်တုန်းကမှ မကူတော့ ထွက်သွားရော။

" သည့် ဟင်းပန်းကန်တွေ ဘယ်သွားထားရမလဲမကျေး "

" နေ နေ ဖိုးသီ နေပါ... ကျေးဥဘာသာသိမ်းမယ် "

ကူသိမ်းပေးပါတယ်... သူ့ခမျာ ဧည့်သည်ဆိုတော့ အားနာတယ်ထင်ပါရဲ့ မင်းညိုလာခွဲခေါ်မှ ပါသွားရော့။ ထမင်းပန်းကန်တွေဆေးပြီးရင် ပြန်မယ်လေ... ဂကြည့်တိုက်သွားဖွင့်ရဦးမှာ။ စာအုပ်စာရင်းတွေမှတ်ရဦးမယ်...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

မင်းညိုရဲ့ အဖေနှင့် အမေက သဘောကောင်းလွန်းပါတယ် သည်တော့ နေရတာ စိတ်ချမ်းသာရပါတယ်...။ ဒါပေမယ့် စိတ်က နောက်ကြောင်း ပြန်ပြေး နေသလိုပါပဲ...၊ မြို့ရောက်တဲ့နေ့တော့ အန်တီလေးဆီ ဖုန်းဆက်ပြီး စိတ်မပူဖို့ ပြောရမယ်။ ဘယ်သူ့အကြောင်းမှ သိလည်း မသိချင်တော့ပါဘူး...။

နားထဲမှာ တရွမ်းရွမ်းလိုလိုမြည်သံကိုကြားရတော့ လန့်နိုးလာခဲ့တယ်။ ဘာသံလဲ။ ဒါကြောင့်ခြင်ထောင်ထဲကနေ ခေါင်းထွက်လိုက်တဲ့အခါမှာ...။

" သီဟ... ပြန်အိပ်ဦး... အစောကြီးရှိသေးတယ် "

" ငါကြားနေတာဘာသံလဲ..."

" ကျေးဥ တံမြက်စည်းလှဲနေတာ..."

" တံမြက်စည်း လှဲနေတယ်..."

အံ့သြစရာပဲ

အပြင်မှာ အလင်းရောင်မရှိသေးဘူး။ တံမြက်စည်းလှဲသံကို မှန်မှန်ကြားနေရတယ် ဒါကြောင့် စိတ်ဝင်စားလာမိတယ်။

" ငါသွားကြည့်ဦးမယ် "

မျက်နှာတောင် မသစ်ပါပဲ အိမ်ပေါ်မှ ပြေးဆင်းလာမိတယ်။ အိမ်ရှေ့ ရေစည်ပိုင်းမှာ ကမန်းကတန်း သွားတိုက် မျက်နှာသစ်ပြီး အိမ်ပေါ်ကို မျက်နှာသုတ်ပုဝါလည်း ပြန်မယူချင်တာမို့ သည်အတိုင်း ခြံပြင်ထွက်ကြည့်မိတယ်။

လမ်းခတ်မီးတိုင်က ဝါကျင့်ကျင့်အရောင်ပဲရှိတယ်... လမ်းပေါ်မှာ တံမြက်စည်းရှည်တစ်ချောင်းနှင့် လူတစ်ယောက်လို့သာ ခပ်လှမ်းလှမ်းမှ မြင်ရတယ် မင်းညိုက ကျေးဥလို့ ပြောလို့သာ မဟုတ်ရင် ဘယ်သူရယ်လို့ သီဟ သိမည်မထင် အနားကို လျှောက်လာခဲ့မိတယ်။

" မကျေး... စောလှချည်လား "

" ဟဲ့ ဖိုးသီ... မအိပ်ဘူးလား "

www.burmeseclassic.com

www.burmeseclassic.com

" တံမြက်စည်းလှဲသံကြားတော့ နိုးလာတယ် "

" ဒါဆို ကျေးဥကြောင့် နိုးရတာပေါ့ ဆောရီးဟာ "

" ရပါတယ်... ကောင်းတဲ့ အလုပ်လုပ်နေတဲ့သူပဲ "

" မင်းညိုရော "

" အိပ်ယာထဲမှာ "

" သွားနှိုးလိုက် ဖိုးသီ... တံမြက်စည်းလှဲရင်း အကြော်ဆိုင်ဘက် ...စောကြီး အကြော်သွားစားကြမယ် "

" အကြော်... ကောင်းတာပေါ့ "

" မင်းညိုကို နှိုးခဲ့လေ... စောင့်နေမယ် "

အိမ်ပေါ်ပြန်တက်ပြီး မင်းညိုကို နှိုးရတယ် မျက်နှာသုတ်ရင်း အင်္ကျီနဲ့ ...ဘောင်းဘီပါ လဲလိုက်တယ်။

"ကျေးဥနဲ့ သွားမှာမဟုတ်လား မင်းလိုက်သွားလိုက်ပါ ငါညက စိုက်နာလို့ ...အိပ်သာထတက်ရတာ အိပ်ချင်နေလို့ပါကွာ... သွားလိုက်ပါ ငါ့အစ်မကျေးဥကို ...မင်းကြိုက်ရင် ငါသဘောတူပါတယ် "

မင်းညိုကလည်းလေ ဘာမှမသိပါပဲ သူ့အစ်မကျေးဥနဲ့ အရမ်းသဘောတူ ...နေတယ်... သီဟလွှင်ရင်ထဲမှာက ကြည်ပြာမွေ့နှောက်ရင်း နာကျင်နေဆဲပါ။ ...ကျေးဥကတော့ လမ်းတစ်လျှောက်တံမြက်စည်း လှည်းနေတော့တာပါလား။

" ကျွန်တော် အမှိုက်ကျုံးပေးမယ် မကျေး "

" ကောင်းတာပေါ့ ဖိုးသီ... မင်းညိုက တစ်လနေလို့ တစ်ခါ မကူညီဘူး"

" မကျေး နေ့တိုင်း တံမြက်စည်းလှဲသလား "

" လှဲတယ်... သည်လမ်းတစ်လျှောက် ဟိုးဘုန်းကြီးကျောင်းအဝင်ထိ ...လှည်းမှာ... မနက်ပိုင်း ဘုန်းဘုန်းတွေ ကိုရင်တွေ ဆွမ်းခံထွက်မှာလေ..."

" ကျွန်တော် သည်မှာနေသရွေ့ မကျေးကို အမှိုက်ကျုံးပေးမယ် "

" ကြားရုံနဲ့ ကျေးဇူးတင်နေပါပြီ ဖိုးသီ... မင်း အိပ်ရေးပျက်ပါတယ်"

" ကျွန်တော် နိုးပါတယ်..."

အနောက်ဘက်ကောင်းကင်မှာ မိုးချုန်းပြီးတော့ လျှပ်စီးတန်းဖြတ်ပြေးတာကို ...မြင်ရတယ်...။ အလင်းရောင်ကတော့ မပီပြင်သေးဘူး...။ မကျေးလှည်းပြီး ...ကားသမျှ အမှိုက်တွေ လိုက်ကျုံးပေးရတယ် အလုပ်တွေဖိလုပ်နေရင် ...အားလုံးကို

မှေ့ထားနိုင်မယ် ထင်ပါရဲ့လေ....။ စကားများများမပြောချင်ပါဘူး အလုပ်တွေများများ လုပ်နေတာဟာ အတွေးတွေကို ဖြတ်နိုင်လိမ့်မယ်ထင်ပါရဲ့....။

" ကျေးဇူးတင်တယ် ဖိုးသီ အကြော်ကျွေးပါမယ် လက်ဆေးခဲ့တော့

" ဟုတ်ကဲ့ မကျေး..."

မကျေးနှင့် နှစ်ယောက် လျှောက်လာခဲ့ကြတယ်။ အရုဏ်အလင်းရောင်က ပီပြင်စွာတွေ့လာရပြီ။

" အကြော်ကြိုက်လား "

" စားပါတယ် ကျွန်တော် သိပ်အစာမရွေးပါဘူး "

အကြော်ဆိုင်လေးကို လှမ်းမြင်ရပြီ

" ဒေါ်ကြီးခက်... ဘာကြော်တွေရပြီလဲ "

" ဘူးသီးကြော်နဲ့ မန်းကြော်ပဲရဦးမယ် ကျေးဥ... သမီးဖို့ ဒေါ်ကြီး ကောက်ညှင်းပေါင်းဝယ်ထားတယ်... မရွှေဆီက ပဲပြုတ်လည်းယူထားတယ် ဟိုအုပ်ဆောင်းအောက်မှာရှိတယ် "

" ဟုတ်ကဲ့... ကောင်းလိုက်တာဒေါ်ကြီးခက်ရယ် ကောက်ညှင်းပေါင်းနဲ့ အကြော်ကောင်းမှကောင်း... စား ဖိုးသီ... အားမနာနဲ့... မင်းညိုသူငယ်ချင်း မောင်သီဟတဲ့ ဒေါ်ကြီးခက်..."

အကြော်နဲ့ ကောက်ညှင်းပေါင်းက ကောင်းလိုက်တာ။ ဒါပေမယ့် ဝမှာစိုးရိမ်လို့ဆို ဆီကြော်တွေရောင်သော ကြည်ပြာကို ဖျတ်ခနဲ သတိရမိတဲ့အခါ... ဘယ်လောက်ဝေးဝေး အတွေးမှာ သတိတရဖြစ်ဆဲပါလား။

" စားလေ "

" တော်ပြီ ကျွန်တော် ဝပြီ "

" မင်းက ယောကျ်ားလေးဖြစ်ပြီး မင်းညိုလောက်တောင် မစားနိုင်ဘူးနော် ဖိုးသီ... မင်းညိုဆို တစ်အား စားနိုင်တာ... ဘာလဲ ဝိတ်လျှော့နေတာလား "

" မဟုတ်ပါဘူး... ဆီနဲ့အကြော်တွေစားရင် လည်ချောင်းရှလို့ပါ... ကြိုက်ပါတယ်..."

မကျေးနှင့် ပြန်လာတဲ့အခါ ဒေါ်ကြီးခက်ရဲ့သားနဲ့ သူငယ်ချင်းမို့ ကူညီမိတာတွေလည်း ပြောပြပါတယ်။ အနားက လျှောက်လာတဲ့အခါ မွှေးနေတဲ့ ရနံ့တစ်ခုကိုရတယ်လေ...။

www.burmeseclassic.com

 www.burmeseclassic.com 

" မကျေး ရေမွေးဆွတ်လာတာလား "

" ရေမွှေး… ကြံကြံဖန်ဖန် ဘာရေမွှေးမှ မဆွတ်ဘူး ဘာလို့လဲ "

" မွှေးနေလို့ "

" ဩော်… သနပ်ခါးကမွှေးတာနေမှာပါ တို့က နံ့သာဖြူကြိုက်တယ် နံ့သာဖြူသွေးလိမ်းထားတာ…"

သည်လိုဖြေမှ မကျေးမျက်နှာက သနပ်ခါးဘဲကျားတွေကို တွေ့မိတယ်… ။ မှုန့်ကမှောင်နေလို့သတိမထားမိပါဘူး… ရှပ်အင်္ကျီအဖြူဖွားဖွားကြီးက အတော်ဟောင်းနေပေမယ့် သေချာလျှော်ထားပုံရပါတယ်။ ဘာလို့များသည်လို ပုဆိုးကွက်ကြီးတွေ ယောကျ်ားပုဆိုးတွေကို လုံချည်အဖြစ် ဝတ်ပါလိမ့်… ။ မျက်လုံးမျက်ခုံးလေးတွေ လှပါလျက်… ။ သည်ကကတ်ဦးထုပ်ကြီးကလည်း နေ့ရောညရောများ ဆောင်းထားလေသလား… ။

" သည်မှာ ဘုရားရှိလား "

" ရှိတာပေါ့… ဘုန်းကြီးကျောင်းနောက်ဘက် တောင်ပေါ်လေးမှာရှိတယ် ဟယာတယ် ဘုရားပေါ်ကကြည့်ရင် ရွာကို အပေါ်စီးက တွေ့ရတယ် ဖိုးသီကို လိုက်ပို့ပေးရဦးမယ်…"

" ညနေသွားမယ်လေ.."

သည်မှာနေရတာ တစ်ခုတော့ သဘောကျပါတယ်။

သီဟလွင်ရဲ့ ကွဲအက်ကြေမွနေသော နှလုံးသားကို ဘယ်သူကမှ ဖရေးတယူလုပ် ပြောမနေတော့ဘူးပေါ့။

" ကျေးဥ ဘယ်လဲ "

" ဈေးသွားဝယ်မယ် "

" မြို့သွားမှာလား "

" မသွားဘူး ကုန်းမြောင်ဈေးသွားမှာ… သည်နေ့ရွာဈေးမှာ ဘာမှမရဘူး ဂက်လည်းမရှိ ကြက်လည်းမရှိနဲ့ … ငါးသလောက်တွေပဲဆိုတော့ အမေနဲ့မဖြစ်ဘူး ကုန်းမြောင်မှာက ငါးရနိုင်တယ် "

" နင်သွားရင် သီဟခေါ်သွားပေးပါလားဟာ သူပျင်းနေမှာစိုးလို့ပါ "

" နင်ကရော ကိုယ့်ဆီ အလေးကလာတဲ့ သူငယ်ချင်းပစ်ပြီးဘယ်သွားမလဲ"

" အမေခိုင်းလို့ ထန်းပင်ချောင်မှာ ကြွေးတောင်းသွားရမယ်… ကူညီပါဟာ"

www.burmeseclassic.com

 www.burmeseclassic.com 

မင်းညိုကတော့လေ သူ့သူငယ်ချင်းကို သူကခေါ်မသွားပါပဲ ကျေးဥနှင့်ထည့်နေပြန်ပါပြီ။ စက်ဘီးလေးနှင့် အိမ်ရှေ့ကဘဲလ်တီးခေါ်လိုက်တော့ မင်းညိုနှင့် ဖိုးသီထွက်လာတယ်

အမယ်

မင်းသားက ရှာရောက်နေတာကို ရုပ်ရှင်ရိုက်လာတယ်များ မှတ်နေလား...။ ဂျင်းဘောင်းဘီကတော့ ထားပါ အပေါ်က စပို့ရှပ်က ဖွေးဆွတ်နေတာပဲ။

" ကျေးဥ "

" ဘာလဲ "

" ငါ့သူငယ်ချင်းက ချောတယ်မဟုတ်လား... နင် ကြည့်နေတာ မျက်လုံးကြီးလည်း ကျွတ်ကျ..."

စကားမဆုံးလိုက်ဘူး မင်းညိုခေါင်းကို ခေါင်ခနဲမြည်အောင် ခေါက်ပစ်လိုက်တယ်လေ...။ မှတ်ကရောပဲ။ ပေါက်ကရပြောဦး။

" မင်းညိုကလည်းကွာ မကျေးကို အားနာစရာ... မင်းအစ်မက ငါ့အစ်မပါပဲ "

ဖိုးသီက ခုလိုပြောဖော်ရလို့တော်သေး။

ကျေးဥ စက်ဘီးနင်းလိုက်တော့ ဖိုးသီက နောက်မှ ခုန်တက်လိုက်တယ် ကျေးဥမျက်လုံးတွေကလည်း လျှင်မြန်လွန်းစွာ အိမ်ထဲမှ အစ်မ လှမ်းကြည့်နေတာ မြင်ပါတယ်။

" မင်းညိုကပြောတော့ သူသွားတဲ့ရွာမှာ ဘာမှ ထူးဆန်းတာမရှိဘူး မကျေးအခုသွားမယ့်ရွာမှာက ဈေးရှိတယ်ဆိုတော့ ကျွန်တော်လည်း ဒေါ်ကြီးမြကို ဟင်းဝယ်ပေးချင်လို့ပါ "

" ရပါတယ်... ဖိုးသီက ဧည့်သည်ပဲဟာ သည်နားမှာရှိသမျှ လိုက်ပို့ရမှာပေါ့... သည်ရွာတွေမှာလည်း ထူးဆန်းစွာ လျှောက်လည်စရာမရှိလှပါဘူး ဖိုးသီတစ်ပတ်လောက် လျှောက်သွားကြည့်ပြီးရင် ကုန်ရော... သိပ်မကြာဘူး ပျင်းပြီး ပြန်ချင်လာမှာပါ "

" ကျွန်တော် ကြာကြာနေဦးမှာပါ..."

" ကောင်းတာပေါ့ နေပါ မင်းညိုကလည်း တစ်ဦးတည်းသောသား ဆိုတော့ အဖော်မရှိတော့ အဖော်မင်တယ်လေ..."

www.burmeseclassic.com

www.burmeseclassic.com


ကုန်းမြောင်ဘက်ကို နင်းခဲ့တယ် သည်ဘက်က ကုန်းနည်းနည်းမြင့်တော့ ဗွက်မရှိပါဘူး စက်ဘီးနင်းရတာ မဆိုးလှဘူးပေါ့။ တစ်ခုကောင်းတာက မိုးအုံ့နေတော့ စက်ဘီးနင်းရတာမပင်ပန်းဘူးလေ နေပြင်းတဲ့ရာသီဆို စက်ဘီးနင်းရတာ အရမ်းပင်ပန်းတာပါပဲ။

" ကျေးဥရေ ဘယ်လဲ "

" ကုန်းမြောင်ဈေးကို မဝေ... ကျောင်းသွားပြီလား "

" သွားပြီပေါ့... မဝေတို့က ခုမှသွားတာ ကျေးဥအဆက်ကြီးက ခုလောက်ဆို ကျောင်းရောက်နေပေါ့ "

" မဝေနော် မဝေ..."

မဝေတို့က ကိုသန့်ဇော်နှင့် ကျေးဥကိုဆို ခုလိုမျိုး စချင်နေကြပြီ။ အားနာလို့ ပြန်မပြောပေမယ့် ကျေးဥ မကြိုက်ဘူးလို့တော့ ပြောထားပါလျက်။

" မကျေးချစ်သူရှိသလား တော်ကြာ ကျွန်တော်နဲ့ သွားတာလာတာ ပြောမလား "

" မဟုတ်တာ ပေါက်ကရတွေ ဘာချစ်သူမှမရှိဘူး သူတို့က နောက်နေတာ ဘယ်သူမှမပြောဘူး... ကျေးဥပုံက ချစ်ချင်စရာကို... ချစ်သူရှိရအောင်..."

ပြောရင်းမှ စိတ်ဟာ ဖျတ်ခနဲဆို မိုးဇော်ခိုင်လို့ ရွတ်ကြည့်မိပြန်ပါပြီ ပဲ့ညြဖွယ်ရာပဲ နှလုံးဟာ သည်နာမည် သည်ပုံရိပ်နှင့် လုံးဝစိမ်းကား ပျောက်ကွယ်သွားပါပေါ့လား...။ သည်သို့ တစ်နေ့ဖြစ်လာလိမ့်မယ် ကျေးဥ မထင်ခဲ့မိပါ။

" ရှေ့က ကုန်းမြောင်ရွာပဲ... မေ့သွားတယ် အပြန်မိုးရွာမလား မင်းကို ထီးယူခဲ့ မပြောမိဘူး "

" ရပါတယ် ကျွန်တော် သည်လောက်မနုပါဘူး "

ကုန်းမြောင်ဈေးကတော့ စည်နေဆဲ...။

ကုန်းမြောင်ဟိုဘက်မှာက ကန်ရှိတော့ ငါးပိုပေါတယ် ကျေးဥတို့ ရွာဘက်မှာကတော့ ငါးလာရောင်းတဲ့လူရှားတာကိုး။

" မကျေး ဘာဝယ်မလဲ "

" ဟဲ့ ကျေးဥ.... ဈေးလာဝယ်သလား "

ကိုရွှေသီဟလွင်တစ်ယောက်က သပ်ရပ်သန့်ရှင်း ချောမောနေတော့ ယုံသည်သူစိမ်းမှန်း ချက်ချင်းသိတာပေါ့... အရေးထဲ ဈေးမှာ ကုန်စုံဆိုင်ဖွင့်ထားတဲ့

www.burmeseclassic.com

အထက်တန်းကျောင်းက သူငယ်ချင်းနုတင်က မေးလိုက်သေး။

" ကျေးဥ... ဒါ နင့်ချစ်သူ အင်ဂျင်နီယာလား..."

နုတင်တော်တော်ဆိုး။

ချစ်သူလား အင်ဂျင်နီယာလားတဲ့။

ဖိုးသီက ကျေးဥကို ဖျတ်ခနဲဆို လှမ်းကြည့်တာတွေ့ပါတယ်။ ဒါကြော
ဖိုးသီရေ လာ လာ ငါးတန်းသွားကြည့်မယ်ဆို ထွက်လာခဲ့ရတယ်။

ကျေးဥက အမေနှင့်တည့်မယ်ထင်တဲ့ ငါးချုနဲ့ ငါးကြင်းပဲ ဝယ်တာပါ

" မကျေး... ငါးသလောက်တစ်ကောင်လောက် ဝယ်ချင်တယ်
ဒေါ်ကြီးမြပြောတော့ သူတို့လည်းစားတယ်ဆို ကျွန်တော် ဝယ်မလို့ "

" ဝယ်လေ..."

ငါးသလောက်ဝယ်ပေးတယ် သူက သိတတ်သားပဲ။ ဟင်းသီးဟင်းရွက်
နည်းနည်းဝယ်ပြီး သူတို့ဈေးကထွက်ခဲ့ကြတယ်လေ။ ရွာကိုဖြတ်ပြီး စက်ဘီးနင်းရင်
ကျေးဥက ရွာကိုလိုက်ပြတာပါ... ရွာကလည်း ထွက်ပြီးရော မိုးတိမ်တွေက
ချက်ချင်းမည်းညိုလာခဲ့ပြီ။ ဖိုးသီကြည့်တော့လည်း ကျော့မော့လှပနေတာကလွဲပြီ
မိုးကာဖို့ဘာမှမပါ...။ ကျေးဥကတော့ သွားလေရာ မိုးကာ ဂျာကင် ခေါင်းစွပ်လေး
ပါတယ်...။

မိုးပေါက်တွေအကျမှာတော့ စက်ဘီးကို ခဏရပ်လိုက်တယ်။

" ဘာလို့လဲ မကျေး "

" မင်းမှာ ဆောင်းစရာဘာမှမပါဘူး... ကျေးဥမှာက မိုးကာဂျာကင်ပါတယ်
ခေါင်းစွပ်ဆောင်းလိုက်ရင်ရတယ် သည်တော့ ကျေးဥ ကက်ဦးထုပ်ကို
မင်းဆောင်းလိုက် "

ပြောပြီးတာနှင့် ကက်ဦးထုပ်ကို ချွတ်လိုက်တဲ့အခါမှာ...
ကပ်ဦးထုပ်နောက်ဘက် အပေါ့အတင်း သံကွင်းလေးနဲ့ ဆံပင်က ကလ
ညိသွားပြီးတော့။

ဆံပင်တွေကို ပတ်ပြီး ခေါက်ထားသမျှ အကုန်ပြေကျတော့တာပဲ
မိုးကြောင့်ရယ် ရုတ်တရက်ရယ်ဆိုတော့ ဆံပင်ကို ဘယ်လိုမှ မထိန်းလိုက်နိုင်

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရေ

ဦးထုပ်နဲ့ ညီပြီး ထွေးခနဲ လျှောကျလာတဲ့ ဆံပင်တွေ...။ ဆံပင်တွေက ူးခေါက်ခွက်တောင်ကျော်ပြီး မည်းနက်လှပ တောက်ပြောင်နေတာပါပဲ...။ လှလိုက်တာ။ မကျေးကလည်း ရုတ်တရက် သူ့ကို လှမ်းကြည့်ပြီး သူ့ဆံပင်တွေကို ပြန်ပတ်နေတယ်လေ။ မိုးပေါက်အတော်များလာပြီ။ ပြီးတော့မှ မကျေးက မိုးကာ ကာကင်လေးဝတ်ပြီး ခေါင်းစွပ်အုပ်လိုက်ပြီးတော့ စက်ဘီးနင်းပြီလေ....။ သူ့မှာသာ ဦးထုပ်ကလေးဆောင်းရင်းမှ... ခုနက မြင်လိုက်ရသောဆံပင်တွေကိုသာ သေချာကျနစ ျည်နှောင်ရင် သိပ်လှလေမလား တွေးနေမိပါပြီ။

" ဖိုးသီ... မင်းက ဘာမေဂျာနဲ့ ဘွဲ့ရတာလဲ "

သီဟကို မင်းညိုလို ရိုးရိုးမေဂျာတစ်ခုယူထားသည်လို့ထင်ထားပုံပါပဲ။ ါကြောင့်မို့ ပြန်လည်းမဖြေချင်တာနှင့်။

" မကျေးကကော ဘာလို့ ပြန်လာတာလဲ မကျေးစာသိပ်တော်တယ်လို့ မင်းညိုက ပြောတယ် "

" ဒါတွေက ကျန်နေခဲ့ပါပြီ... ခုချိန်တော့ အထွေထွေအလုပ်သမားပါပဲ ါးသလောက်ပေါင်းရင် ကောင်းမှာ... အိမ်မှာတော့ အမေက သွေးတိုးရှိတော့ စားသည့်တဲ့အစာတွေ မချက်ရဲဘူး အမေ ခိုးစားမှာ... ခိုးစားတယ် ပြောမရပါဘူးလေ ကြောင်စားတယ်ပြောရမှာ... ခပ်တည်တည်ယူစားရော... အစ်မနဲ့က တချိန်းချိန်း ဖြစ်ကြရော..."

" သွေးတိုးတာ ဘာဆေးသောက်လဲ "

" မသိဘူး... အစ်မ တိုက်တာပဲ..."

မိုးကထင်သလောက်မသည်းပေမယ့် အဝတ်တွေ စိုထိုင်းကုန်ပြီလေ...။ ါပေမယ့် လေပြင်းတာကဆိုးပါတယ်။ မကျေး မနည်းအားယူနင်းနေရတာမို့တော့ ားနာမိတယ်။

" ကျွန်တော် နင်းမယ် မကျေး... မကျေး အရမ်းပင်ပန်းနေပြီ..."
" ရတယ် "
" မရပါဘူး... ကျွန်တော် နင်းပါရစေ "
" ရွာကိုလည်း မြင်နေရပါပြီ လမ်းလျှောက်မလား "
" ဟုတ်တယ် လေအရမ်းပြင်းနေတယ် လမ်းလျှောက်ရအောင်..."
နှစ်ယောက်သား လမ်းလျှောက်ကြပြန်တော့...
မကျေးက ရေစိုနေသော လုံချည်တွေရွဲပြီး လမ်းလျှောက်ရခက်နေပြန်ရော။
" လာပါ မကျေးရယ် ကျွန်တော်နင်းပါရစေ "
စက်ဘီးကတော့ ငယ်တည်းက စီးနေတာ နင်းနိုင်ပါတယ်...
နောက်မှ မကျေးခုန်တက်လိုက်တဲ့အခါမှာ ကျောပြင်ကို ပုခုံးစွန်းနှင့် ထိနေပါလား။ အားနာနေသလိုပါပဲ ဒါပေမယ့် လေပြင်းကို အံတုပြီး နင်းနေရတော့ သဘောကျလိုက်တာ။ ဘာပဲပြောပြော ပတ်ဝန်းကျင်နဲ့ ရာသီဥတုလေးက ကောင်းလိုက်တာ။ ရှေ့မှလာနေသော မြင်းလှည်းကို ရှောင်ရင်းနင်းခိုက်မှာ။
" ကျေးဥ... အစ်မ တမာကုန်းမှာ မွေးလူနာရှိလို့ လိုက်သွားတယ် အမေရယ်... ဝက်သားတွေချက်နေလေရဲ့ သီဟလွင်ကို ကျွေးချင်လို့ဆို ချက်တာ စားလိမ့်မယ် ကြည့်ထားဦးနော် "
မြင်းလှည်းထဲကနေ အစ်မလှမ်းအော်သွားတယ်လေ။ မကျေးအစ်မကတော့ ရွာစဉ်လှည့်သွားနေတာပါလား။
" တွေ့လား ဖိုးသီ မင်းကို အကြောင်းပြပြီး ဝက်သားသွားရှာတာ ကျေးဥဖြင့် အမေ မတည့်တာတွေ မစားရအောင် အဝေးသွား ဈေးဝယ်ရတယ်..."
" တချို့လူကြီးတွေက ကလေးတွေလို ပြန်ဖြစ်နေတယ်... ချော့ပြောပေါ့ မကျေးရယ်..."
" မင်း စကားပြောတဲ့အသံမှာ မောသံပါနေပြီ "
" သိပ်မမောပါဘူး အရင်က စက်ဘီးနင်းနေကျပါ... ပြိုင်ဘီးစီးနေကျ နောက်ပိုင်း အန်တီလေးက ကားဝယ်ပေးလိုက်တာမှာတင် အကျင့်ပါသွားပြီ ကားပေါ်က မဆင်းတော့ပဲ... လူလည်း အမောသိပ်မခံနိုင်တော့တာ "
" ဒါဆို မင်း တက္ကသိုလ်တက်တုန်းက ကားနဲ့ပေါ့ "
" ဟုတ်တယ်... မကျေးရေ လေပြင်းလို့ ထင်တယ် မိုးလှုပ်သွားတယ်နော်

www.burmeseclassic.com

 www.burmeseclassic.com 

" မိုးလွင့်သွားပေမယ့် ဝတ်ထားတဲ့အဝတ်တွေက စိုကုန်ပြီ ပြန်ရောက်ရင် နွေးနွေးထွေးထွေးဝတ်ဦး..."

" မကျေးလည်း ဂရုစိုက်ပါ... တော်ကြာ မနက်ဖြန်မနက် တံမြက်စည်း မလှဲနိုင်ပဲ နေမယ် "

အိမ်ပြန်ရောက်လာပြီ.... မင်းညိုတော့မရှိပါ။ အဘကတော့ မိုးသိပ်ရွာတယ်ကွာဆိုပြီး... သူ့အခန်းထဲသူဝင်ပြီး ဘုရားစာဖတ်ရင်း လှဲနေတယ်။ ဒေါ်ကြီးမြကတော့ မီးဖိုမှာ။ သီဟာဝယ်လာတဲ့ ငါးသလောက်ကို ပေါင်းပေးမယ် ဘာလို့ ရှားရှားပါးပါး ဝယ်လာရသလဲဆို ပြောနေလေရဲ့...။ မိသားစုတွေပဲ ဒေါ်ကြီးမြရယ်လို့ ပြောရပါတယ်။

မိုးမိပြီး စိုထိုင်းလာလို့ ရေချိုးမည်လို့ အိမ်ပေါ်ကဆင်းလာပါတယ် လှေကားအလယ်ကနေ ရပ်ပြီး အံ့ဩစွာဖြင့် ကြည့်နေမိပါပြီ။

ဆံပင်တွေ ရေစိုသွားပုံရတယ်

ခေါင်းလျှော်နေတာပါလား...။ အမျိုးသမီးတစ်ယောက် ရင်လျားနှင့် ရေချိုးနေတာကို ခုလိုမျိုးရပ်ကြည့်နေမိတာ မသင့်တော်ဘူးဆိုတဲ့ အသိစိတ်ရှိပေမယ့် မင်သက်မိသလိုကို ကြည့်နေမိတယ်။ ဖြူဝင်းသော အသားအရည် နက်မှောင်သော ဆံပင်ရှည်တွေ ထင်းနေသော မျက်ခုံးတွေ ဘယ်လို သနပ်ခါး ဘာမှမရှိသော အလှ။

ကျေးဥ သိပ်လှတာ

အရင်ကရွာရဲ့ ကွမ်းတောင်ကိုင်ဆိုသော မင်းညိုပြောဖူးသည့် စကား အမှတ်ရပါတယ်။ ရေချိုးရင်းနှင့် စိတ်တွေက ရန်ကုန် ပြန်ရောက်သွားသလိုပါပဲ။ ကြည်ပြာကတော့ ကျော်စွာနှင့် ပျော်နေမှာ။ စိတ်က ချက်ချင်း သည်အသိမှာ နောက်ကျိသွားသလိုပါပဲ...။

" သီဟာ... မိုးမိလာတာလား "

" အင်းလေ... ငါက ပျင်းပြီး ထီးယူမသွားမိဘူး... ထီးယူလည်း မရပါဘူး... ထီးပိတ်ထားရမှာပါ လေက အရမ်းပြင်းတာပဲ..."

" ကျေးဥနင်းတဲ့ စက်ဘီးစီးရတာရော မကောင်းဘူးလား..."

" ဟာ... မင်းညိုကလည်း..."

" ကျေးဥနဲ့ဆို မင်းကိုသဘောတူပါတယ် "

www.burmeseclassic.com

" အေးအေးနေပါ မင်းညို့ရယ်... ငါသည်မှာ အေးအေးဆေးဆေးနေတုန်း မင်းက အဲလိုမျိုး မကျေးနဲ့လျှောက်စရင် ငါအားနာပြီး မျက်နှာပူနေရမယ်... မင်းလိုက်မပို့နိုင်တဲ့ နေရာတွေ ငါက မကျေးနဲ့ လိုက်သွားရမှာ... တော်ကြာ အားနာပြီး... မသွားရပဲနေပါမယ်..."

လေတွေပြင်းလွန်းလို့ ထင်ပါရဲ့ မိုးကပြေးပြီ။ ဒေါ်ကြီးမြရဲ့ ငါးသလောက်ပေါင်းနံ့ကလည်း မွှေးကြိုင်နေပါပေါ့...။

" မင်းညို... မကျေးကို ထမင်းစားခေါ်လိုက်ပါလား "

" အတူလက်ဆုံစားရတာ ကြိုက်နေပြီ ဆိုပါတော့ "

" မင်းကတော့ကွာ..."

မကျေးအမေက မတည့်တဲ့ ငါးသလောက်ပေါင်းစားမှာစိုးရိမ်လို့... သည်ကိုခေါ်တာပါ...။

ဘာပဲပြောပြော သည်မှာနေနေရတာ... မတွေ့ချင်တဲ့လူတွေ မတွေ့ရတာ ကိုက စိတ်အေးနေသလိုပါပဲ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

စာကြည့်တိုက် အမိုးသွပ်ပြားပေါ်မိုးပေါက်ကျသံတွေပြင်းထန်နေတယ်လေ မိုးကြောင့် စာကြည့်တိုက်လေးမှာ စာအုပ်လာငှားတဲ့သူရော လာဖတ်တဲ့သူတွေပါ မရှိကြပါဘူး...။ ကျေးဥတောင်မှ မဂ္ဂဇင်းစာအုပ်ဖတ်ရင်း အိပ်ငိုက်ချင်လာသလို ပါပဲ ခဏနေ သည်အတိုင်းဆိုရင် ပိတ်ပြီးပြန်တော့မယ်...။

" မကျေး "

" ဟယ် ဖိုးသီ မိုးရွာကြီးထဲမှာ..."

" ကျွန်တော် ရွာထဲထွက်တော့ မိုးမရွာသေးဘူး မကျေးရဲ့..."

" တစ်ယောက်တည်းလား မင်းညိုရော "

" မင်းညို ရွာထဲက သူ့သူငယ်ချင်း ကျော်တင့်တို့အိမ်မှာ ကျန်နေခဲ့တယ် လိုက်လာခဲ့မယ် စာကြည့်တိုက်မှာ မကျေးရှိတယ် သွားနှင့်ဆိုလို့..."

" ဘာစားမလဲ "

" ဘာရမှာမို့လဲ..."

" ရေနွေးရှိတယ် ခွက်ဗူးထဲမှာ... သည်အချိန် မိုးရွာလို့ ကိုတင်အောင် လက်ဖက်ရည်ဆိုင်တောင် ရှိပါ့မလား "

တစ်ရွာလုံး တစ်ဆိုင်တည်းသာရှိသော ကိုတင်အောင့် လက်ဖက်ရည်ဆိုင် ကလည်း ခုလောက်မိုးရွာရင် ပိတ်ချင်ပိတ်ပစ်လိုက်တာ...။

" လာလေ ဖိုးသီ... လက်ဖက်ရည်ရမလားမသိဘူး... စာကြည့်တိုက် ပိတ်ခဲ့တော့မယ်..."

" မင်းညိုလာရင် လွဲနေမလား "

" ရတယ်... သူလိုက်လာမှာပဲ..."

စာကြည့်တိုက်တံခါးပိတ်နေတော့ ဖိုးသီက ကျေးဥကို ထီးမိုးပေးပါတယ်

" ကျေးဥ "

" ဩော် "

www.burmeseclassic.com

 www.burmeseclassic.com 

လှည့်ကြည့်လိုက်တော့ အစ်ကိုသန့်ဇော်ပါလား။

အစ်ကိုသန့်ဇော်ရဲ့အကြည့်တွေက ဖိုးသီဆီမှာပါလား...။ ဖိုးသီကလည်း ဖျတ်ခနဲတော့... အစ်ကိုသန့်ဇော်ကိုလှမ်းကြည့်ပါတယ်။

" စာကြည့်တိုက် ပိတ်ပြီလား "

" မိုးရွာနေတော့ စာဖတ်တဲ့လူရော ငှားတဲ့လူရော မရှိဘူးလေ... ပြန်တော့မလို့... ငှားချင် မနက်ဖြန်မှပဲ ငှားပါတော့ "

" အိမ်ပြန်မှာလား အဒေါ်နဲ့လှမွန်ကိုတွေ့ချင်လို့ အစ်ကိုလည်း လိုက်ချင်ပါတယ်..."

" ကျေးဥ အိမ်မပြန်သေးဘူး... ဖိုးသီနဲ့ သွားစရာရှိတယ် အိမ်မှာ အမေနဲ့ အစ်မ ရှိတယ် တွေ့ချင်ရင်သွားလိုက်ပါ... လာဖိုးသီ "

ဖိုးသီလက်ကို တမင်ဆွဲခေါ်လိုက်ပြီး ဖိုးသီဆောင်းပေးတဲ့ထီးရိပ်မှာ လိုက်လာခဲ့တယ်။ အစ်ကိုသန့်ဇော်တော့ နောက်ကနေကြည့်နေမလား။ မကြိုက်ပါဘူးလို့ ပြောထားပြီးသားကို...။

" မကျေး လူလား "

" ဘာ မကျေးလူလဲ..."

" ကြည့်ရတာ မကျေးကို သဘောကျနေသလိုပဲ... မျက်လုံးတွေ ကြည့်ရတာ..."

" အလကားပါ... အစ်မ သူငယ်ချင်း... ကျေးဥက မကြိုက်ဘူး..."

ဖိုးသီကတော့ ဒါပဲပြောပြီး ငြိမ်သက်စွာပဲ လိုက်လာပါတယ်။ ကောင်လေးနှယ်... အရပ်က မြင့်လိုက်တာ သူ့ကို ငုံ့ကြည့်ရင် မော့နေရတယ်။ ကျေးဥက သူ့ကို မော့အကြည့်နဲ့... သူက ပြန်အကြည့်...။

ဟင်...။

သည်သို့သော လှိုက်ခနဲခံစားမှုတွေက နှလုံးသားကို ဘယ်သောအခါ ရောက်မလာနိုင်တော့ဘူးလို့ ယုံကြည်ထားပါလျက် ဘယ်သို့ ဖြစ်ရတာလဲ။ ခြေလှမ်းတွေတောင် ယိမ်းယိုင်သွားသလိုပါပဲ။

" မကျေး... ထီးရိပ်ကို ဝင်မှပေါ့... မိုးပေါက်တွေရှိနေတယ် ဘာလို့သည်လောက် မြန်အောင်လျှောက်နေသလဲ "

" မိုက်ဆာနေပြီ..."

www.burmeseclassic.com

 www.burmeseclassic.com 

ကိုတင်အောင်ဆိုင်လေးဖွင့်ထားဆဲ။ တော်ပါသေးရဲ့။ ဒါကြောင့် ဆိုင်ထဲလည်းဝင်ရော... ဟယ် မင်းညို...။ မင်းညိုက ကျော်တင့်နဲ့ လက်ဖက်ရည်သောက်နေတာပါလား...။

" ဩော် မင်းညို... တော်တော်အကျင့်ပုတ်ပါလား ငါတို့တော့ထားခဲ့ပြီး သည်မှာ လာစားနေတယ်..."

" ဘာရှိလဲ ကိုတင်အောင် "

" ပဲမုန့် "

" အင်း... သည်ပဲမုန့် အခြောက်ကြီးပဲ ရှိပါလား... မစားချင်ပါဘူး"

" ပေါင်မုန့် ထောပတ်သုတ်ပေးရမလား "

" ကောင်းတယ် ဖိုးသီရော..."

" ကျွန်တော်လည်း ပေါင်မုန့်ထောပတ်နဲ့ လက်ဖက်ရည်တစ်ခွက်..."

" မင်းညို ကျေးဥတို့နဲ့ နေမှာဆိုနေခဲ့ဦး ငါ မင်းပြောတဲ့ သစ်ကိစ္စတွေ သွားမေးဦးမယ် "

" ငါလိုက်ချင်တယ်... ကျေးဥ... ငါကျော်တင့်နဲ့ ကုန်းမြောင် ခဏ လိုက်သွားမယ် အမေ့ပြောလိုက်..."

မင်းညိုကတော့လေ... ပြောပြောဆိုဆို ထွက်သွားပါပြီ။ ဖိုးသီကတော့ ဂူ့ဘာသာ မုန့်စားလက်ဖက်ရည်သောက်နေပါတယ်။ အေးအေးဆေးဆေးပုံစံပါပဲ။

" မကျေး စားလေ "

" အင်း... မင်းညိုကို ဒေါသဖြစ်နေတာနဲ့ "

" ဘာဖြစ်လို့လဲ သူ့အလုပ်ကိစ္စရှိလို့သွားတာ သွားပါစေ... ကျွန်တော့် ကြောင့် အလုပ်ပျက်မှာကိုပဲ အားနာနေတာ... မကျေး... ခုနက မကျေးမကြိုက်ဘူး ဆိုတဲ့လူ... ဆိုင်ရှေ့က ဖြတ်ပြီး စက်ဘီးနင်းတာ သုံးခါလောက် ရှိနေပြီ "

" ထားလိုက်ပါ..."

အစ်ကိုသန့်ဇော်က ပြောလို့ကိုမရနိုင်ပါလား။ ဖိုးသီနှင့် အတူ ယ်သွားလဲလို့ လိုက်ကြည့်တာနေမှာ...။ ဆိုင်ကပြန်တော့ မိုးစဲနေပါပြီ...။ ါကြောင့်... သွားနှင့်မယ် ဖြည်းဖြည်းလိုက်ခဲ့ဆို မိုးရွာထဲ အပြေးထွက်ခဲ့တယ်...။

ဖိုးသီ မိုးပေးတဲ့ ထီးရိပ်မှာ မနေတာ အကောင်းဆုံးပါပဲလေ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

မကျေးနှယ်… ဘာလို့ မိုးရွာထဲ ပြေးထွက်သွားရသလဲ။ တစ်ယောက်တည်း လျှောက်လာရင်းမှ စိတ်တွေက သူငယ်ချင်းတွေဆီလည်း ပြန်ရောက်တယ် အန်တီလေး တစ်ယောက်ရော သီဟလွင် ဘာဖြစ်သွားပါလိမ့်လို့ ထင်မလား ဘာတွေကိုကြောက်ရွံ့မိပါလိမ့်ဆိုတာ ခုချိန်ထိအဖြေရှာမရ မတွေ့ချင်တဲ့ လူနှစ်ယောက်ကြောင့် အဲသည့်ဝန်းကျင်တစ်ခုလုံးကို ထိတ်လန့်သွားသလား…

" ဒေါ်ကြီးမြ… မင်းညိုက ကျော်တင့်နဲ့ ကုန်းမြောင်လိုက်သွားတယ်…"

" အေး… သွားပါစေ…"

အိမ်ပေါ်တက်လာခဲ့ပြီး အဝတ်အစားလဲနေခိုက်မှာမှ

" ဒေါ်ကြီးမြ… ဝါးလုံးတွေ ဖြတ်ချင်လို့…"

" ဖြတ်လေ ကျေးဥရဲ့…"

မကျေးရောက်နေပါလား။ ပြီးတော့ လွှတိုက်သံကြားရပါတယ်။

ဘာလုပ်နေတာပါလိမ့်လို့ အိမ်အောက်ပြန်ဆင်းလာတဲ့အခါမှာ…။

မကျေးက ဂျင်းဘောင်းဘီနဲ့ပါလား အပေါ်မှာ စပို့ရှပ်လက်ရှည်ပွပွကြီးကို ဝတ်ထားတယ် ကက်ဦးထုပ်ကလည်း ဘယ်နှစ်လုံးတောင် ရှိပါလိမ့် အခုနောက်တစ်လုံး ဆောင်းထားပြန်ပြီ…။ သီဟ မျက်ဝန်းမှာ မြင်နေတာက ရှည်လျားနက်မှောင်ပြီး လှပသော ဆံပင်ရှည်တွေပါပဲ။

ဝါးလုံးရှည်တွေကို လွှနှင့်ဖြတ်နေတာပါလား။

" မကျေး ဘာလုပ်မလို့လဲ "

" မိုးများလာတော့ ကျောင်းအဝင်တံတားလေးက ဆွေးစပြုနေပြီ ဝါးတံတားရှည်လေးတစ်ခုလုပ်ပေးမလို့…"

" မကျေးက တံတားလုပ်တတ်လို့လား…"

" ရှိပြီးသားတံတားမှာ လိုတာတွေထပ်ခင်း ချည်တန်တာချည် ဘာခက်လို့လဲ…"

www.burmeseclassic.com

www.burmeseclassic.com


" ကျေးဥရေ... အမေသန်းတို့အိမ်က အိမ်သာပြုသွားလို့..."

" ငါပြောသားပဲ... မိုးမလာခင် အိမ်သာအသစ်တူးပါဆို ပြောမှမရတာ ဓုချိန် မြေတွေပျော့ပြီးရေတွေထွက်နေတာ တွင်းအသစ်တူးလို့ ဘယ်ကောင်းမလဲ..."

" မကျေးကဲ ရွာမှာ အထွေထွေလုပ်သားဆိုတာတော့ မှန်နေပြီ... နေရာအနှံ့ဝင်ပါနေတာပါလား..."

" သည်လိုပါပဲ... မနေတတ်တော့ ဝင်ကူရင်းကူရင်း ကျေးဥ မပါရင် ပွဲမစည်ဘူးဖြစ်နေလို့ပါ... ကဲ... ဖိုးသီ... တံတားသွားပြင်မယ် လိုက်မလား နွေးနွေးထွေးထွေးလည်းဝတ်ဦး... ဖျားနေမယ်..."

" ကျွန်တော့်မှာ ဆေးတွေပါပါတယ် ဖျားရင် ဆေးသောက်မှာပေါ့ "

" ဆေးကို အရမ်း မသောက်နဲ့လေ နားလည်တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ တိုင်ပင်ပြီးမှ သောက်ပါလား..."

" ဟုတ်ကဲ့..."

မကျေးက ဝါးလုံးတွေရော လွှတွေရော တူတွေ သံတွေရော အကုန်သယ်တော့ လိုက်ကူသယ်ပေးရပြန်ပါရော...။ နှစ်ယောက်သား ပစ္စည်းတွေနှင့် ထွက်လာတော့ မိုးတိတ်နေပါတယ်။

" မကျေးတို့ရွာက မြေကြီးမှာ ဗွက်မရှိတာ အရမ်းကောင်းတာပဲနော်..."

" ဟုတ်တယ်... ရေစီးသွားဖို့ပဲလိုတာ ဒါကြောင့် လမ်းဘေးမြောင်းတွေ ဖောက်ရတာ... တစ်ချို့က ကိုယ့်အိမ်ရှေ့မြောင်းဖောက်ဖို့တောင် ခပ်ပျင်းပျင်းရယ်..."

ဒါက မကျေးတို့ရွာ မူလတန်းကျောင်းတဲ့...။ ဟုတ်တာပေါ့ ကျောင်းအဝင် မြောင်းက အတော်ကျယ်တာပါလား။ မိုးများလာတော့ ရေတွေပြည့်ရေ ဘယ် ပါးတံတားလေးက ခနော်နီ ခနော်နဲ့ ဖြစ်နေပြီ...။

" သည်တံတားလေးကို သစ်သားတံတား သို့မဟုတ် အုတ်နဲ့ ကွန်ကရစ်တံတားတစ်ခု ဆောက်ရရင် ကောင်းမယ်..."

" ဩော် ရှင်ပြောမှလား သိတာပေါ့... ဒါပေမယ့် ငွေရှိဖို့လိုတယ် "

" ကျောင်းရံပုံငွေ မရှိဘူးလား "

" သည်ကျောင်းလေးတစ်ကျောင်းဖြစ်လာအောင်တောင် တော်တော် ကြိုးစားခဲ့ရတာ သည်နားက ရွာတွေမှာ တို့ရွာတစ်ရွာပဲ ကျောင်းရှိတာ... အားလုံးက ပြည့်စုံကြတဲ့ လူတွေချည်းပဲ... သည်ကျောင်းကအောင်ပြီး မြို့မှာ အလယ်တန်း

သွားတက်နိုင်တဲ့လူတောင် ခပ်ရှားရှား..."

" အဲသည့်ခပ်ရှားရှားထဲမှာ ခင်ဗျားက အတော်ဆုံးဆိုပြီး... ဘာတွေ ဖောက်ပြန်သွားသလဲ..."

သီဟလွင် သည်လိုပြောတော့ လှည့်ပြီး မျက်စောင်းထိုးသေးတာ ဘယ်လိုပဲ ကြမ်းတမ်းတဲ့ ပုံစံဖမ်းထား ဖမ်းထား... မိန်းကလေးတစ်ယောက်ရဲ့ မရွှေကျေးဥနှယ် မျက်စောင်းထိုးတတ်တာ မဆန်းပါဘူး...။

" ဒါက တို့အကြောင်းနဲ့ တို့ပါ "

" အဲသည့် တို့အကြောင်း ကျွန်တော် မသိရဘူးလား..."

သည်လိုမေးတော့ ဘာမှ မပြောပါဘူး...။ တံတားထိပ်မှာ ဝါးလုံးတွေ ပစ္စည်းတွေချပြီးတော့ တံတားဘယ်နေရာကိုပြင်ရမလဲ လိုက်ကြည့်နေပြန်ပါတယ်...။

" ရေထဲဆင်းမလို့လား... ဟာ မဆင်းနဲ့လေ မကျေး..."

ကြည့်နေတုန်း ဖျတ်ခနဲ ရေထဲဆင်းလိုက်တယ်။ ရေကစီးနေတာ အရမ်းသန်တာပဲ...။ ခက်တာက သီဟလွင် ရေမကူးတတ်ဘူးလေ ခုနေမကျေး ရေစီးမှာ မျောပါသွားရင်တောင်... သီဟလွင် ဘာလုပ်ရမှန်းသိမည်မထင် စိတ်မှာ စိုးရိမ်လာတယ်လေ မကျေး တစ်ခုခုဖြစ်သွားရင်။

" မကျေး ပြန်တက် ပြန်တက် အပေါ်ပြန်တက်ပါ..."

တံတားပေါ်ကနေ လက်ကမ်းရင်း အော်မိပါပြီ။ စိတ်မှာ ပူပန် သွားလိုက်တာ ရေစီးမှာ မကျေးမျောပါသွားမှာကို သီဟ အရမ်းစိုးထိတ်နေပြီကိုး...။

" ဘာလဲ ဘာလဲ... ဘာလဲ ဖိုးသီ "

သီဟကမ်းပေးသောလက်ကို ပြန်လှမ်းဆွဲရင်း မကျေးတံတားပေါ်ကို ရောက်လာပြီ။ မကျေးမျက်နှာကိုကြည့်မိရင်း တော်ပါသေးရဲ့လို့ ညည်းညူမိပါတယ်။

" ဖိုးသီ ဘာဖြစ်လို့လဲဟင် "

" မကျေး ရေထဲမျောပါသွားရင် ကျွန်တော် မကယ်နိုင်ဘူးလေ... ကျွန်တော် ဘာဖြစ်သွားမှန်း မသိပါဘူး မကျေးများ တစ်ခုခုဖြစ်သွားမလားလို့..."

တံတားလေးပေါ်မှာ နှစ်ယောက်အတူထိုင်မိပြီးတော့မှ။

" ဘာများလဲလို့ ဖိုးသီရယ်... ကျေးဥ ရေကူးတတ်ပါတယ်..."

" ဟင့်အင်းဗျာ... မသိဘူး ရေကူးတတ်လည်း မဆင်းနဲ့ ကျွန်တော် စိတ်ပူတယ် မကျေး တစ်ခုခုဖြစ်သွားရင် ကျွန်တော်..."

www.burmeseclassic.com

 www.burmeseclassic.com 

ပြောမိပြီးမှ ရှက်သွားတဲ့ မကျေးရဲ့ မျက်နှာလေးကြောင့် ဘာဆက်ပြောရမှန်း မသိစွာ ဝါးလုံးတွေကို တံတားပေါ်သယ်နေမိတယ်။ မကျေးမျက်နှာကို မကြည့်ရဲတော့ပေမယ့်... ရေထဲမဆင်းနဲ့နော်လို့ လှည့်မကြည့်ပဲ ပြောမိတယ်။

" ဖိုးသီး... သည်ဝါးလုံးအဆက်တွေမှာ သံကြိုးတွေချည်ပေးပါလား..."

" ရတယ်လေ... ချည်ပေးမယ် "

" သေချာချည်ဦးနော်... သံကြိုးနဲ့ဆိုတော့ ထိမိခိုက်မိဦးမယ် "

မကျေးစိတ်ပူလို့လားလို့ မေးမိတော့မလို့... တော်ပါပြီ မမေးတော့ပါဘူး။

" အား..."

ပြောထားကာမှ သံကြိုးက လက်ခုံကိုခြစ်ယူသွားလိုက်တာ သွေးတောင် စို့လာတယ်။

" ပြောတယ်မဟုတ်လား ပြောထားတဲ့ကြားက ဖြစ်တယ်... ပြစမ်းပါ"

မကျေးက သီဟလက်ကိုဆွဲယူပြီး ကြည့်ပါတယ်...။

" နောက်ဆို ကျေးဥအလုပ်သွားလုပ်ရင် ဖိုးသီမလိုက်ခဲ့နဲ့တော့ ဖိုးသီပါ နေတော့ စိတ်ပူရတာနဲ့အလုပ်မဖြစ်ဘူး... အခုပဲကြည့် တံတားက ခုထိမပြင်ရဘူး..."

" ကျွန်တော့်ကြောင့် မကျေးအလုပ်မှာ အနှောင့်အယှက်ဖြစ်ရတာ တောင်းပန်ပါတယ်... ကျွန်တော်ပြန်မယ် "

သူ့ကိုလည်း လိုက်ကူရသေးတယ် ရေထဲမျှောမှာလည်း စိတ်ပူရသေးတယ်။

သူကပဲ ဖိုးသီလိုက်လာတာ အလုပ်မဖြစ်ဘူးဆိုတော့ စိတ်ထဲ တစ်မျိုးဖြစ်သွားသလိုမို့ လှည့်ထွက်လာခဲ့တာ။ ဒါပေမယ့် မကျေးတစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချသလိုမို့ ခပ်လှမ်းလှမ်းရောက်မှ ပြန်လှည့်ကြည့်မိပါတယ်။

အလုပ်လည်းမလုပ်ပဲ တံတားပေါ်မှာထိုင်နေပါလား။ သက်ပြင်းတစ်ရှိုက် ရှိုက်ပြီး ပြန်လှည့်လာခဲ့ရတယ်...။

" ကျွန်တော့်ကြောင့် မကျေးစိတ်ညစ်ရတယ်လား "

" ဟင့်အင်း... မပြောတော့ပါဘူး အဲသည့်ဝါးလုံးတွေကူသယ်ပေး... အိမ်ရောက်ရင် လက်ခုံပေါ်ကဒဏ်ရာ ဆေးထည့်ပေးမယ်..."

မကျေးကို ဝါးလုံးတွေကူယူပေးပြီး ကူလုပ်ပေးနေမိတယ်။ ပျောက်ခွာသွားနိုင်ခြင်း မရှိပြီလား...

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ဖိုးသီပါလာတာ ရှုပ်တယ်

အဲလိုမျိုး ပြောမိပြီ...။ ဝါးလုံးတွေအသစ်ကူပြီး ပိုးဖို့ ရေထဲဆင်းတော့ အတင်းခေါ်တယ်...။ တံတားပေါ်က အတင်းလက်ကမ်းပြီး ခေါ်လို့ ဘာများလဲ မှတ်တယ် ရေထဲမျှောသွားမှာစိုးသတဲ့...။ ရှုပ်နေတာပဲ အလုပ်မပြီးဘူးလို့ တွေးမိပေမယ့် ဘာလို့များ ထွက်သွားတဲ့အခါမှာတော့ စိတ်မကောင်းဖြစ်ရသလဲ။

နောက်တော့ စကားမပြောပဲ အလုပ်ပဲ မဲလုပ်နေရတယ်။

" ဟိုစုံတွဲဘယ်သွားလဲလို့ အမေ့မေးတော့ သည်မှာဆိုလို့ လိုက်လာတာ"

မင်းညိုက အလုပ်ပြီးကာနီးမှ အော်ကျယ်အော်ကျယ်နဲ့ ရောက်လာပါပြီ။

" မင်းညိုသာ... "

မင်းညိုပခုံးကို ဖိုးသီ လက်သီးနဲ့ လှမ်းထိုးတာမြင်ရတယ်။

" ကျေးဥ... ကျောင်းရှေ့တံတားမှာ နှစ်ယောက်တွဲပြီး ပြင်နေ... ကျောင်းထဲကလူမြင်လို့ ရည်စားလူလု အနုကျွဲခတ်နေပါဦးမယ် "

" ကျောင်းပိတ်တာပဲ "

" ကျောင်းပိတ်လည်း အစ်ကိုသန့်ဇော်က ကျောင်းလာနေတတ်တာပဲ..."

" သူ့ဘာသာမြင်မြင် ငါနဲ့ဘာဆိုင်လဲ "

" ကျေးဥကမဆိုင်ပေမယ့် ဟိုကဆိုင်ချင်နေတာ "

" တော်ပါ... အစ်ကိုသန့်ဇော်ကို ငါမကြိုက်ဘူး "

" အစ်ကိုသန့်ဇော်ကိုမကြိုက်ရင် ဘယ်သူ့ကြိုက်လဲ..."

ဖိုးသီကိုကြည့်ရမှာတောင် မကြည့်ရဲသလိုဖြစ်ရပြီ။ ဒါကြောင့် မင်းညိုသာရဲ့ ကျောကို ကောင်းကောင်းထုပစ်လိုက်မိတယ်။

" မကျေး... ရေတွေစိုနေတာကြာပြီ... အအေးပတ်မယ်... ပြန်ကြရအောင် "

" သီဟ စိတ်ပူတတ်နေပါရောလား..."

မင်းညိုကတော့ ဝါးလုံးတစ်လုံးကူမသယ်ပါပဲ လှောင်နေတယ်။ အပြန်လမ်းမှာတော့... မိုးဖွဲဖွဲရွာလာတာမို့ ငါသွားနှင့်ပြီဆို ပြေးထွက်လာခဲ့တယ်။

www.burmeseclassic.com

 www.burmeseclassic.com 

ဒါတောင် မင်းညိုရဲ့ အသံကျယ်ကို ကြားခဲ့ရသေး။

" သီဟ... စိတ်ကူးမလွဲနဲ့နော်... ကျေးဥကိုသာ မင်းလက်ထပ်ရင် အိမ်အလုပ်တွေ ပြန်လှည့်ကြည့်စရာမလိုဘူး..."

အိမ်ပေါ်ပြေးတက်လိုက်တော့ အစ်မက ဆီးကြိုဆူပြန်ပါရော...။ တစ်နေ့တစ်နေ့ ရွာထဲက အလုပ်တွေလျှောက်လုပ်နေပြီး ကိုယ့်အနာဂတ် ကိုယ့်ဘဝအတွက်ကျ ဘာမှမပြင်ဆင်ဘူးတဲ့လေ။

" ပြီးတော့ ဟိုကောင်လေးနဲ့လည်း တစ်တွဲတွဲမနေနဲ့နော် ကျေးဥ... ကောင်လေးအကြောင်း ဘာမှသိတာလည်းမဟုတ်... တော်ကြာ ပုဝါပါးနဲ့ ကြက်သားအုပ်မိမှအခက်... တကယ်ဆို သန့်ဇော်ကမှ အကြောင်းသိ "

" အကြောင်းသိရင် အစ်မကြိုက်ပါလား "

" ဟင်... နင်နော် အမေကြားလား အမေ့သမီး သမီးကို ပြန်ပြောနေတယ် သန့်ဇော်လို ရိုးသားကြိုးစားတဲ့ အတွင်းသိတော့ ငြင်းလိုက်ရတာ အခုမှ ရောက်လာပြီး ဘာမှန်းမသိ အဲသည့်ကောင်လေးကျတော့ အမေ့သမီးက တွဲနေတယ်..."

" လှမွန်ရယ် ကျေးဥပျော်သလိုနေပါစေ သူ့စဉ်းစားတတ်ပါတယ်... ငါ့သမီးကကြိုက်မှ ငါ့သားမက်ဖြစ်ရမှာ "

" အမေကပါ ကျေးဥဘက်ကလိုက်ပြောနေမှတော့ အမေ့သမီးကို ပြောလို့ရတော့မလား... ဒါပဲ ကျေးဥ... ကောင်လေးနဲ့ မတွဲနဲ့ "

အစ်မကတော့ မဟုတ်တော့ဘူး

ဖိုးသီနှင့် ခင်တာ ဘာဖြစ်လဲ

မဟုတ်မှလွဲ သူ့သူငယ်ချင်း ကိုသန့်ဇော်ဘက်က သူနာနေတာနေမှာပေါ့။

" အစ်မ... သံဆူးကြိုးခြစ်မိရင် ဘာဆေးထည့်ရမလဲ "

" ဒါဏ်ရာရလာပြီ မဟုတ်လား... ပြစမ်း ဘယ်လောက်နက်လဲ "

" မပြပါဘူး... ဆေးသာပေး..."

" ဟဲ့... ဒဏ်ရာကြည့်ပြီး နက်နေရင် ဆေးထိုးတန်ထိုးရမှာပေါ့..."

" ဆေးပဲပေးပါဆို..."

" ဘယ်သူဖြစ်တာလဲ "

" အစ်မ... ဆေးပဲပေးပါဆို..."

" ဟိုကောင်လေး ဖြစ်တာ မဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com


" သိပြီ မဟုတ်လား ပေး "

" ပေးလို့မရဘူး ခေါ်လာခဲ့..."

" အဲဒါကြောင့် အစ်မကိုချစ်တာ..."

အစ်မပါးကို လိမ်ဆွဲပြီးမှ ပြတင်းပေါက်ကနေအော်ခေါ်လိုက်တယ်။

" ဖိုးသီရေ... ဖိုးသီ..."

ပြတင်းပေါက်မှနေ ထွက်ကြည့်တာမြင်ရတယ်။ ကောင်လေးက ရေချိုးနေတာကို...။ မျက်နှာသုပ်ပုဝါနဲ့ ရေတွေသုတ်နေရင်းက ဘာလဲ မကျေးတဲ့... အင်္ကျီလဲပြီးရင် အိမ်ခဏလာဦးလို့ခေါ်လိုက်တယ်။

" ကျေးဥ... ကောင်လေးက အရပ်မြင့်မြင့် ရုပ်ချောချောလေးဆိုတော့ နင်တကယ်ပဲ သဘောကျနေပြီလား သဘောကျရင် ပွင့်ပွင့်လင်းလင်းပြောနော် သူ့မိဘပတ်ဝန်းကျင် ငါလှည့်ပတ်စုံစမ်းမယ် "

" အစ်မ... မြင်းကမလှုပ် ခုံကမလှုပ်ပါနဲ့ အစ်မရယ် အစ်မညီမ ကျေးဥမလှမပကို ဖိုးသီလို ကောင်လေးက မကြိုက်ပါဘူး... ရှက်စရာတွေဖြစ်အောင် မလုပ်ပါနဲ့ "

" မကျေး "

" ဟောလာနေပြီ အစ်မ သတိထားနော် မမေးနဲ့ "

ဖိုးသီက ရေမိုးချိုးပြီး သန့်ပြန့်လှပနေပါရော။

ကျေးဥကိုလည်း မြင်ရော။

" ဟင် ခုထိ ရေလည်းမချိုး အဝတ်လည်းမလဲ အအေးမိပါမယ်ဆိုမှ မကျေး ပေလှချည်လား "

" အဝတ်အစားလဲလိုက်မယ် ထိုင်ဦး ဖိုးသီ "

ဖိုးသီကို အစ်မနဲ့လည်း ကြာကြာလွှတ်ထားလို့မဖြစ် တော်ကြာ ဟိုမေးသည်မေးနဲ့ လျှောက်မေးမှာမို့ အဝတ်အစားအမြန်လဲပြီး ထွက်လာရတယ် ဒါတောင်မှ ဖိုးသီပြန်ဖြေနေတဲ့ စကားအရဆို...။

" ကျွန်တော့်မှာ မိဘမရှိတော့ပါဘူး... အန်တီလေးနဲ့ နေတာပါ..."

" အစ်မ... ဖိုးသီလက်ခုံကို ဆေးထည့်ပေးပါဦး "

" ရပါတယ်... ကျွန်တော် ဆေးထည့်ထားပါတယ်..."

" ဟုတ်ရဲ့လား ပြစမ်းပါဦး "

www.burmeseclassic.com

 www.burmeseclassic.com 

ဖိုးသီလက်ကလေးက နူးညံ့နေတာမှာ သံကြိုးခြစ်ရာကြီးက ထင်းလို့...။ ါပေမယ့် ဆေးတော့ထည့်ထားပါတယ်...။ အစ်မကတော့ ကျေးဉကိုဘာမှ မပြောပါပဲ အရိပ်အကဲခတ်နေသလိုပါပဲ။

" မင်းကရော မင်းညိုလိုပဲ ဘွဲ့ရပြီး ဘာအလုပ်မှ မရှိဘူးပေါ့ ဟုတ်လား ခင်လေ... အလုပ်ရှိနေတယ်ဆိုရင်လည်း ခုလို လျှောက်လည်လို့ ဘယ်ရပါ့မလဲ ပင်းလည်း မင်းညိုသူငယ်ချင်းဆိုပြီး မင်းညိုလိုပဲ ပေါ့ပေါ့တန်တန်မနေနဲ့ "

" အစ်မ "

" သည်အရွယ် ဉာဏ်ကောင်းတုံး စာဆက်သင်မလား သင်တန်း ာက်မလား တစ်ခုခု စဉ်းစားသင့်တယ် အချိန်ဆိုတာ အသက်ပဲ..."

" အစ်မ... ဖိုးသီ စိတ်ညစ်ပါမယ် မပြောပါနဲ့..."

" ရပါတယ်..."

" ပြောရမှာပဲ ကျေးဉ... နင့်တောင် ပြောမရလို့... အသက်တွေကြီးလာပြီ အချိန်တွေကို ဖြုန်းတာဟာ အသက်ကို ဖြုန်းတာ... ခုချိန်ကြိုးစားမှ... လူဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကိုတော့ အနည်းဆုံး အကျိုးပြုသင့်တယ် "

" အစ်မ... အမေရေ အစ်မရယ်... ဖိုးသီကို..."

" မကျေး... ပြောပါစေ အစ်မလုမ္မွန်က ခင်မင်လို့ပြောတာပါ... ကျွန်တော် နားလည်ပါတယ်..."

အမေက ဖိုးသီအတွက်ဆိုပြီး ကြာဇံကြော် ကြော်နေတာကိုး...။ ကြာဆံကြော်တွေယူပြီးမှ ထွက်လာတယ်။

" မင်းညိုအတွက်ရော အမေ "

" နင့်မောင် နင်သဒ္ဒါနေရင် လှမ်းခေါ်လိုက်လေ..."

မင်းညိုကိုလှမ်းခေါ်လိုက်သေးတယ်။ ခဏနေမှ ရောက်လာတယ် ရောက်လာတော့ ကောင်းကောင်းမပြော။ သီဟလွင်တို့များ ငါမပါပဲသည်အိမ်ကို လာတတ်နေပါရောလားတဲ့။ နည်းနည်းမှ မကောင်းတဲ့ ကောင်လေး။

အစ်မကတော့ ဖိုးသီကို ဘာတွေများ ဆုံးမချင်နေသည်မသိ လှမ်းကြည့်နေပြီးတော့ မရယ်မပြုံးနဲ့...။ ကျေးဉ ရင်ထဲမှာတော့...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" မင်းညိုရာ... အဲလိုမျိုး မနှောက်ပါနဲ့ကွာ... လူကြီးတွေအားနာပါတယ် ပြီးတော့ မကျေးကိုလည်း အားနာပါဦး "

အားမနာနဲ့ ဒါမှ ကြော်ငြာပြီးဖြစ်ရော... မင်းကရော ကျေးဥကို သဘောမကျဘူးလား "

သက်ပြင်းရှိုက်ရပြီ

ရင်ထဲက နာကျင်နေရခြင်းတွေကို မင်းညိုသိအောင်ပြောပြမိပါပြီ ကြည်ပြာ့ရက်စက်ခြင်းတွေဟာ အဲသည့်ဝန်းကျင်တစ်ခုလုံးကို ထိတ်လန့်လာစေခဲ့တာတွေ...။ အားလုံးကို လှည့်မကြည့်ချင်တော့လို့ ထွက်လာခဲ့တာတွေ...။

" ဒါပဲ မင်းညို သည်တော့... ငါ မင်းဆီမှာ အေးအေးဆေးဆေး နေချင်လို့ လာခဲ့တာပါ... မကျေးကိုလည်း အလကား ဝေဒနာမဖြစ်ပါစေနဲ့နော် ငါတောင်းပန်ပါတယ် "

" မသိလို့ပါ သူငယ်ချင်းရာ... ဒါနဲ့ မင်းကျောင်းကရော "

" မပြောတတ်ဘူး... အန်တီလေး တစ်ခုခုစဉ်းစားထားပြီး လုပ်ထားမှာပါ "

" မင်းနဲ့ကျေးဥက အတူတူပဲ "

" ငါက ညံ့တာပါ... မကျေးမှာလည်း သူ့အကြောင်းရှိမှာပေါ့လေ ဒါကြောင့် မင်းမစပါနဲ့..."

" အေးပါ... ငါသိပါပြီ မစတော့ပါဘူး ပျော်သလောက်နေနိုင်တယ် သိဟ... ငါကတော့ ငါနဲ့တစ်သက်လုံး အတူနေတာကို အကြိုက်ဆုံးပါ ဒါပေမယ့် မင်းစိတ်ချမ်းသာဖို့က အဓိကပါပဲ..."

" ငါသည်မှာနေရတာ ပျော်ပါတယ်... တကယ်ပါ... ငါ့ကိုဘယ်သူမှ မသိပဲ လွတ်လပ်ပေါ့ပါးစွာ နေလို့ရတယ်... ငါနေရတာ စိတ်ကျေနပ်နေပါတယ်

www.burmeseclassic.com

www.burmeseclassic.com


ဟုတ်တယ်လေ

ဘယ်နေရာသွားသွား

သီဟာလွှင်လို့ ဘယ်သူမှ မသိဘူး...။

ပြီးတော့ ကြည်ပြာနဲ့လည်း မတွေ့ရဘူး...။ သွားချင်တဲ့နေရာသွား... သနားစရာကောင်းသလို အကြည့်မျိုးတွေလည်း မတွေ့ရ။ လှောင်ပြောင်နေတဲ့ မျက်နှာမျိုးတွေလည်း မတွေ့ရ။

" မင်းညိုရေ... သားလေး... သည်မှာ မင်းအဖေ မြို့ကို နိုင်းမလို့တဲ့"

" မြို့ကို... ဒါဆိုရင်တော့ မြင်းလှည်းနဲ့ နွားလှည်းတစ်ခုခုပါမှ ကျွန်တော် စက်ဘီး မနင်းနိုင်ဘူးလေ အမေ "

မင်းညိုက ဆယ်တန်းလောက်ကစက်ဘီးလဲပြီး ခြေထောက်နာပြီးတည်းက ဒဏ်ပြန်ပြန်ဖြစ်လို့ စက်ဘီးဆို ဝေးဝေးကို မနင်းတော့ဘူးတဲ့လေ...။

" ကျေးဥ ခေါ်သွားပါလား "

" ငါလိုက်မယ်လေ..."

" မင်းလည်း သည်လောက်ဝေးရင် စက်ဘီးမနင်းနိုင်ပါဘူး ကျေးဥကတော့ မြို့ဆို အသာလေး နင်းနိုင်တာ..."

" မြင်းလှည်းယူသွားပါလား..."

" မြင်းလှည်းက ဘမောင်ယူသွားတယ် နွားလှည်းနဲ့သွား..."

" နွားလှည်း... ဒါဆို ကျေးဥမောင်းနိုင်းရမှာ "

" မင်းမလဲ နေရာတကာ ကျေးဥမပါရင် မဖြစ်ပါလားသားရယ်... ကျေးဥက အိမ်ထောင်ပြုပြီး မောင်သန့်ဇော်နောက်လိုက်သွားပါပြီတဲ့... ဘယ်လိုလုပ်မလဲ "

မကျေးနှင့် ကိုသန့်ဇော်ကို အားလုံးက သဘောတူထားကြတာလား... သည်အခါ ရေတွေစိုနေပြီး ဆံပင်ရှည်တွေကြားက အလှကို ဖျတ်ခနဲ သတိတရ ဖြစ်ရတယ်။

" ကျေးဥက ကိုသန့်ဇော်ကိုမှ မကြိုက်ပဲအမေရဲ့ "

" တစ်ခြားရွာတွေက တစ်ယောက်ယောက်ကြိုက်ပြီး ပါမသွားဘူးရှေ့ ပြောနိုင်လားဟဲ့ "

" နောင်ခါလာနောင်ခါချေးပဲအမေရေ့... ခုချိန်မှာတော့ သားပဲ

www.burmeseclassic.com

အဖော်ခေါ်ရဦးမယ် "

မင်းညိုကတော့ မကျေးကိုသွားခေါ်နေပါပြီ။ မြို့ရောက်ရင် အန်တီလေးဆီ စာထည့်ဖို့ စာတစ်စောင် အမြန်ရေးရတယ်... ခုလောက်ဆို အန်တီလေးလည်း သူနှင့်ကြည်ပြာ့အကြောင်း သိလောက်ပါပြီ ဇော်ကိုတို့ ခင်အောင်အေးတို့ကို အန်တီလေး မမေးပဲ နေမည်မထင်...။

" သွားစို့ သီဟ ဘာရေးနေလဲ "

" အန်တီလေးဆီ မာကြောင်း သာကြောင်းနဲ့ စိတ်မပူဖို့ ရေးတာပါ..."

မကျေးကတော့ နွားလှည်းပြင်ပြီး အိမ်ရှေ့က အသင့်စောင့်နေပါပြီ။

အဲသည့်ကက်ဦးထုပ်ကြီးက ဆောင်းဆောင်းထားသေးတယ်...။ ဦးထုပ်အောက်မှာ လုပမည်းနက်သော ဆံနွယ်တွေရှိပါလျှက်...။ နမြောစရာ။

" ကျေးဥ အမေကတော့ နင်မပါရင်မသွားတတ်ဘူးလား နင်ယောက်ျား ယူသွားရင် ဘယ်လိုလုပ်မလဲလို့ ငါ့ကိုဆူနေတယ် "

" ငါကယောက်ျားမယူဘူး နင် မိန်းမရသွားမှ အခက်ဖြစ်မှာ တော်ကြာ ယောက္ခမအိမ်ကျမှ ဘာမှမလုပ်တတ်ရင် ယောက္ခမနဲ့မတည့်ဖြစ်မှာက နင်..."

နွားလှည်းစီးရတာ ကောင်းလည်းကောင်းပါရဲ့ မကောင်းလည်းမကောင်းဘူး ချိုင့်တွေထဲ ဆောင့်ကျရင် လူတစ်ကိုယ်လုံး မြောက်တတ်သွားသလိုပါပဲလေ...။

" လက်က အနာပျောက်ပြီလား "

" သက်သာသွားပါပြီ..."

" ပြစမ်းပါဦး..."

မကျေးမြင်အောင် လက်ကို ဆန့်ပြလိုက်တယ်။

" မထင်ရဘူး ဒဏ်ရာက သည်ဘက်စွန်းမှာနက်တယ် အနာရွတ် ထင်နေမလားပဲ "

" ထင်နေတော့လည်း အမှတ်တရဖြစ်တာပေါ့ မကျေးရယ်..."

သည်လိုပြောတော့ မင်းညိုက ရယ်ရော။

" မင်းက ဘာရယ်တာလဲ... ငါပြောတာက ငါပြန်သွားရင် ရွာကျောင်းလေးကို အမှတ်တရဖြစ်နေမှာကိုပြောတာ "

" အေးပါ... ငါကရော ဘာပြောမိလို့လဲ... ရွာကျောင်းရှေ့က မြောင်းကူးတံတားလေးကို လွမ်းနေမယ်ပဲ တွေးတာပါ..."

www.burmeseclassic.com

 www.burmeseclassic.com 

မင်းညိုတို့များ အနည်းငယ်တော့ စလိုက်သေးတာပါပဲ။ ပြောလို့လည်း မရပါဘူး။ မကျေးက ချိုင့်ကိုရှောင်တဲ့ကြားက လှည်းဟာ ချိုင့်ထဲကို ကျသွားပါရော။

" အား... ငါတော့ ဆီးဖြူသီးဖြစ်ပါပြီ..."

သီဟ အဲလိုမျိုး ပြောလိုက်တဲ့အခါမှာတော့...

မကျေးက လှည့်ကြည့်ပါတယ်။

" ဖိုးသီ ဘာလို့ ဟိုးအနောက်မှာ ထိုင်ရတာလဲ လာ သည်ရှေ့မှာ လာထိုင်..."

" ငါကရော "

" နင်က လှည်းစီးနေကျ နောက်မှာထိုင်..."

" သိပါပြီ သိပါပြီ... ကိုယ့်မောင်လေးကျတော့ နင်ကလှည်းစီးနေကျ နောက်မှာထိုင်တဲ့ သီဟကိုကျတော့ ရှေ့နားတိုးတဲ့ ကျေးဥရဲ့ သဘောထားကို သိပါပြီ သိပါပြီ..."

မင်းညိုက ငိုသံပါကြီးနဲ့ ပြောတော့ သီဟတောင်မှ မနေနိုင်တော့ပါပဲ... ရယ်မိပါပြီ။ မကျေးကလည်း ပြုံးနေတယ်။ မကျေးကိုများ မိန်းကလေး ဟစ်ယောက်လို ဆင်ပေးရရင် ဘယ်လောက်များ လှလိုက်မလဲလို့ ဖျတ်ခနဲ တွေးမိပါရော။

မကျေးဘေးနားအထိ တိုးထိုင်လိုက်တယ်။

" ကိုင်ထားဦး... ရှေ့နားထိုင်ပြီး ပြုတ်ကျသွားလို့ တစ်ခါတည်း လှည်းဘီး ဖြတ်ကြိတ်သွားမယ်..."

" ဟဲ့ မင်းညို မပြောကောင်း ပြောကောင်း ဖိုးသီကို မပြောပါနဲ့ဟယ်..."

" အထိတောင် မခံနိုင်ပါလား..."

" နင်ဟာလေ..."

နွားရိုက်တဲ့ ကြိမ်နဲ့ မင်းညိုကို လှမ်းရိုက်တာလည်းမရ။ ကြာတော့ သီဟတို့မှာ... စိတ်မဆိုးနိုင်ပါပဲ... ရယ်နေမိပြန်ပါရော...။ ကောင်းကင်ရယ် မြေကြီးရယ် သစ်ပင်တွေရယ်... သူတို့ကတော့ သီဟကို မကဲ့ရဲ့ကြပါဘူးလေ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ ပျော်ရွှင်နေမိပါတယ်

စိတ်ဆိုတာ အံ့ဩဖွယ်ပါလား ...။ ဘဝမှာ နှလုံးသားတွေလဲ သေဆုံးခဲ့ပြီ ကျေးဥဘဝကြီးတစ်ခုလုံး... မှုံးမှုံးလဲကျပြီလို့ ထင်ခဲ့တာ ဘာလို့များ ပြန်လည်ဖြော်မတ် ရှင်သန်လာပြန်ပါလိမ့်။

" ကိုင်ထားလေ ဖိုးသီ "

" ကိုင်ထားပါတယ်... မကျပါဘူး "

" စက်ဘီးနဲ့ လာရတာပဲ ကောင်းပါတယ်... နောက်ဆို မြို့ကို စက်ဘီးနဲ့ပဲ လာမယ်..."

" စက်ဘီးနဲ့လာတော့ ငါက ဘယ်လိုလုပ်ရမလဲ..."

" နင်က နင့်ဘာသာ တစ်စီးနင်းပေါ့..."

" ဩော်ကျေးဥရယ်... ခုတော့လည်း ငါ့ကိုရက်စက်ပါရောလား..."

ကျေးဥရဲ့ ရယ်သံလွင်လွင်လေးက သနပ်ခါးတွေ သည်မှု ကျားနေအောင် လူးထားတဲ့ကြားက... လှပနေတာပါလား...။ စိတ်တွေက ဟိုမှသည် ပြေးလွှားလို့ လွန်းတစ်စင်းနှယ် ရွှေ့လျားနေပါလား...။

ဒါပေမယ့်... သီဟာလွင်လည်း ကြည်နူးစွာ ပြုံးနေတာပါလား...။

" ငါ ကျော်တင့်တို့သစ်ဆိုင်ဖက် ခဏသွားမယ် နင်နဲ့ သီဟာ လက်ဖက်ရည်ဆိုင်မှာပဲ စောင့်နေနော်..."

" အင်းပါ... အရမ်းလည်း ကြာမနေနဲ့ မိုးနဲ့လေနဲ့ ပြန်ရမှာ..."

ဖိုးသီနှင့်နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေမိပါတယ်။ အပြင်မှာတော့ မိုးမရွာပေမယ့် မိုးတွေအုံ့နေပါတယ်။ ဖိုးသီက မြို့က စာထည့်သေးတယ် သူ့အန်တီလေးဆီနဲ့ သူ့သူငယ်ချင်းဆီလို့ ပြောတာပါပဲ။

" အစ်မကတော့ ဖိုးသီကို မင်းညိုရဲ့သူငယ်ချင်းပိပိ ဘွဲ့ရပြီ

www.burmeseclassic.com

 www.burmeseclassic.com 

အလုပ်မလုပ်လို့ ပြောနေတာ "

ကျေးဥပြောတော့ ဖိုးသီပြုံးတာလေးက မပီပြင်လိုက်တာ...။ ဘေးဘက်ခုံမှာထိုင်နေတဲ့ ဦးလေးကြီးက ချောင်းအရမ်းဆိုးနေတော့ ဖိုးသီလှည့်လှည့်ကြည့်တယ်

သည်ကောင်လေးကြည့်ရတာ ရှုတတ်လို့များလား။

" ဦးလေး... ချောင်းဆိုးတာ ရက်ကြာနေပြီလား ဘာဆေးတွေသောက်လဲ"

" နည်းနည်းတော့ကြာပါပြီ "

" ဒါဆိုရင် ဆေးရုံသွားလိုက်ပါလား ဦးလေး... ခုချိန် ရာသီဥတုက အေးတော့ အဆုပ်ပွတာမျိုးဖြစ်တတ်တယ် ပြီးတော့ စစ်ဆေးကြည့်တာကောင်းတယ်"

" ဆေးရုံသွားရမှာ ကြောက်လို့ "

" မကြောက်ပါနဲ့... သွားပြမှ ရောဂါသိရမှာ ရောဂါသိမှ ဆေးရှိမှာပေါ့ ဦးလေးရဲ့... မတော်တဆ တီဘီလို ရောဂါမျိုးဆို အခုအချိန် ကုတဲ့နည်းတွေ ဆေးဝါးတွေ အကုန်ခေတ်မီနေတော့ မြန်မြန်ပြမှ မြန်မြန် ပျောက်မယ်လေ..."

ဖိုးသီပြောနေတာကို ကျေးဥ နားထောင်ရင်း သဘောကျနေမိပါတယ်။

ဖိုးသီလေသံက ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်ကို စိတ်ရှည်လက်ရှည် ချော့မော့ပြောပြ ရှင်းပြနေသလိုလေး...။ ဖိုးသီအသံက ကကယ်နေမကောင်းနေရင်တောင်မှ ဆေးကုချင်လာမယ့် အားကိုးစရာလေသံမျိုး...။

" ဦးလေးမှာ ငွေလည်းသိပ်မရှိဘူး ကလေးရဲ့ "

" ဆေးရုံသွားလိုက်ပါ ဦးလေး... အဆင်ပြေမှာပါ..."

" ဖိုးသီ "

" ဟင် "

" နင့်လေသံက ဆရာဝန်လေသံမျိုး..."

" ဟာ မကျေးကလည်း ကျွန်တော်က နေမကောင်းတဲ့လူတွေ့ရင် သနားတတ်တာပါ..."

" မကျေးဥနှယ်..."

" ဟင်..."

ကျေးဥနာမည်ကို ခေါ်သံရယ် သည်အသံရယ် အံ့ဩစွာဖြင့် မော့ကြည့်မိပါ ယ် ရုတ်တရက်တွေ့လိုက်ရလို့ အံ့ဩသွားပေမယ့်... စိတ်ရဲ့ တုန်လှုပ်မှုကတော့

www.burmeseclassic.com

www.burmeseclassic.com

ပြင်းထန်ခြင်းမရှိပါလား။

" ကိုယ် ထိုင်မယ်နော် "

ခုံဆွဲထိုင်လိုက်ပြီ...။ ဖိုးသီကတော့ တစ်ချက်ပဲကြည့်ရုံပါ...။

" တာရာနဲ့တွေ့တယ် ကိုယ် အခု ဆည်စီမံကိန်းတစ်ခုနဲ့ သည်ဘက် ရောက်နေတာပါ... ဘာတွေလုပ်နေလဲ "

" ဘာမှ မလုပ်ဘူး "

" ကိုယ် တောင်းပန်ပါတယ် "

" မလိုပါဘူး... **နုနုယဉ်လက်ထပ်သွားပြီဆို...** နောက်တစ်ယောက် ထပ်ရှာပေါ့ **မိုးဇော်ခိုင်ရဲ့... ဟော မင်းညိုလာနေပြီ သွားစို့** ဖိုးသီ သွားရအောင်"

ကျေးဥထွက်လာခဲ့ပြီ...။

အံ့သြဖွယ်ပဲ... ကြေကွဲထိခိုက်မှုတွေ ဘယ်ရောက်သွားလဲ...။ နေတတ်သွားပြီဖြစ်တဲ့ ခံစားမှုဟာ အံ့သြဖွယ်ရာပါ...။ တစ်ချိန်က ရူးမတတ် ချစ်ခဲ့သလိုပါပဲလေ။ မိုးဇော်ခိုင်ဆိုတာ ကျေးဥနှယ်အတွက် သေမလောက်ချစ်ရတဲ့ ချစ်သူ။ ခုတော့လည်း သူစိမ်းပြင်ပြင် ခံစားချက်သာ ရှိပါရောလား။

လှည်းမောင်းလာရင်း အတွေးများလို့ ငြိမ်သက်သွားမိတာတော့ ဝန်ခံပါတယ်။ ကျေးဥမျက်နှာကို ဖိုးသီ ကွက်ကြည့် ကွက်ကြည့် ကြည့်နေတာလည်း သိပါတယ်။

မင်းညိုကတော့ ရုတ်တရက် တိတ်ဆိတ်သွားလို့ **ဘာဖြစ်သွားလဲလို့တော့** ထင်မှာပဲ။

" ဖိုးသီ "

" ဘာလဲ မင်းညို "

" ဒါ အပြင်သွားနေတုန်းမှာ မင်း ကျေးဥကို ရည်းစားစကားတော့ **မပြောပါဘူးနော်** "

" **ဟာ...** မင်းညို ပေါက်ကရ..."

" **မင်းတို့ဟာက** တိတ်ဆိတ်သွားတာကိုး..."

" **မင်းညို... နင်ဘယ်လိုဖြစ်နေလဲ...** ခုနက လက်ဖက်ရည်ဆိုင်မှာ နင်တွေ့ခဲ့လား... **ငါတို့နဲ့ ထိုင်နေတဲ့** လူတစ်ယောက်လေ အဲဒါ ကျေးဥတုန်းက ငါ့ရည်းစားပေါ့ "

www.burmeseclassic.com

www.burmeseclassic.com

" ဟင် "

ဖိုးသီရော မင်းညိုပါ ကျေးဥကို အံ့သြစွာကြည့်နေရှာပါတယ်။

" နင့်ရည်းစား... သည်လိုမှန်းသိ ငါသေချာကြည့်ပါတယ် ကျေးဥရာ သီဟ မင်းရော... သေချာတွေ့ခဲ့ရဲ့လား "

" တွေ့ပါတယ် "

" ငါကွာ မတွေ့လိုက်ရဘူး "

မင်းညိုရဲ့တစ်ဖျစ်တောက်တောက်ရွတ်သံကြောင့် ကျေးဥရယ်လိုက်ရတာ။

ရယ်မောရင်းမှ အမှတ်မထင် ဖိုးသီရဲ့ တွေတွေငေးငေးအကြည့်လေးဆီ ရောက်သွားပါတယ်။

" အခုရော... အခုရော သူ့ကို မကျေး ချစ်နေတာပဲလား "

" ကျောင်းတုန်းက သိပ်ချစ်ခဲ့တာပေါ့... သူမရှိရင် ကမ္ဘာကြီးပျက်ပြီ ထင်ခဲ့တယ်... သူလည်း နုနုယဉ်ကို ပြောင်းချစ်လိုက်ရော ကျေးဥ ကမ္ဘာကြီးလည်း ပျက်သွားတာပါပဲ... "

ရယ်မိတယ်...။

တကယ့်ကို အဲသည်တုန်းက ကျေးဥအတွက် ကမ္ဘာကြီး ပျက်သွားခဲ့တယ် လေ...။ နုနုယဉ်နဲ့ မိုးဇော်ခိုင်တို့နှစ်ယောက်ကို လှမ်းတွေ့ရရင်ကို မြန်ဖျားလက်ဖျားတွေအေးပြီး ရှေ့တိုးရမယ့် ခြေလှမ်းတွေ အထစ်ထစ်အငေါ့ငေါ့ ဖြစ်ရတယ်။

" မျက်ရည်ချောင်းစီးတယ်ဆိုတာ ဘာဟုတ်သေးလဲ မျက်ရည်က ပင်လယ်ကြီးလောက် လှိုင်းထန်သွားတာ... "

တွေ့သမျှ မြင်သမျှ မျက်ဝန်းတွေကို စိုးရွံ့စိတ်... စကားသံတွေကို ကြားတောပြီး ထိတ်လန့်စိတ်တွေ...။

" ငါ့မှာ နေစရာကို မရှိခဲ့ဘူး... သူပြုံးရက်လေခြင်း ငါ့ကိုရက်စက်လေခြင်း ဆိုပြီး အဲသည့်ဝန်းကျင်ကိုပါ ကြောက်လာခဲ့တယ်... ဒါကြောင့်လည်း ရွာပြန်လာခဲ့တာ ပါပေမယ့် အဲဒါက တစ်ချိန်တုန်းက ခံစားချက်တွေပဲ... "

ဟုတ်တယ်

တစ်ချိန်တုန်းက ဘာလို့များ သည်လောက် ပျော့ညံ့ ညံ့ဖျင်းခဲ့ပါလိမ့်...။ အခုချင်ကျေးဥဟာ အခုကျေးဥနှယ်မှ ဟုတ်ရဲ့လားလို့တောင် ကိုယ့်ကိုယ်ကို

 www.burmeseclassic.com 

စိတ်ပျက်မိပါရော...။ အခု ကျေးဥရင်မှာတော့ ငြိမ်သက်သွားခဲ့ပြီလေ...။

" ငါတစ်ခုတွေးမိတယ်... မျက်ရည်ဆိုတာ သည်နေ့အတွက်တော့ မျက်ရည်ပဲ မနက်ဖြန်ကျရင်တော့ ရှိုက်သံသဲ့သဲ့သာ ကျန်ခဲ့နိုင်တယ် သန်ဘက်ခါရောက်ရင်တော့ မျက်ရည်ဟာ ခန်းခြောက်သွားနိုင်သလို ဖိန်းရွှံခါမှ ရယ်သံတစ်ခုအဖြစ် ရောက်ရှိသွားနိုင်တာပဲ... အဓိကကတော့ စက္ကန့်များစွာရဲ့ ရွေ့ပြောင်းချိန်ရစ်ခြင်းမှာ မျက်ရည်ဆိုတာ ရယ်သံအဖြစ် ပြောင်းလဲသွားတတ်တဲ့ သဘောကို ငါမသိခဲ့လို့ ငါ့အတွက် တန်ဖိုးရှိတဲ့ အချိန်တော်တော်များများကို ဆုံးရှုံးရတယ်..."

ဖိုးသီ ကျေးဥကို သေချာစူးစိုက်ကြည့်နေပါလား...။ ဒါတွေဟာ ကျေးဥ ခုချိန်သိခဲ့ရတဲ့ခံစားမှုတွေပါ...။

" ငါ အခု သူနဲ့ ပြန်တွေ့တယ် ဘာမှ ထိခိုက်ခံစားရမှု ရင်ထဲ မရှိဘူး... သူလည်း နုနယ်ဥ်နဲ့ ကွဲသွားပြီ... ငါ့ဆီမှာ သူ့ကိုချစ်နေတဲ့စိတ်မရှိတော့ဘူး အိပ်မက်တစ်ခုလိုပါပဲ... ဒါတွေမသိလို့ ငါ့ဘဝငါ့အနာဂတ်တစ်ခုလုံးနဲ့ လဲခဲ့တာ ငါမှားခဲ့ပြီဆိုပေမယ့် ငါက အမှားမှာ ငြိမ်နေမယ့်လူမဟုတ်ဘူး မင်းညို... သိတဲ့အချိန်ကစ အမှန်ပြင်တော့မှာ "

" ဝမ်းသာတယ်ကျေးဥ..."

တကယ်တမ်း ငိုင်သွားတာက ဖိုးသီပါလား။

ဖိုးသီကော ဘာတွေ တွေးနေပါလိမ့်။

" ဟ... ဟ... ဖြည်းဖြည်းမောင်းလေ..."

နွားလှည်းက ဗွက်ကို ရှောင်ပါမှ ဗွက်ထဲ တည့်တည့်ကျတော့တာ...။

" နွားတွေချည်း ရုန်းလို့မရဘူး နစ်ပြီထင်တယ်... ငါတို့ဆင်းတွန်းမယ် ကျေးဥ..."

ဖိုးသီနှင့် မင်းညိုက လှည်းကို ဆင်းတွန်းတင်ကြရတယ် လေးငါးမိနစ်လောက် အားစိုက်တွန်းမှ နွားလှည်းက ဗွက်လွတ်သွားတာ။

" မင်းညိုနဲ့ဖိုးသီ ဘယ်တုန်းက ဗိုနပ်ဆင်တူဝယ်လိုက်လဲ "

ရွှံတွေက ခြေမျက်စိမက ပေကျံနေတာကို ကြည့်ပြီး ကျေး ရယ်နေမိပါတယ်။

" မကျေး "

www.burmeseclassic.com

www.burmeseclassic.com


" ဟင် ဘာလဲ ဖိုးသီ "

" မကျေး တကယ်ပဲ ရယ်နိုင်သွားပြီလား... အဲသည့်ကြေကွဲထိခိုက်ရတဲ့ ခံစားမှုတွေက... တကယ်ပဲ ပျောက်သွားမှာလားဟင်..."

" ပျောက်သွားတာအသေအချာပဲဖိုးသီ... ကျေးဥလည်း တကယ်ရယ်နိုင်သွားပြီ တို့ရယ်နေတာကို မင်းသေချာကြည့်လေ တကယ်ရယ်တာနဲ့ ဟန်ဆောင်ရယ်တာ တစ်ခြားစီပဲ..."

ကျေးဥ ပြုံးရင်း ပြောမိတယ်...။

ဖိုးသီကလည်း ကျေးဥကို တကယ်ပဲ ကြည့်နေပါတယ်။

" ဘယ်လိုလဲ "

" မကျေးရယ်တာ တကယ်လှတာပဲ "

" ဟယ်..."

မင်းညိုကတော့ ချောင်းဆိုးချင်တာလည်းမဟုတ်ပဲ ချောင်းဆိုးပြနေတယ်။ ဖိုးသီဆိုတဲ့ကောင်လေး... ရယ်တာ ဟန်ဆောင်မဆောင်ပဲကြည့်ပါလား ... ကျေးဥရယ်တာ လှမလှကြည့်နေစရာလား..။

" ကျေးဇူးတင်တယ် မကျေးရယ်... ကျွန်တော့်ကို တွေးစရာတွေ အများကြီးပေးလို့ မကျေးကို သိပ်ကျေးဇူးတင်ပါတယ်..."

မိုးရိပ်တွေရှိလာပြီမို့ နွားလှည်းကို ခပ်မြန်မြန်လေး မောင်းရတယ်။ မင်းညိုကတော့

မိုးရွာရင် ရေချိုးမယ်... ဆိုပြီး သီချင်းတွေ အော်ဆိုနေပြန်ပါတယ်...။

" မိုးရွာရင် နင်မိုးရေချိုးလို့တော့ရမယ် ဒါပေမယ့် အဘညိုကလည်း မုန့်သီးခွဲပေးမှာ မဟုတ်ဘူး ဒေါ်ကြီးမြကလည်း နို့မတိုက်တော့ဘူး..."

ကျေးဥရယ်ရင်း လှည်းကို ခပ်သွက်သွက်လေး မောင်းလာခဲ့မိပါတယ်။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

မကျေး... တကယ်ပါပဲ။ မထင်မှတ်သောစကားတွေကို မကျေးဆီ ကြားရပါတယ်...။ တိုက်ဆိုင်လိုက်တာ... မကျေးပြောသော ခံစားမှုတွေအတိုင်း သီဟလည်း ခံစားခဲ့ရပါတယ် ကောင်းကျော်စွာနှင့် ကြည်ပြာ့ရှေ့မှာ အမှားမှာ အယွင်းယွင်းနှင့် ဆက်လျှောက်ရ ခက်ခဲခဲ့သော ခြေလှမ်းတွေ။

ဝန်းကျင်တစ်ခုလုံးက ကြေကွဲ့စရာလိုကို ဖြစ်ခဲ့ရပါပြီ.

" မကျေး... မျက်ရည်ဟာ ရယ်သံတစ်ခုအဖြစ် တကယ် ပြောင်းသွားနိုင်သလားဟင်..."

မကျေးက ဖျတ်ခနဲဆို သီဟကို လှမ်းကြည့်ပါတယ်။

" ပြောင်းသွားနိုင်လို့ ကျေးဥ ရယ်နိုင်နေပြီပဲ ဖိုးသီရဲ့..."

အခုဆို မကျေးနှင့် အရှက်မှာ တံမြက်လှည်းရတာကိုလည်း သီ နှစ်သက်နေပါပြီ။

" ဖိုးသီ လှည်းလေ... ကျေးဥ အမှိုက်ကျုံးပေးမယ်..."

" ကျွန်တော့်ကို မကျေး အဲသည်တုန်းက ခံစားရတာတွေကို ပြောပြပါဦး"

" မေ့ထားလိုက်တာ မကောင်းဘူးလား ဖိုးသီရယ်..."

" ထွက်ပြေးချင်တဲ့ခံစားမှုတွေ... အတောင်ပံတွေရှိလိုက်ချင်တဲ့ ခံစားမှု အဲဒါတွေရော... အဲဒါမျိုးတွေလေ..."

" အင်း... ဟုတ်တယ် သူတို့နှစ်ယောက်ကိုတွေ့ရင် ကျေးဥလေး အငွေ့လေးတစ်ငွေ့ဖြစ်ပြီး ကောင်းကင်ပေါ်တက်သွားပြီး ပျောက်သွားချင်လိုက်တာ

" မကျေး အဲလိုမျိုး ခံစားရသလား "

သီဟလည်း သည်သို့ ခံစားခဲ့ရတယ်

တောင်ပံတွေ ချက်ချင်းရောက်လို့ ငှက်တစ်ကောင်အဖြစ် ပျံ ပျောက်ကွယ်သွားချင်မိတာ ...။

www.burmeseclassic.com

" အချစ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းလေးတစ်ခုပါ သီဟာရယ် ... ကျေးစုလည်း ကြောက်ရွံ့စွာ ရှောင်ပုန်းနေခဲ့တာ နှစ်ကြာခဲ့ပါပြီ... ဒါပေမယ့် ချိန် ပြန်ရင်ဆိုင်ကြည့်တဲ့အခါမှာတော့... ဘာမှမဖြစ်တော့ပါဘူး ဒါပေမယ့် အချိန်တွေကုန်သွားပြီလေ နှမြောစရာကောင်းပါတယ်..."

မကျေးနှင့် စကားပြောနေရတာ ကောင်းလိုက်တာ... မကျေးဆီမှာ သီဟာကို နားလည်နိုင်စွမ်းတွေရှိနေပါလား....။

" ဖိုးသီရော... ဘာလို့ သည်ကို ထွက်လာသလဲ အဲလိုပတ်ဝန်းကျင်ကို စိတ်ဒုက္ခခံစားလာရလို့လားဟင် "

" ဟုတ်တယ် "

မကျေးကို သီဟာ ဝန်ခံလိုက်တယ်

အနာဂတ်တစ်ခုလုံးအတွက် သူမနှင့်သာလို့ ရည်ရွယ်ခဲ့ဖူးတယ်။ လေးနှစ်လုံး တစ်ယောက်တည်းနဲ့ တစ်သက်တာလို့ ချစ်ခဲ့တာ။ ပြုရက်သူရဲ့ ကျာခိုင်းခွဲခွာမှု ရယ်မောမှုအားလုံးဟာ လှောင်ပြောင်ခြင်းတွေလို့သာ ခံစားခဲ့ရသမျှ။

" သိပ်ကို စာနာတယ် ဖိုးသီ... ကျေးဥတုန်းက တစ်ယောက်တည်း ကိုတ်မှိတ်ခံစားရင်း သူတို့နဲ့ဝေးရာပြေးခဲ့တာ ဒါပေမယ့် သည်လောက် မညံ့သင့်ဘူး ကိုယ်ကစ သစ္စာမပျက်ဘူး ကိုယ်ကမှန်ခဲ့တာ... သူက သူ့လမ်းသူရွေးမှတော့ ကိုယ်လည်း ကိုယ့်လမ်းကိုယ်ရွေးရမှာကို ခုမှ သဘောပေါက်သွားခဲ့တာပါ..."

" ကျွန်တော့် ဒဏ်ရာကိုရော အချိန်ကကုစားမယ်ဆို ဒဏ်ရာက ခုမှ သွေးစိမ်းရှင်ရှင် ထွက်နေတုန်းဆိုရင်ကော..."

" ချက်ချင်းသွေးတိတ်အောင်လုပ်တဲ့နည်းတော့ ကျေးဥက ရာဝန်မဟုတ်လို့ မသိပေမယ့်... အနာဂတ်မှာ သူမရှိလည်းဖြစ်တယ်ဆိုတာ... ကိုယ့်ရည်ရွယ်ချက်က အဓိကဆိုတာ စဉ်းစားရမယ်လေ... ကျေးဥက ငယ်တည်းက အင်ဂျင်နီယာဖြစ်ချင်တာ တံတားကြီးတွေဆောက် ရေကာတာကြီးတွေဆောက် စိတ်ကူးပြီးအရမ်းကြိုးစားသမျှ အဓိပ္ပါယ်မဲ့ ရည်ရွယ်ချက်ပျောက်သွားခဲ့တယ် "

မကျေးရဲ့လေသံမှာ နောင်တတွေရှိနေတာလား။

သည်သို့သော ခံစားမှုတွေဟာ တစ်နေ့မှာ သီဟာဆီ ရောက်လာမှာလား။

" ကျေးဥကိုဆို ကျောင်းအုပ်ဆရာကြီးကပြောတယ် အုတ်ခွာယ်ချုပ် ပျက်နိုင်ရဲ့သားနဲ့ တစ်ချုပ်တည်းရွက်နေတဲ့လူတဲ့လေ... ဟုတ်တယ်... တို့ ရှေးသျှောက်

www.burmeseclassic.com

အုပ်ကို ကိုးချက်ထပ်ရွက်နိုင်ဖို့ ကြိုးစားမယ်..."

အမိုက်တွေကို မီးရှို့ရအောင်ကလည်း စိုထိုင်းနေတာပါပဲ... ဒါကြောင့် ဟိုးအဝေးထိ သွားလွှင့်ပစ်နေရတာပေါ့...။

" ဖိုးသီကို ပေကုန်ပြီ "

" ရပါတယ် ပြီးရင် လက်ဆေးလိုက်မယ်လေ..."

" အမှိုက်ကျလှည်းပေး ကျုံးပေး လွှင့်ပေးနဲ့ တကယ်ကို ကျေးဇူးတင်တယ် ဖိုးသီရယ်... ဒါကြောင့် ဒေါ်ကြီးခက်ဆိုင်က အကြော်ကျွေးပါမယ် "

" ကျွန်တော်က ကိုတင်အောင့်ဆိုင်က နွားနို့မလိုင်ပါတဲ့ ကော်ဖီ လက်ဖက်ရည်ကို ကြိုက်တာ..."

" ဒါဆိုလည်းတိုက်မှာပါ... အကြော်သွားယူပြီးတော့... လက်ဖက်ရည် သွားသောက်ကြတာပေါ့..."

လက်ဆေးနေတုန်း ဒေါ်ကြီးမြကြ ထမင်းကြော်စားမလား မောင်သီဟ ကျေးဇူတဲ့။ ဒေါ်ကြီးမြရဲ့ ထမင်းကြော်က ကောင်းတယ်လေ...။

" နောက်မှ စားပါမယ် ဒေါ်ကြီးမြ ကျွန်တော်နဲ့မကျေး... ကိုတင်အောင့်ဆိုင်သွားမလို့ပါ... မင်းညိုနိုးရင်လည်း ပြောလိုက်ပါ..."

အရုဏ်ကြောင့် ပီပြင်နေပြီလေ...။

မကျေးအမေရဲ့ ထီးကောက်ကြီးကို မကျေးက ပခုံးမှာချိတ်ယူလာတယ် မိုးက အချိန်မရွေးရွာနေတော့တာကိုး

" ဖိုးသီ "

" ဗျာ "

" မင်း ချစ်သူက ပှသလား "

" မကျေးကလည်းလေ... ကျွန်တော့်ချစ်သူ မဟုတ်တော့ပါဘူး..."

" အဲလိုသိပါလျက် ဘာလို့ ခံစားနေမှာလဲ..."

" မကျေးတုန်းကရော "

" ဟုတ်တယ်... ကျေးဥတုန်းက အရမ်းခံစားခဲ့တယ် အခု အဲသည့်မျက်ရည်တွေက တကယ့်ရယ်သံပါပဲ ဖိုးသီရာ..."

" အကြော်သွားယူဦးမယ်..."

" မယူနဲ့တော့ မကျေးရာ... ကိုတင်အောင့်ဆိုင်မှာပဲ ပေါင်မု

www.burmeseclassic.com

 www.burmeseclassic.com 

ထောပတ်သုတ်နဲ့ စားတာပေါ့..."

ကိုတင်အောင့်ဆိုင်မှာတော့ စောလွန်းနေသေးလို့ ဘယ်သူမှ မရှိသေးပါလား။ နှစ်ယောက်သား မိုးလည်းမရွာလို့ အပြင်ခုံလေးမှာပဲ ထိုင်နေလိုက်ပါတယ်...။

"ကျွန်တော် မလိုင်နဲ့ သည်လက်ဖက်ရည်လေးတော့ လွမ်းနေတော့မှာ"

"သည်လေသံအရဆို မင်းပြန်တော့မယ်လို့ ဆိုလိုတာလား..."

"မပြန်သေးပါဘူး... ပြန်တဲ့တစ်နေ့ ပြောတာပါ "

"ပြန်တဲ့တစ်နေ့... ဟုတ်တာပေါ့... အချိန်တန်အိမ်ပြန်ရဦးမှာပါလေ"

"မပြန်ရဘူးလား "

"သိဘူးလေ... မင်းသဘောပေါ့ "

"မကျေးက ပြန်စေချင်လား မပြန်စေချင်ဘူးလား "

"မင်းရှိရင် အမှိုက်ကျုံးပေးမယ့်လူရှိတာပဲ မရှိရင် ကျေးဥတစ်ယောက်တည်း အမှိုက်ကျုံးရတယ် လှည်းရတယ် ဘယ်ပြန်စေချင်ပါ့မလဲ..."

"မကျေးမပြန်စေချင်ရင်... မပြန်တော့ဘူး..."

သီဟသည်လို ပြောတဲ့အခါမှာတော့ မကျေးရဲ့ချစ်စရာ ရယ်သံလွင်လွင်ကို ကြားရပါတယ်။ အနားမှာ ခုံဆွဲပြီး ဝင်ထိုင်လိုက်တဲ့ မင်းညိုကိုတွေ့ရပြီးတော့ ငါလာလို့ အနှောင့်အယှက်မဖြစ်ပါဘူးနော်တဲ့လေ...။

"မင်းကခုမှလည်းအိပ်ယာကထသေး ငါတို့လည်းလျှောက်နောက်နေသေး"

"ကျေးစု ဘာတွေရယ်နေလဲ "

"ငါ့ဘာသာ ဘာရယ်ရယ်ပေါ့..."

"ငါ့အစ်မပျော်နေတာမြင်ရတော့ ငါအရမ်းဝမ်းသာပါတယ်..."

"လာပြီ..."

သူတို့သုံးယောက် ပြန်လာတဲ့အချိန်မှာတော့... ရွာလယ်ကိုဖြတ်တဲ့လမ်းမှာ ပူဆယ်ယောက်လောက် စုရုံး စုရုံး ဘာတွေဖြစ်နေပါလိမ့်...။ ကျေးဥနှင့် မင်းညိုကိုလည်း မြင်ရော...။

"ဟယ်... ဘာသိန်းဖော် ဘာဖြစ်လို့လဲဟင်..."

"ဘုန်းဘုန်းခိုင်းလို့ ဟိုဘက်ရွာမှာ အရက်ဆွမ်းသွားပူရတာ အပြန် ပည်နားအရောက်မှာ ဝါးရွက်မှိုက်တွေကြားက မြွေကိုက်လိုက်တယ်... အဲဒါမြွေကို

www.burmeseclassic.com

www.burmeseclassic.com 

ရှိကပြီးပြီ..."

" နီမောင် နီမောင်... ဟဲ့ သည်အတိုင်း မထားနဲ့လေ.."

" မင်းညို... ခဏ ငါ့ကိုကူပါ..."

လဲနေတဲ့လူကို ဆေးရုံမပို့ခင် ပြုစုဖို့အတွက် လှုံချည်ကိုစုတ်ပြီး ဒဏ်ရာပေါ်ကနေ သေချာစည်းလိုက်တယ် ပြီးတော့ စိတ်ထဲမှတ်မိနေသော ပြုစုမှုမှန်သမျှ အမြန်ဆက်တိုက် လှုပ်ရှားပြုစုရင်းမှ...။

" မြွေရော မြွေဘယ်မလဲ..."

" ကျွန်တော် ရိုက်သတ်ထားတာ သည်မှာ "

မြွေကို ကြည့်လိုက်တော့ မြွေဟောက်ပဲ။

" မကျေး... မြို့ဆေးရုံသွားဖို့ အမြန်ဆုံးယာဉ်ဘာရှိလဲ "

" မြင်းလှည်းရမယ် ဖိုးသီ "

" ပြင်လိုက်တော့... သွားကြစို့... နောက်ကျလို့မရဘူး..."

မကျေးက ချက်ချင်းပဲ အဘညိုရဲ့ မြင်းလှည်းကိုပြင်ပြီး သူတို့ ထွက်လာခဲ့ကြပါတယ်။ မြင်းလှည်းကို အမြန်ဆုံးမောင်းဖို့ မှာရင်း နီမောင်ဆိုတဲ့ လူရဲ့အခြေအနေလည်း ကြည့်ရသေးတယ်...။

" ကျေးဥ... နင့်ကျေးရွာပဲ ငါတို့အိမ်ရှေ့လမ်းဆို အမှိုက်တစ်စမရှိအောင် လှည်းကျင်းထားတယ် နောက်ဆို တစ်ရွာလုံး လမ်းတွေပါ လိုက်လှည်းပါလား"

" ငါ့အင်အားနဲ့ မနိုင်လို့ပေါ့ဟဲ့... နိုင်ရင် တစ်ရွာလုံးက အမှိုက်တွေပါ လှည်းပေးချင်တာ "

" နင့်ကိုကူမယ့်လူရှိနေပြီလေ နှစ်ယောက်ပေါင်းပြီး လှည်းကြပါလား"

" နင်ကတော့ ကူမယ်မဟုတ်ဘူး..."

" အမှန်က မကျေးက ရွာကလူတွေကို စည်းရုံးရမှာ... တစ်လမ်းလုံး ကိုယ့်အိမ်ဝင်းရှေ့ကိုယ် အမှိုက်မရှိရအောင် တစ်ပတ်တစ်ရက် နှစ်ရက်အနည်းဆုံး လှည်းကြမယ်ဆိုရင် တစ်ရွာလုံး မကျေးတစ်ယောက်တည်း လှည်းစရာမလိုပါဘူး"

" ရွှေတုန်းကတော့ ရ.ယ.က ဥက္ကဋ္ဌကြီးနဲ့အတူ အမှိုက်လှည်းပွဲ လိုက်ဆောင်ရွက်ပါတယ်... အခု မိုးတွင်းဆိုတော့ လူတွေလည်း အေးသွားပြီ လူကြီးတွေက ပြောလည်းပြော ဂရုမစိုက်သလိုဖြစ်နေပြီးတော့... သူတို့ခမျာတွေက စားဝတ်နေရေး အရှမ်းပင်ပန်းတော့ ပြောရမလွယ်ဘူး..."

www.burmeseclassic.com

www.burmeseclassic.com


ဆေးရုံရောက်တော့ ဆရာဝန်ကြီးနဲ့လည်း အသင့်တွေ့တယ်...။ အကျိုးအကြောင်းပြောပြရှင်းပြီးတော့ နီမောင့်ကို ဆေးရုံမှာ အပ်ထားလိုက်တယ်လေ။

" နီမောင် သေတော့ မသေဘူး ထင်တယ်နော် "

" ပြုစုသင့်တာတွေ ပြုစုထားတာပဲ မသေနိုင်ပါဘူး..."

" ဖိုးသီ "

" အင်းပြော "

" နင်က ကြက်ခြေနီလားဟင် "

" ဟာ မကျေးကလည်း "

" လူနာကို နင်ပြုစုတာ မြန်လိုက်တာ ပြီးတော့ နင်ဆုံးဖြတ်တာ အရမ်းမြန်ဆန်ပြီး နားလည်တတ်ကျွမ်းနေသလိုပဲ... ငါတို့တွေဆို ရုတ်တရက် ဆေးရုံပို့ဖို့ သည့်ထက်နောက်ကျမယ်လေ..."

" ဘာမှ မဟုတ်ဘူး... ကျွန်တော်က နေ့းတာ မကြိုက်လို့ပါ... ဘယ်အရာမဆို ခပ်မြန်မြန်ဆုံးဖြတ်တာ... လူနာတစ်ယောက်ဟာ အမြန်ဆုံး ရောက်သင့်တာ ဆေးရုံလို့ပဲ သတ်မှတ်ထားလို့ပါ... မြို့ရောက်တုန်း ဗိုက်ဆာနေပြီ မကျေးရာ... လက်ဖက်ရည်တိုက်ပါဦး..."

မင်းညိုကတော့ ပြုံးနေပါတယ်

သီဟလွင်ဆိုတာ... ဘာစာတွေသင်ခဲ့တယ်ဆိုတာ မင်းညို သိတာကိုး...။ မကျေးကို ပြောမပြချင်ပါဘူး...။ မကျေးစိတ်မှာတော့ သီဟလွင်ဆိုတာ... မင်းညိုလိုပင် ဘွဲ့ရပြီး ဘာအလုပ်မှမလုပ်ပါပဲ... လျှောက်လည်နေတယ်ပဲ ထင်မှာပေါ့လေ... ကျက်ခဲ့ဖူးသောစာတွေ သင်ခဲ့ရသမျှ အတွေ့အကြုံတွေဟာ လက်တွေ့မှာလည်း တန်ဖိုးရှိလှပါလား...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

" မင်းညို "

" အင်း... ပြော..."

" ဖိုးသီက နင့်လိုဘွဲ့ရရုံပဲလား... သူကဘာလဲ ငါ့ကို သေချာပြောစမ်း"

" ဘာလဲ ကျေးဥ... နင်က သီဟကို သိပ်စိတ်ဝင်စားနေပြီလား... သည်ကောင်ကချောတယ်နော်..."

" သွားစမ်းပါ... ချောတာလှတာ ငါမေးနေတာမဟုတ်ဘူး... သူကတစ်မျိုးပဲ..."

" ဘာမှ မတစ်မျိုးနဲ့..."

" ကိုမင်းညိုနဲ့ မကျေးဥကို ဆရာတော်က ကျောင်းထဲလာပါဦးတဲ့..."

ဆရာတော်က နီမောင်အသက်မသေလို့ ကျေးဇူးတင်နေပုံရပါတယ်။ ဒါကြောင့် ဖိုးသီကိုပါခေါ်ခဲ့... ဘုန်းဘုန်းကျောင်းသွားရအောင်ဆိုပြီး ထွက်ခဲ့ကြတာ။ ဖိုးသီပါလာတော့ မင်းညိုရှေ့မှာ စကားပြောရတာ အရမ်းဆင်ခြင်ရတာပါလား။

" ဆရာတော်က မကျေးဥတို့ကို ခဏထိုင်ကြဦးတဲ့... ထိုင်စောင့်နေတုန်းမှာ ရွာလယ်က ဦးစံမြဆုံးလို့ဆို ချက်ချင်း လာပင့်သွားလို့..."

" အေး အေး..."

"ဘုန်းကြီးကျောင်းထဲရောက်တုန်း... နေလေးလည်း ထူးထူးခြားခြား ပွင့်တုန်း... ကျောင်းဝင်းထဲ ဖိုးသီကို လိုက်ပြဦးမယ်..."

သည်ကျောင်းဝင်းထဲမှာ ငယ်ငယ်က ပြေးလွှားဆော့ကစားခဲ့ဖူးပါတယ်။ သရက်သီးတွေသီးတဲ့အချိန်ဆို ဘုန်းဘုန်းကို ခွင့်ပန်ပြီး အပင်ပေါ်က သရက်သီးတွေကို တံချူနှင့် ဆွတ်ကြရတာလည်း ပျော်စရာ အရမ်းကောင်းတာတွေ ဖိုးသီကို ပြောပြမိပါတယ်...။

" ဟုတ်တယ်... အင်မတန် အေးချမ်းတဲ့နေရာပဲ ကျယ်ဝန်းသလော

ရှင်းလင်းနေတာပဲ ကောင်းတယ် "

" ကျောင်းသားတွေ ကိုရင်တွေရှိတော့ မြက်နုတ်တယ်လေ... မြက်က ရှည်ချိန်တောင်မရဘူး..."

" ဟိုနားကဘာလဲ "

" အဲဒါ ချောင်းလေ... ချောင်းက ကျောင်းဝင်းထဲကို ဖြတ်စီးသွားတယ်..."

" ငါ့ယယ်ယယ်က အဲသည့်ချောင်းစပ်သစ်ပင်ပေါ်ကနေ ချောင်းထဲ ဒိုင်ဗင်ထိုးနေကျပေါ့..."

" ဟိုမှာတွေ့လား..."

ချောင်းထဲကို စောင်းကျနေတဲ့ တရုပ်စကားပင်ကို ကျောင်းသားလေးတွေ ကိုရင်တွေက တက်စီးပြီး... ဒါန်းလို လွဲနေကြတာ။ ကျေးဥ ပြုံးရတယ်... မင်းညိုကတောင် ငါတို့ယယ်ယယ်တုန်းကလည်း သည်လိုပဲ ကစားကြတာတဲ့...။

" ဟာ... ဟာ... ကျသွားပြီ..."

ဖြုတ်ကနဲဆို ချောင်းထဲ ပြုတ်ကျသွားတာမြင်ရတော့ ချောင်းစပ်ထိ သူတို့သုံးယောက်ပြေးလာမိကြတာပေါ့။

" ကိုရင် သုမန ကျသွားတာ ကိုရင်သုမန ကျသွားတာ... မကျေးဥ ကိုရင်က ကိုရင်က..."

ရေကိုလှမ်းကြည့်တော့ စီးနေတဲ့အချိန်

သင်္ကန်းရောင်ကို ခပ်လှမ်းလှမ်းတွေ့ရပြီ ကျေးဥ မစဉ်းစားနိုင်တော့ပါပဲ ချောင်းထဲ ခုန်ချပြီး ကိုရင်ရှိရာကို ကူးလိုက်လာခဲ့တာပေါ့...။

စိတ်က ကိုရင်ကိုပဲ မဲနေမိတာ...။ တွေ့လိုက်တဲ့အချိန်မှာ ကိုရင်ကလည်း လျှင်တယ်လေ...။ ကျေးဥဆီ လှမ်းလက်ကမ်းပါတယ်။ အသာလေး လက်ကိုဆွဲလိုက်တော့ အလိုက်သင့်ပါလာပေမယ့် ချောင်းရေစီးရှိန်နဲ့ အတော်လှမ်း နေတာမို့ ကျသွားတဲ့နေရာရောက်ဖို့ အမြန်ပြန်ကူးရပြန်ရော...။

" ကိုရင်... ကိုရင်... သတိရပါတယ်နော် "

" ရပါတယ်... ရေစီးလွန်းလို့ မကူးနိုင်တော့တာပါ "

သည်မှာရှိတဲ့ ကလေးတွေ လူကြီးတွေအတော်များများကတော့ ရေကူးတတ်တဲ့ သူတွေချည်းပါ...။ ချောင်းရေစီးလွန်းနေလို့သာ ကိုရင် မကူးနိုင်ဘူး ဖြစ်သွားတာပါ...။

www.burmeseclassic.com

www.burmeseclassic.com


" ဟင်... နင်တို့က ဘာဖြစ်တာလဲ မင်းညို "

မင်းညိုရော ဖိုးသီပါ ရေတွေစိုရွှဲပြီး... ဖိုးသီက ချောင်းတွေဆိုးပြီး ရေသီးနေပြန်ရော...။ ဘာဖြစ်လို့လဲ။

" သည်မှာဟေ့... သီဟတို့က ဖြစ်လိုက်ရင် အသည်းအသန်ကြီးလေ နင်ရေထဲကျသွားတာ သေပါပြီဆိုပြီး... လိုက်ရေထဲခုန်ချတယ်လေ ငါက သူရေမကူးတတ်တာသိပြီး... ချက်ချင်း ခုန်ချဆယ်လို့ပေါ့ဟာ... သီဟ... မင်း ရေမကူးတတ်တာပဲများ ကျေးဥကို ဆယ်ဖို့ စိတ်ကူးရအောင် အသက်ပေးပြီးတော့ ချစ်နေတာလား "

" ဟယ် မင်းညိုကလည်း..."

ဖိုးသီကတော့ ဘာမှမပြောပါပဲ မျက်နှာလေးပျက်ပျက်နဲ့ ငြိမ်နေပါလား။ အံ့သြပါ့ ဖိုးသီရယ်... ရေမကူးတတ်ပါပဲ ကျေးဥ ရေထဲပါသွားပြီဆို ရေထဲခုန်ချရသတဲ့။

" ငါ အနားရှိလို့ပေါ့ ငါမရှိရင် သည်ကောင်သေပြီ နင်ကလည်း ဟိုမှာ ကယ်နေရတာ သူ့ကို ဘယ်ဂရုစိုက်မိမလဲ နင်လည်း ကမ်းပေါ်ရောက်ရော သူလည်း ရေအောက်အရောက်ပဲ..."

" မင်းညိုရာ... မင်းက ငါ့အသက်သခင်ပါ ကျေးဇူးတင်ပါတယ်..."

" ငါက မင်းအသက်သခင်ကျေးဇူးရှင်မို့ ကျေးဇူးဆပ်ချင်တယ်ဆို အလွယ်လေး မင်းဘဝကို မင်းပြန်ထူထောင် ငါက မင်းကို အောင်မြင်နေတာပဲ မြင်ချင်တယ် သူငယ်ချင်း... ငါတို့လိုရွာတွေမှာ မင်းတို့လို လူတွေရဲ့ ပညာတွေ ဘယ်လောက်လိုတယ်ဆိုတာ မင်းသိသင့်ပါပြီ..."

မင်းညိုက ဖိုးသီကို ဘာတွေပြောနေလဲ နားမလည်နိုင်။ မင်းတို့လို လူတွေရဲ့ ပညာတွေလိုတယ်ဆိုတော့ ဘာပညာလဲ... ဖိုးသီက ဘာလဲ...။ ရေမကူးတတ်ပါပဲ ဆယ်ရလောက်အောင် အသက်ပေးချစ်သတဲ့လား...

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ငါဘာဖြစ်သွားလဲ... ကိုယ့်ဘာသာ ပြန်မေးနေမိတယ်

မကျေးကတော့ ကိုရင်လေးချောင်းထဲကျသွားတာကို ဆယ်ဖို့ ရေထဲခုန်ချသွားတာ...။ သီဟစိတ်မှာတော့ မကျေးရေနစ်သွားမယ် မကျေးသေသွားမယ် ဆိုတဲ့အသိကိုနဲ့ပူထူပြီး ကိုယ်ရေမကူးတတ်တာမေ့ပြီး... ရေထဲ ဆင်းလိုက်မိတာ...။

ရေထဲရောက်မှ ရေမကူးတတ်တာသိလိုက်ချိန် မင်းညိုက သူ့ကိုဆယ်ပြီး ကုန်းပေါ်တင်ပေးလိုက်ပြီ။ ရေတွေလည်း သီးကုန်တော့တာ...။ မင်းညိုကတော့ တဖျစ်တောက်တောက်... အံ့သြတယ် ဖိုးသီ... မင်း ရေမကူးတတ်တာ ငါသိပြီး အမြန်ဆယ်လို့ပေါ့... မတော်တဆ မင်းမျောသွားလို့ ငါလိုက်ဆယ်လို့ရရင် ကောင်းပါရဲ့... ငါ့ဆီမှာလာနေပြီး အခြောက်တိုက် ရေနစ်သေလို့ကတော့ကွာ...တဲ့။

" မင်း သည်လောက်ပဲ ကျေးဥကို စိတ်ပူလား... မင်းဟာက အသက်ပေးချစ်သလိုဖြစ်နေပြီ..."

" မင်းညိုကလည်းကွာ..."

" ဘာမင်းညိုကလည်းလဲ... ကျေးဥမသေဘူး မင်းပဲသေနိုင်တာ "

" အခုငါမသေဘူးလေ ငါမသေဘူး..."

" မသေလို့ပေါ့... မင်းကိုငါတစ်ခုပြောပါရစေလား မင်း ကျောင်းပြန်တက်သင့်တယ် စိတ်မဆိုးနဲ့... ငါတို့ရွာမှာ မူလတန်းကျောင်းလေးမှာ အောင်ဖို့တောင် မနည်းကြိုးစားရတာ... အလယ်တန်းကို မြို့ထိသွားတက်နိုင်တဲ့ လူနည်းနည်းလေး... ဆေးပညာဗဟုသုတဆို ဘာမှမရှိ... မင်းကို ဆရာဝန်ကောင်းတစ်ယောက်အဖြစ် ငါမြင်ပါရစေ... ကျေးဥရှေ့မှာ မင်း မပြောစေချင်ဘူးလားလို့ မပြောတာ..."

" ငါစဉ်းစားမယ် သူငယ်ချင်း..."

သူငယ်ချင်းနှစ်ယောက် အိပ်ယာမှာ အိပ်ရင်း စကားပြောနေမိကြပါတယ်။ မကျေးပြောသလို ကြည်ပြာတို့ရှေ့မှာ သီဟ ရဲရဲဝံ့ဝံ့ လျှောက်ရဲရမည်တဲ့လား။ သူက သူ့လမ်းသူရွေးရင် ကိုယ်က ကိုယ့်လမ်း ကိုယ်ရွေးရမယ်တဲ့။

www.burmeseclassic.com

" စဉ်းစားပါ သီဟာရာ... မင်း ပတ်ကူးတစ်နှစ်ပြီးရင် အလုပ်သင်... ပြီးရင် ဆရာဝန်... မင်းလာခဲ့ပါ ငါတို့ရွာတွေကို အဲသည့်အချိန် လာခဲ့ပါ... အမြဲနေမယ်ဆိုလည်း ထာဝရကြိုမှာပါ.... ယောက်ဖတော်ဖို့လည်း အချိန်မရွေးပဲ"

မင်းညိုစကားကြောင့် ရယ်ရတယ်

" ကလေးက အခုမှ ရယ်တတ်လာတာပါလား... ရောက်စကလို စက်ရုပ်တစ်ရုပ်လို မဟုတ်တော့ဘူး သေချာတယ်... ကလေးက ရယ်တတ်သွားပြီ... ကျေးဥက ကလေးကို ရယ်နည်းသင်ပေးလိုက်ပြီပဲ ဟုတ်တယ်မဟုတ်လား..."

ပြောကာမှ ပိုတောင် ရယ်ချင်လာတယ်...။

ဟုတ်တယ်... အခုရက်တွေမှာ ဟိုရက်တွေလို အမိပ္ပါယ်မဲ့နေသလို ခံစားချက်တွေ ပျောက်ကွယ်နေတာ အမှန်ပါပဲ...။ စိတ်မှာ ပျော်ရွှင်လာသလိုပါ...။

" ငါပြန်မှာပါ... နောက်ထပ် တစ်ပတ်ဆယ်ရက်ဆိုပြန်မယ် ငါပြန်ရင်..."

" ကျေးဥကို လွမ်းနေတော့မှာလား "

" အင်း..."

" ယောက်ဖစုတ်... အရင်ကရုပ်တစ်မျိုး... အခုရုပ်ကတစ်မျိုး..."

မင်းညိုက လက်သီးနဲ့ထိုးတော့ သီဟက လိုမ့်ရှောင်ရင်း နှစ်ယောက်သား အိပ်ခန်းထဲမှ ဆူညံပျော်ရွှင်နေပါလေရော...။

" သြော် သည်ကလေးတွေ... နင်တို့ကိုယ်နင်တို့ လေးငါးဆယ်နှစ်တွေများ မှတ်နေလား..."

ဒေါ်ကြီးမြကတောင် သူတို့ကို လာကြည့်ယူတယ်။ မင်းညိုတို့များ နှုတ်ကအငြိမ်မနေ အမေရေ... အမေ့တူမကျေးဥ ဂျမ်းဒေါမကို မစွံတော့ဘူးမထင်နဲ့ အခုကြိုက်မယ့်လူ တွေ့ပြီ...။ ကျွန်တော်လည်း ယောက်ဖရပြီဆိုပြီး တဟားဟားရယ်နေတော့တာ။ ဒေါ်ကြီးမြကလည်း ပြုံးပြုံးကြီးနဲ့ ဘာပြန်ပြောမှတ်လဲ။

ဒါဆိုရင်တော့ မောင်သီဟက အလှဆိုတာ ဘာလဲ ကြည့်တတ်တာပေါ့ ကျေးဥလေးက လူရော စိတ်ရော လှတာတဲ့လေ...

" ကလေးတွေ အမေထမင်းပြင်ပြီးပြီ လာစားတော့ ဆော့မနေနဲ့..."

" အမေ ကျေးဥကို လှမ်းခေါ်ဦးမယ်..."

မင်းညိုက ခေါင်းရင်းတံခါးကိုဖွင့်ပြီးတော့ ကျေးဥရေ ထမင်းစားမယ် ထမင်းလာစားပါဆို အော်ခေါ်နေပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သီဟကတော့ မကျေးကိုတွေ့ရမှာ... မျက်နှာပူသလိုလို ပျော်ရွှင်နေသလိုလို ဘယ်လိုမှန်းမသိသော ခံစားမှုတွေပါလား...။

အချိန်ရဲ့ကုစားမှုကိုစောင့်မနေနဲ့ ဖိုးသီ။ အသိနဲ့ တစ်ခါတည်း ကုပစ်လိုက်။

အချိန်နဲ့ ကုရတာက ကြာတယ်။ အချိန်ဆိုတာအသက်ပဲ အသက်ပေးပြီး စောင့်စားကုရတာ အများကြီး နစ်နာတယ် ကိုယ်တစ်ယောက်တည်း နစ်နာတာ မဟုတ်ဘူး ကိုယ့်အနာဂတ်ပျက်တော့ ကိုယ့်ပတ်ဝန်းကျင်ကပါ ပျက်ရော...။

သည်တော့ အချိန်နဲ့ မကုနဲ့ ဖိုးသီ

နစ်နာတယ် အသိနဲ့ကုပါတဲ့...။ တကယ်ကျေးဇူးတင်ရတယ် မကျေး...။

" မင်းညို... အိမ်မှာ ဆိတ်ကလီစာချက်တယ် ဒေါ်ကြီးမြရော ဘာချက်လဲ"

" သည်နေ့ ဟင်းမကောင်းဘူး ကျေးဥရေ့ ဘဲဥနဲ့ အာလူးချက်တယ် ပေါ်လေးထောင်းလို့..."

" စကောင်းမှာပါ ဒေါ်ကြီးမြရဲ့..."

ထမင်းဝိုင်းမှာ မကျေးက ရောက်နေပါပြီ။ မင်းညိုကတော့ မျက်နှာပိုး မသေဘူးဖြစ်နေတယ်။ ဒေါ်ကြီးမြကတောင် သည်ကောင်လေးတော့ မဟုတ်တော့ဘူး... ရယ်မပြီးဘူး အူမြူးနေတယ်တဲ့...။

" အူမြူးတာပေါ့ အမေရဲ့... ကိုယ်လည်း ရေမကူးတတ်ပဲနဲ့ အသက်ပေးချစ်တဲ့ဇာတ်လမ်း တွေ့တယ်လေ "

" မင်းညို..."

မကျေးကိုအားနာတာမို့ မင်းညိုကို လက်သီးနဲ့ လှမ်းရွယ်လည်းမရ။ မကျေးကတော့ ရယ်နေတာပါ...။ ဒါပေမယ့် မကျေးရဲ့မျက်ဝန်းတွေက သီဟကို မကြည့်ပဲ လွှဲဖယ်ထားပါတယ်။ ဒါပေမယ့် သီဟထမင်းပန်းကန်ထဲ ဟင်းတွေ ဖာ်ထည့်ပေးတဲ့အခါမှာတော့ မင်းညိုက ပြုံးနေတာပါ။ မင်းညိုကို မကြည့်တာပဲ ကောင်းပါတယ်။ သီဟကိုယ်တိုင်ကကော ရင်ထဲကို မကျေး ဘယ်လိုရောက်လာ တယ် မသိဖြစ်ခဲ့ရတာပဲ မဟုတ်လား...။

သီဟ ပြန်မယ်လို့ တွေးစပြုခဲ့ပါပြီ။

ပြန်သွားခဲ့ရင်တော့။

မကျေးရေ... ဝေးရလည်း ခဏပေါ့။

¤ ¤ ¤

www.burmeseclassic.com

မင်းညို အရမ်းစတာပဲ

အသက်ပေးချစ်ရသလားဆိုတာပဲ စနေတယ်။

ဖိုးသီကလည်းဖိုးသီ... ရေမကူးတတ်ပါပဲ... ကျေးဥရေနစ်ပြီး ရေထဲခုန်ချရသလား...။ ချစ်တတ် သံယောဇဉ်ကြီးတတ်သူလို့ လက်ခံရတော့မလား ဖိုးသီရယ်...။

" ကျေးဥ... အစ်မမေးမယ်... သန့်ဇော်ကို တကယ် မနှစ်သက်ဘူးလား

" အစ်မကလည်းလေ ပြောပြီးပြီလေ သဘောမကျပါဘူးဆို..."

" သီဟကိုတော့ သဘောမကျစေချင်ဘူး... ကောင်လေးက ခဏတဖြုတ် အပျော်လာလည်တာ ရန်ကုန်ပြန်သွားရင် ကျေးဥပဲ ခံစားရမယ်... ကျေးဥအဲလို ခံစားရမှာ အစ်မ မမြင်ချင်ဘူး "

" အစ်မကလည်း... လျှောက်တွေးပူမနေနဲ့... ကျေးဥ ဘယ်သူ့ သဘောမကျဘူး..."

" ကျေးဥရေ... အမေ့ကို ကုန်းမြောင်ဈေးသွားပေး..."

" ကျေးဥ သီဟ ခေါ်မသွားနဲ့နော် "

အစ်မကလည်းလေ...။ သီဟက သည်ကို မရောက်ဖူးလို့ ကျေးဥသွားရင် ခေါ်ခေါ်သွားတာကို စိတ်ပူနေရလား။ အစ်မစကားကို နားမထောင်နိုင်တာ အဖြေပြန်မပေးပါပဲ ထွက်လာခဲ့တယ်။ အစ်မ မကြားအောင် ဖိုးသီ မင်းညိုတို့အိမ်ရှေ့မှာ တိုးတိုးလေး လက်ယပ်ရင်း ဖိုးသီ ဖိုးသီလို့ ခေါ်လိုက်တယ်

" မကျေး ဘယ်လဲ "

" ကုန်းမြောင်ဈေး "

" ကျွန်တော်လိုက်မယ်... ခေါ်ကြီးမြကို ဈေးဝယ်ပေးချင်လို့..."

ဖိုးသီနင်းတဲ့ စက်ဘီးနောက်က ထိုင်လိုက်တော့ အစ်မအိမ်ရှေ့ ထွက်ကြည့်တာကို မမြင်ချင်ယောင် ဆောင်နေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


" မြို့ဈေးသွားဦးမယ် "

" ဘယ်တော့လဲ "

" မနက်ဖြန် သန်ဘက် "

" မြို့ ဘာသွားလုပ်မှာလဲ "

" ရန်ကုန်ကိုလည်း ဖုန်းဆက်မယ် ပြီးတော့ အဘညီနဲ့ ဒေါ်ကြီးမြရယ် …မေ့အတွက်ရယ် လက်ဆောင်ဝယ်မယ် မကျေးအတွက်လည်း လက်ဆောင် …စ်ခုခုဝယ်မယ် "

" ဘာလုပ်ဖို့ "

" မကျေး… ကျွန်တော် မြို့ပြန်တော့မယ်ဆိုရင်… "

" ဟင်… ဖိုးသီ ရန်ကုန်ပြန်မယ် "

ကျေးဥအံ့ဩရတယ် ဝမ်းသာရမှာပါ…။ ဖိုးသီတစ်ယောက် သူ့ရဲ့ …ုံးသားဒဏ်ရာကို ကျေးဥလို့ အချိန်တွေကုန်ပြီး ဘာမှအကျိုးမရှိ မဖြစ်ရပဲ …ပြန်ဆုံးပျောက်ကင်းသွားတယ်ဆိုတာ ဝမ်းသာစရာပေါ့…။

" ကျွန်တော် သည်မှာနေတာ ဘာမှမကြာပေမယ့် အသိတရားတွေ …များကြီးရတယ် မကျေး… မိဘတွေက စားဝတ်နေရေး ပင်ပန်းကြီးစွာ လုံးပမ်း …လေးတွေက ပညာမသင်ရ… သင်ရပြန်တော့ မူလတန်းက ရှေ့မဆက်… …ျန်းမာရေးအရကြည့်ပြန်တော့လည်း… အိမ်တိုင်းတောင် အိမ်သာကောင်းကောင်း မရှိသေး… ကျန်းမာရေးပညာပေးတဲ့ဝန်ထမ်းတွေက ပြော… သူတို့က စီးပွားရေး …ပြေလည်တော့ စားဖို့ပဲ ဂရုစိုက်နေပြီး မလိုက်နာနိုင်တွေများ…"

ဖိုးသီရယ် သည်အချိန်ပိုင်းလောက်လေးအတွင်းမှာ မင်းဟာ ရွာဝန်းကျင်က …ပြည့်စုံခြင်းတွေအပေါ် နားလည်လာတာပါလား…။

" ရှေ့က ဦးဆောင်ပေးမယ့် ပညာရေး ကျန်းမာရေး ဝန်ထမ်းကောင်းတွေ …ာရင်… နေရာအနှံ့ အများကြီး တိုးတက်လာနိုင်ပါတယ်… မကျေးရော …တွေလုပ်နေလဲ… မင်းညိုပြောတော့ မကျေးက အင်္ဂလိပ်စာ သိပ်တော်တယ်ဆို …ကျောင်းမှာ အင်္ဂလိပ်စာသင်နိုင်တဲ့ ဆရာမတစ်ယောက်ဖြစ်အောင် ကြိုးစားပါလား"

ကျေးဥလည်း ဆုံးဖြတ်ထားတာပါပဲ…။

ကျေးဥ အဝေးသင်နဲ့ဖြစ်ဖြစ် စာပြန်သင်ဖို့ကြိုးစားမယ်…။ ပြီးတော့ …သီ ပြောသလို အင်္ဂလိပ်စာသင်တဲ့ ဆရာမတစ်ယောက်လောက်တော့ ဖြစ်အောင်

www.burmeseclassic.com

ကြိုးစားနိုင်ပါသေးတယ်။

" မကျေး... မကျေး "

" ဘာလဲ..."

" ဘာလို့ စကားမပြောတာလဲ..."

" ဘာမှ မဖြစ်ပါဘူး..."

ကြိုးစားမယ်ဆိုတဲ့ အသိကတော့ ရှိလာပါပြီ ဒါပေမယ့် ဖိုးသီ ပြန်သွားရ ခွဲခွာခြင်းဆိုတဲ့ ခံစားမှုကို ရင်မှာ လွှမ်းဆွတ်ခြင်းအဖြစ် ရှိစေပြီလား...။

" ကျွန်တော် ခဏပြန်မှာပါ မကျေးရဲ့ "

" ကျေးဥက ဘာပြောလို့လဲ "

" ကျွန်တော်လည်း မပြန်ချင်ပါဘူး ဒါပေမယ့် မကျေးရယ်... အ ကျွန်တော် သဘောပေါက်သွားပြီ... အရိပ်ကိုရဖို့ အခုချိန် ကျွန်တော်တို့နှစ်ယောက် နေပူထဲလျှောက်ရဦးမှာ..."

ကျေးဥကိုယ်ကျေးဥလည်း တားမရ။ ဖိုးသီပြန်တော့မယ်ဆိုတဲ့ အတွေးတစ်စသာ စိတ်ကို စိုးမိုးနေတာပါလား။ ဒါကြောင့်လည်း အစ်မက ပြောတာ...။ ဖိုးသီ ရန်ကုန်ပြန်သွားရင် ကျေးဥပဲ ခံစားရလိမ့်မယ်တဲ့။ ဖိုးသီကတော့ ပြန်လာမည်ပြောတာပဲ။ ဒါပေမယ့် မရေရာ မသေချာသော နက်ဖြန်များ... ပြီးတော့ ဖိုးသီနှင့် ကျေးဥက ဘာဆိုင်တာလိုက်လို့...။ ချစ်သူတွေတော ဝေးချင်ရင်ဝေးသွားကြတာ ကြုံခဲ့ဖူးပြီပဲ ဘာမှ မသက်ဆိုင်သူနှစ်ယောက်က ဝေးသွားမှာ ဘာဆန်းလို့လဲ။

" ရှေ့မှာ ရွှံ့တွေရှိတယ် မနင်းနဲ့ ဆင်းလျှောက်မယ် "

နှစ်ယောက်သား စက်ဘီးကိုတွန်းပြီး ဆင်းလျှောက်ကြတယ်

ဖိုးသီက ကျေးဥမျက်နှာကို လိုက်ကြည့်နေတာပါလား။

ဟန်ဆောင်သင့်တယ်...

ကျေးဥရင်ထဲကို ဖိုးသီ မမြင်သင့်ဘူး...။

" ကျွန်တော် ပြန်ရမလား မပြန်ရဘူးလား..."

" မပြန်နဲ့ "

" တကယ်လား "

" တကယ် "

www.burmeseclassic.com

" ဒါဆို မပြန်တော့ဘူး... မင်းညီတစ်ယောက် ရှေ့ဆက်
ကမင်းကျွေးထားစေဗျား..."

အဲလိုမျိုးပြောတော့လည်း ကျေးဥ ပြုံးမိရပြန်ပါရော။ မင်းဟာ
ဖျစ်စရာကောင်းပါတယ်။ အချစ်ဆိုတာ ကျေးဥနှလုံးသားမှာ သေဆုံးသွားပြီလို့
ထင်ခဲ့တာ။

" အချစ်ဆိုတာ ကျွန်တော့်နှလုံးသားမှာ သေဆုံးသွားပြီလို့ ထင်ခဲ့တယ်..."

" မဟုတ်ဘူးလား "

" မဟုတ်ဘူး... အချစ်ကရှိနေတာပဲ... ကျွန်တော့်နှလုံးသားက
ရှင်သန်နေတာပါလား သေဆုံးပြီထင်ခဲ့တာ..."

" ဒါဆို မင်းရဲ့နှလုံးသား ပြန်လည်ရှင်သန်လာတာကလည်း
မြန်လှချည်လား..."

" ကျွန်တော်က ဆေးအကုကောင်းလို့နေမှာပေါ့... ဆေးသောက်တတ်ပုံ
ရတယ်..."

" ဒါဆို ကျေးဥက ညံ့တာပေါ့နော် နှစ်များစွာ မေ့မျောနေသလို
ဖြစ်နေခဲ့တယ် "

" အခုရော... အခုတော့ ပြန်လည်ရှင်သန်လာပြီမဟုတ်လား "

" ဟင့်အင်း... မေ့မျောနေတုန်းပဲ "

" ဒါဆို ကိုမာဖြစ်နေတာဖြစ်မယ် "

" ဘာလူကိုများ... ကိုမာဖြစ်နေတယ်တဲ့..."

ဖိုးသီရဲ့ပခုံးစွန်းကို ထုလိုက်တဲ့အခါ လက်ကို ဖမ်းဆွဲထားပါတယ်။
ပြီးတော့မှ မကျေးရဲ့ မေ့မျောနေတဲ့နှလုံးသားတွေ ပြန်လည်ရှင်သန်အောင်
ကျွန်တော်ကုပေးမယ်... ကျွန်တော်က ဆေးကုကောင်းပါတယ်တဲ့လေ...။

" ဝမ်းသာပါတယ် ဖိုးသီ... မင်း ခုလိုမျိုး အချိန်တိုအတွင်း
မပိပ္ပါယ်မဲ့ဘဝက လွတ်မြောက်နိုင်တာ ကျေးဥ တကယ်ဝမ်းသာတယ်... ကျေးဥက
အခုမှ ပြန်လည်ထူထောင်ရမှာ..."

" ကျွန်တော်ပြန်လာတဲ့အချိန်မှာ မကျေးလည်း အုတ်ဆယ်ချပ်ရွက်နေတာ
မြင်ရလောက်ပါပြီနော် "

" ဒါပေါ့ ဒါပေါ့..."

www.burmeseclassic.com

ဖိုးသီကတော့ ပြန်လာရင်ဆိုတဲ့စကားကို တွင်တွင်သုံးပါတယ်။ ဒါပေမယ့် ဖိုးသီရဲ့ မရေရာလှသော အပြန်ရက်တွေကို ကျေးဥတွေးရင်း ခံစားရသလိုပါပဲ... မင်းကို မခွဲခွာချင်ဘူးဆိုတဲ့ ခံစားမှုတွေ ကျေးဥရင်ထဲ ဘယ်လိုရောက်လာ တယ် မသိပါ...။

" ဇွက်လွတ်ပြီ... ခုန်တက်တော့မကျေး "

သူက စက်ဘီးနင်းပေမယ့်... ကျေးဥ ဒိုင်တွေစွာ ရပ်နေမိဆဲ။ ကျေးဥပါမလာမှန်းသိတော့ ရပ်စောင့်နေတယ်။

" ဘာဖြစ်လို့လဲ မကျေး "

" ပေးပါ... ကျေးဥနင်းပါမယ် မင်းက ခဏနေ ပြန်သွားမှာပါ... မင်းမရှိတဲ့အခါ စက်ဘီးနင်းတိုင်း သတိတွေရနေရရင်..."

" မကျေးကလည်းဗျာ... အဲလိုမပြောပါနဲ့ ကျွန်တော်ပြန်လာမှာပါ... ကတိပေးတယ်..."

" ဟင့်အင်း... ကျေးဥနင်းမယ်..."

ကျေးဥစက်ဘီးနင်းလိုက်တော့ နောက်မှနေ ဖိုးသီခုန်တက်လိုက်တယ်...။ နှစ်ယောက်သား စကားမပြောမိကြပါဘူး... အတွေးကိုယ်စီနှင့် တိတ်ဆိတ်ငြိမ်သက် နေမိကြပါတယ်...။ အစ်မစိတ်ပူသလိုတော့ ဖြစ်နေပါပြီ...။ ဖိုးသီပြန်သွားရင်တော့ ကျေးဥခံစားရတော့မှာပါပဲ။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

အံ့သြစွာ ခံစားရတယ် အချစ်ဆိုတာ ကြည်ပြာနှင့်အတူ သေဆုံးသွားခဲ့ပြီ ထင်တာ နှလုံးသားမှာ ဘာလို့များ မကျေး ချက်ချင်း ဝင်ရောက်နေရာယူနိုင်ခဲ့ပါလိမ့်။ မကျေးကိုချစ်တယ်... မခွဲခွာချင်ဘူးဆိုတဲ့ ခံစားချက်ကလည်း ဆန်းသစ်နေဆဲ... လတ်ဆတ်နေဆဲပါလား...။

မကျေးရယ်...

သီဟပြန်သွားရင်ဆိုပြီး စက်ဘီးကို သူ့ဘာသာနင်းတယ်။ နှစ်ယောက်သား စကားမပြောမိကြပဲ အတွေးကိုယ်စီမှာ ဝေးကွာခြင်းအတွက် ခံစားရတာတွေရှိမှာပါ...။ နှစ်ယောက်လုံးရဲ့ အနာဂတ်အတွက် ကြိုးစားချင်သေးတယ်...။

မကျေး

သီဟလွင်ဆိုတာ ဘာလို့များ အဓိပ္ပါယ်မဲ့ ပျော့ညံ့သွားခဲ့ပါလိမ့်လို့တောင် ရချိန် ကိုယ့်ကိုယ်ကို အားမရဖြစ်နေမိပြီ။

မျက်စိတွေ စုံလုံးကန်းသွားခဲ့တဲ့ သီဟလွင်အတွက် မကျေးဟာတကယ့် အလင်းရောင်ပါ။ အဲသည့်အလင်းရောင်လေးရဲ့ လမ်းပြမှုမှာ သီဟ ပြန်လည်အသိဝင်ခဲ့တယ်...။

အချစ်ဆိုတဲ့ ဘဝရဲ့ တစိတ်တစ်ဒေသကလေးတစ်ခုအတွက် ဘဝကြီးတစ်ခုလုံး လမ်းပျောက်သွားလောက်အောင် သီဟလွင် ရူးနှမ်းခဲ့မိတာ မှ ပြန်လည်ရှက်နေမိပါတယ်...။

" မကျေး.. ကျွန်တော့်ကို ယုံပါ ကျွန်တော် တစ်နေ့ပြန်လာမယ် မိပ်မကြာပါဘူး မကျေးရယ်..."

" ရပါတယ် ဖိုးသီရယ် သတိတရရှိလာလို့ အဆင်ပြေတော့ လာပေါ့..."

မကျေးကတော့ သီဟပြန်လာမယ်ဆိုတာ... အကြွင်းမဲ့ယုံကြည်ပုံမရပါ... မကျေးကို ချစ်တယ်လို့ဖွင့်ပြောချင်ပါတယ်...။ ဒါပေမယ့်... ပြောလိုက်ပြီးပြန်ရင် မကျေးကို အလွမ်းတွေ သည်ထက် ပိုစေမလား။ ဒါကိုလည်း ငဲ့ရဦးမယ်လေ။

" ဟိုမှာ မကျေး အစ်မ..."

" အစ် ဘယ်လဲ "

" ငါ ထန်းပင်ချောင်မှာ ညသွားအိပ်မလို့... သည်ညအိမ်ပြန်မအိပ်ဘူး ကျေးဥ... လိုရင် မင်းညှိခေါ်ထား... ထန်းပင်ချောင်မှာ အဘဝင်း အသုဘရှိတယ်..."

အဘဝင်းဆိုတာ ဆွေမျိုးမို့ အစ်မလှမွန်က အဲသည့်မှာ သွားအိပ်မတဲ့။ အမေကတော့ သွေးနည်းနည်းတိုးနေလို့ ခေါ်မသွားဘူး ဂရုစိုက်လိုက်ပါတဲ့လေ။

" အမေ့ကို မပူပါနဲ့ အစ်မရဲ့ မွေးလူနာတွေကရော တော်ကြာ ညဘက်ကြီးတွေလာခေါ်နေဦးမယ် "

" ငါသိပါတယ် ကျေးဥရဲ့ လောလောဆည်မွေးမယ့်ဗိုက် တစ်ဗိုက်မှမရှိဘူး ရှိတဲ့ဗိုက်ကလည်း ထန်းပင်ချောင်မှာ ငါက အဲသည့်ရွာမှာအိပ်မှာ... ဘယ်ဗိုက်မှ မရှိဘူး "

" ဒါဆိုလည်း ပြီးရော..."

အစ်မလှမွန်က အိမ်ကိုဂရုစိုက်လိုက်ပါနော် မောင်သီဟတဲ့ ဟုတ်ကဲ့ အစ်မလို့ပဲ ပြောလိုက်တယ်။ အစ်မက သီဟကိုဆို သိပ်မရင်းနှီးသလိုပါပဲ...။

" ထန်းပင်ချောင်က ဝေးလား..."

" ဝေးတယ် အသွားအပြန် တစ်နာရီလောက်ကြာတယ်... ကုန်းမြောင်နဲ့က အများကြီးနီးတာ..."

မကျေးရဲ့ စက်ဘီးနောက်က လိုက်စီးလာရင်း... မကျေးကို ရန်ကုန်သာခေါ်သွားရရင်လို့ တွေးမိပါတယ်။

" တစ်နေ့နေ့ကျရင် မကျေးကို ကျွန်တော်မောင်းတဲ့ကားမှာ လိုက်စီးခိုင်းမယ် ဒါမှ အခု မကျေးနင်းတဲ့ စက်ဘီးစီးရသမျှ ကျေမှာပေါ့နော်..."

" စေတနာချင်းတူမှ ကျေမှာပေါ့ ဝတ်ကျေတန်းကျေ အပြောနဲ့တင်ကတော့ မကျေသေးဘူး "

" ဒါဆို စောင့်ကြည့်..."

" ဘာလဲ... မနက်ဖြန်လား... မနက်ဖြန်ကျတော့ မနက်ဖြန် နောက်မနက်ဖြန်များစွာလား "

မကျေးရဲ့စကားတွေမှာ ယုံကြည်မှုနည်းပါးလွန်းပါလား။ မကျေး ရယ်နေပါလား။ ရယ်သံက ခြောက်ကပ်ကြေကွဲနေသလား။ ဘယ်လိုပင်သီဟ

www.burmeseclassic.com

ခုချိန်တော့ ပြန်လာမယ်ဆိုတဲ့ စကားတစ်ခွန်းမှလွဲ၍ ဘာပြောနိုင်လေမလဲ မကျေးရယ်...။

" ကျွန်တော့်ကို ယုံကြည်ပါမကျေး... ပြန်လာပါမယ် "

" ဟုတ်ပါပြီ... ယုံလိုက်ပါမယ် "

" နားရွက်ရှည်နဲ့ ယုန်မဟုတ်ဘူးနော်..."

" ဟုတ်ပါပြီရှင်..."

မိုးရိပ်တွေရှိပေမယ့် မရွာပါဘူး...။ သီဟပြန်သွားလည်း... ရင်ထဲမှာတော့ အမှတ်တရတွေရှိနေဦးမှာပါ မကျေးရယ်...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

မိုးကတစ်နေကုန်မရွာပါပဲ ညကျမှပဲ သည်းလည်းသည်းနိုင်ပါရဲ့

အစ်မမရှိတော့ သားအမိနှစ်ယောက်တည်းဆိုပြီး... မင်းညိုနှင့် ဖိုးသီက အိမ်ရှေ့ခန်းမှာ လာအိပ်ကြတယ်လေ...။ မအိပ်ချင်ဘူးဆိုပြီး လက်ဖက်သုတ်နဲ့ ရေနွေးကြမ်းရှေ့ချပြီး စကားထိုင်ပြောနေကြတယ်...။

" မိုးကလည်း ကောင်းတယ် "

" ရွာပါစေဟာ..."

" သီဟ ပြန်တော့မယ် ကျေးဥ... သီဟကလေ..."

" ငါသိတယ် မပြောနဲ့တော့ "

ထပ်တလဲပြောမနေနဲ့ မကြားချင်တော့ပါဘူး။

ရောက်တတ်ရာရာပြောနေတဲ့စကားတွေထောင်မှ ဖိုးသီပြန်မယ်လည်းဆိုရော ပြန်လည်တိတ်ဆိတ်သွားပါပြီ။

" မင်းညို... အပြင်ကခေါ်နေသလိုပဲ နားထောင်စမ်းပါဦး "

" အေး... အစ်မကိုခေါ်နေတာ..."

ဒါကြောင့်မို့ ပြတင်းပေါက်ဖွင့်ကြည့်တော့ တကယ်ဘဲ လူနှစ်ယောက်လာ။

" ကျေးဥရေ ကျေးဥ ငါပါ... ဝင်းမောင်..."

" ကိုဝင်းမောင်ကြီးလား... ဘာကိစ္စလဲ "

" မလှမွန်လာခေါ်တာ... ငါတို့အိမ်မှာ ဧည့်သည်ရောက်လာလို့ဟ... ဧည့်သည်က နေ့ခင်းကရောက်ပြီး ခုည ဗိုက်နာနေလို့..."

ပြဿနာပဲ

ခုရက်မွေးမယ့်ဗိုက် တစ်ဗိုက်မှ မရှိဘူးဆိုပါမှ ဧည့်သည်ရောက်လာ ဧည့်သည်ကဗိုက်နာသတဲ့လား။

" အစ်မက ထန်းပင်ချောင်မှာနာရေးရှိလို့သွားအိပ်တာ မြို့ဆေးရုံမှာပေါ့..."

" မြို့ကို သည်မိုးနဲ့ ပို့လို့မဖြစ်ဘူးလေ..."

" မြို့မပို့ရင်တော့ ကြီးနှဲ့တို့လို လူကြီးတွေနဲ့ ...ပေါ့..."

www.burmeseclassic.com

 www.burmeseclassic.com 

" ကြီးနွဲ့ကလည်း ကုန်းပြောင်သွားတာ "

ဒုက္ခပါပဲဟာ... ငါက မလှမွန်ရှိတယ်ဆို တော်သေးရဲ့လို့ထင်နေတာ မနှင်းအိက ဗိုက်အရမ်းနာနေပြီ မြို့ဆေးရုံပို့လည်း လမ်းတင်မွေးမှာထင်တယ်"

အစ်မက ထန်းပင်ချောင်ထိသွားမှာ။ ခုလိုမျိုး ကိုယ်ဝန်ဆောင်ဧည့်သည် လာမယ်မှန်းလည်း အစ်မကဘယ်သိမလဲ။

" အစ်ကိုကြီး... သားဦးမွေးမှာလား "

" မဟုတ်ပါဘူး တတိယမြောက်ကလေးပါ..."

" မင်းညို ငါတို့လိုက်သွားရအောင် ကူညီနိုင်တာ ကူညီရတာပေါ့ "

ဘာဖြစ်ရတာလဲ

ဖိုးသီတို့များ နေရာတကာပါတယ်... တစ်ခြားနေရာပါတာ ပါပေါ့။ မိန်းမတစ်ယောက် ကလေးမွေးတာ သူနဲ့ ဘာဆိုင်လဲ...။ မင်းညိုကလည်း သူ့သူငယ်ချင်းကို အလိုလိုက်တယ်လေ...။ အစ်မရဲ့ပစ္စည်းတွေထားတဲ့ နေရာကိုမေးပြီး ဘာတွေယူနေပြန်တယ် မသိ။

" ဖိုးသီ နင်ဘာတွေလျှောက်လုပ်နေလဲ မိန်းမ ကလေးမွေးတာ နင်နဲ့ဘာဆိုင်လဲ..."

" ဒါတွေနောက်မှပြော မကျေး မင်းညိုနဲ့ မကျေးပါလိုက်ခဲ့..."

ကိုဝင်းမောင်တို့အိမ်ကို လိုက်ခဲ့တဲ့... လိုရင် မြို့ဆေးရုံကိုပို့ရမယ်ဆိုလည်း ယှည်းမောင်းပေးသင့် ပေးရတာပေါ့ဆို လိုက်လာခဲ့ရတယ် မိုးကလည်း သည်းလွန်းပါရဲ့...။

ကိုဝင်းမောင်တို့ ခြံကကျယ်တော့ အိမ်ကလေးထိရောက်အောင် လျှောက်သွားကြရတယ်လေ...။

သည်လောက် မိုးသံလေသံကြား ကလေးမွေးဖို့ဗိုက်နာနေတဲ့ အမျိုးသမီးအသံကို ကြားရပါတယ်။

" အမေ... အစ်မလှမွန်က မရှိဘူး ထန်းပင်ချောင်သွားတယ် အမေတို့မွေးပေးလို့ ဖြစ်မလား..."

အိမ်နီးနားမှ ကြီးရွှေတို့ ဒေါ်မြိုင်တို့တော့ရှိနေသား။ လူကြီးတွေဆိုတာ အတွေ့အကြုံလည်းရှိမှာပါ လိုရင်တော့ မြို့ဆေးရုံပို့တာက ပိုအဆင်ပြေမယ်။ အစ်မကို သွားခေါ်ရတာက သိပ်အဆင်မပြေနိုင်။

" ဟဲ့ ဟဲ့ မင်းညို... ကြီးရွှေတို့လို အဖွားကြီးတွေက အတွေ့အကြုံရှိလို့ ဝင်သွားတာဘာအရေးလဲ ဖိုးသီက ဘာကိစ္စသွားကြည့်ရတာလဲ နေရာတကာ စပ်စုတယ်... သည်လိုကိစ္စကို ငါတောင် မစပ်စုရဲဘူး... နင့်သူငယ်ချင်းကို ခေါ်လိုက်ဟာ..."

သည်တော့မှ မင်းညိုကပြောလာတာ ဖိုးသီ...။ မင်းကို မင်းညိုလို့ ဘွဲ့ရပြီးသားမှတ်နေတာ ဖိုးသီရယ်... ဆေးပညာတွေသင်ယူနေဆဲများ မင်းမိုက်မဲလွန်းပါလား...။

အင်းလေ... မင်းက ကံကောင်းပါတယ် အချိန်မနှောင်းသေးပါဘူး။ မရရအောင် ပြန်ခိုင်းမှပါလား။ ခွဲခွာရခြင်းဆိုတာ ခံစားထိခိုက်ရမည်ဆိုဆို ကျေးဥလိုတော့ ပျော့ညံ့ခြင်းတွေနဲ့ မမှားယွင်းစေချင်။

" သီဟက ဘယ်သူ့ကိုမှ မပြောပါနဲ့ဆိုလို့ပါ..."

" စောစောကပြောရင်... သူ့ကိုစောစော ပြန်ခိုင်းမိမှာပါ... ငါ့လိုမျိုး အချိန်တွေကို မဆုံးရှုံးစေရပါဘူး..."

" ငါလည်းဖျောင်းဖျပါတယ် သူက ခံစားနေရတုန်းဆိုတော့ ပြောရခက်တယ် "

" အခု သူနားလည်... ဟယ်... အူငဲ အူငဲတဲ့..."

ရုတ်တရက် ကလေးငယ်လေးရဲ့ အူငဲသံလေးကြောင့် ကျေးဥ လန့်ဖျတ် ပျော်ရွှင်သွားသလိုပါပဲ...။

" ဘာလေးလဲ ဘာလေးလဲ ဖိုးသီ "

" ယောက်ျားလေး... ယောက်ျားလေး..."

" နေကောင်းကြတယ်မဟုတ်လား "

" ကောင်းတယ် ကောင်းတယ် အမေရောကလေးရော နေကောင်းတယ်"

ခဏနေတော့ ဖိုးသီက ကလေးလေးချီပြီး ထွက်လာပါတယ်။ ကြီးရွှေတို့တွေက... ဆရာလေးက တကယ်ကူညီတာ တကယ်ကူညီတာဆိုပြီး ပြောတော့... ကျွန်တော် ဘာမှမကူညီရပါဘူး အဲသည့်အစ်မကိုယ်တိုင်က တတိယကလေးဆိုတော့ လွယ်လွယ်မွေးလို့ပါဆိုပြီးရယ်ကျဲကျဲမို့... ဖိုးသီမျက်နှာလေးကို ကျေးဥကြည့်နေမိပါတယ်။

" မကျေး ကျွန်တော် လက်ဆေးချင်လို့ ရေလောင်းပေးပါလား..."

www.burmeseclassic.com

 www.burmeseclassic.com 

" လောင်းပေးပါဘူး "

" မကျေးစိတ်ဆိုးနေတာလား မဆိုးပါနဲ့ ကျွန်တော်က အားလုံးကို စွန့်ခွာလာတော့ ကျွန်တော်ဘာဆိုတာလဲ ပြောမနေချင်တော့ဘူးလေ..."

" ဖိုးသိ "

" ပြော..."

" မင်းအမြန်ဆုံးပြန်ရမယ်နော်..."

" မကျေးက ခွဲနိုင်ပြီလား..."

" ဟင်... "

မိုးက အနည်းငယ်တော့ စဲသွားပါပြီ။ ကြီးရွှေတို့ ကိုဝင်းမောင်တို့က မုန့်ကျွေးချင်လို့ဆို ပဲမုန့်နဲ့ကော်ဖီတွေ အတင်းတိုက် နေပြန်ပါသေးတယ်...။

" ကိုဝင်းမောင်ရေ... ပြန်မှပါ.. အိမ်မှာ အစ်မလည်း မရှိဘူး... အမေတစ်ယောက်တည်းဖြစ်နေလို့ ပြန်မယ်..."

ကိုဝင်းမောင်က ပြန်ပို့ပါမယ်လုပ်နေလို့ အတင်းထားပစ်ခဲ့ရတယ်။ သုံးယောက်ပြန်မှာပဲ လိုက်ပို့စရာမလိုဘူးလို့လေ။ မင်းညိုကတော့ သူ့ထီးကို သူဆောင်းပြီး မင်းတို့နှစ်ယောက် ဖြည်းဖြည်းလျှောက်ခဲ့ ငါချမ်းနေပြီ... သွားနှင့်မယ်ဆို ရှေ့က လျှောက်တယ်လေ...။

" မကျေး... မိုးတွေရွှဲနေပြီ... အိမ်ပြန်ရောက်ရင် နွေးနွေးထွေးထွေးနေနော်"

" မင်းကရော "

" ကျွန်တော်လည်း ဂရုစိုက်မှာပါ..."

ဖိုးသိရယ်... မင်းမိုးပေးတဲ့ထီးရိပ်မှာ ကျေးဥ ကြည်နူးချမ်းမြေ့စွာ နေတတ်ခဲ့ပေမယ့်... ဟိုးအနာဂတ်မှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ မင်းနဲ့ကျေးဥ ခွဲနေကြရဦးမှာပါ...။ ပြန်လည်ဆုံဆည်းခြင်းဆိုတာကလည်း မျှော်လင့်လို့ရတဲ့ အရာမဟုတ်ဘူး...။

ဒါပေမယ့် ကျေးဥတစ်ယောက်တည်းရဲ့ ပျော်ရွှင်မှုအတွက် မင်းကို ပြန်မလွှတ်ချင်ဘူးဆိုရင်... ကျေးဥဟာ နှစ်ခါမိုက်မဲသော လူတစ်ယောက် ဖြစ်သွားတော့မှာပေါ့...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်ကတော့ ဇော်ကိုတို့ ခင်အောင်အေးတို့ရှေ့မှာ တစ်နေ့ငါ ဆရာဝန်ဖြစ်ရင် ဟိုးပြည်နယ်လေးတွေမှာ သွားနေမယ် ငါတစ်ယောက်ရှိလို့ အများကြီး အကူအညီရနိုင်တဲ့ နေရာမျိုးလေးတွေမှာပေါ့လို့ ပြောဖူးပါလျက်...။

သီဟထွက်ပြေးလာခဲ့တယ်။

ရှက်စရာတွေပါလား။

ခုချိန်ကျမှ... ဘာလို့ သီဟလွင် သည်လောက် မိုက်မဲသွားရပါလိမ့်လို့ အံ့သြဖွယ်ရာ ပြန်စဉ်းစားမိပါတယ်...။

သီဟလွင် သည်လောက် ညံ့တာပါလား...။

အိပ်ပျော်နေရင်း လမ်းလျှောက်သွားခဲ့တဲ့လူလို ခုမှ အိပ်ပျော်ရာက လန့်နိုးလာသလို ဘာတွေလုပ်ခဲ့မိပါလိမ့်...။

" ဖိုးသီက အချိန်ရသေးတယ်... အချိန်မီသေးတယ်... ပြန်တော့လို့ပဲ ပြောရမှာပါ..."

မကျေးရယ်...။

မကျေးလို အချိန်အတော်ကြာကြီး ညံ့ဖျင်းအိပ်ပျော်သွားတဲ့လူ မဖြစ်စေနဲ့တဲ့။

" ကျေးဥတောင်မှ ခုမှ အသိတရားရပေမယ့်... ကိုယ်လမ်းမှန် ကိုယ်ပြန်လျှောက်ဖို့ ပြန်လည်ပြင်ဆင်ခဲ့ပြီပဲ ဖိုးသီ မင်းက အချိန်မီတယ်... အမြန်ပြန်ဖို့လိုတာ..."

" ကျွန်တော် ပြန်မယ် မကျေး "

" ပြန်ဆို... သည်နေ့ပဲ မြို့တက်လက်မှတ်ဝယ်မယ်..."

မကျေး...

ခွဲခွာရမယ်ဆိုပြန်တော့...။

နှလုံးသားက မကျေးကိုသာ တွယ်တာနေပြန်ပါရော။

www.burmeseclassic.com

www.burmeseclassic.com


" မကျေးကိုတွေ့တော့ မျက်ရည်က ရယ်သံအဖြစ် ပြောင်းခွင့်ရတယ်... မကျေးကိုခွဲပြီး ပြန်ရပြန်တော့ ရယ်သံက မျက်ရည်ကို ပြောင်းရပြန်ဦးမှာပဲ"

" သည်မျက်ရည်က ကျချင်သလောက်ကျပါစေ ဖိုးသီ... မင်းဆရာဝန်တစ်ယောက်ဖြစ်ပြီး တကယ်လိုအပ်တဲ့ နေရာတွေမှာ အဖိုးတန်သော ဆရာဝန်တစ်ယောက်ဖြစ်နေရင်... ကျရကျိုးနပ်မှာပါ... ကျေးဥတို့အတွက် မနက်ဖြန် များစွာကို အကျိုးရှိစေဖို့က ပိုအရေးကြီးပါတယ်..."

ချောင်းကလေးက ခုတော့လည်း ရေစီးတာ ညင်ညင်သာသာလေး...။

မနေ့ကညကသည်းခဲ့သော မိုးတွေလည်း မရှိတော့ပြန်ပါဘူး...။ သည်ချောင်းကလေးအတိုင်း လှေစီးသွားရင်တော့ မြစ်ထဲထိရောက်သွားမယ်တဲ့...။

" တစ်နေ့ကျရင် သည်ချောင်းကလေးကနေ မြစ်ထဲထိ လှေစီးချင်တယ် မကျေးလိုက်ပို့ပေးနော် "

" ပို့ပေးမှာပေါ့ ဖိုးသီရယ်..."

" မကျေး... ကျွန်တော် ပြန်တော့မှာ ဟိုရောက်ရင် သူတို့နဲ့ ရင်ဆိုင်တွေ့ရဦးမယ် တွေ့ရင် ကျွန်တော့်ခြေလှမ်းတွေ ရဲရင့်လာမှာပါ မကျေးပြောသလို ကျွန်တော်က မှန်ခဲ့သူပဲ... ပြီးတော့ ကျွန်တော့်မှာ မကျေးရှိမှာပဲ မဟုတ်လား..."

" ဒါဆိုရင် ဖိုးသီ ဟိုပြန်ရောက်လို့ ကျောင်းပြန်တက် စာတွေပြန်ကျက် မမြင်ချင်တဲ့သူကို မြင်ရတဲ့အခါတိုင်း စိတ်အနှောင့်အယှက်တွေဖြစ်ရတိုင်း... မင်းကို ချိန်ခါမရွေး အားပေးနေမယ့် မကျေးရှိတယ်လို့သာ တွေးပါ..."

" ခြေလှမ်းတွေတဲ့သွားမယ် ကြဲတိုင်း... မကျေးရှိတယ် မကျေးရှိတယ်လို့ ရွတ်နေမယ်နော်..."

" ဒါပေါ့..."

သီဟလွင်ဟာ မိုက်မဲပျော့ညံ့စွာ အိပ်ပျော်သွားခဲ့ပါတယ် အိပ်ပျော်သွား စဉ်မှာ ဘန့်ဘွေးရွာကလေးကို အိပ်မက်မက်ခဲ့တယ် အိပ်မက်ထဲမှာ ကျေးဥဆိုတဲ့ ကောင်မလေးနဲ့ တွေ့ရတယ်... အိပ်ပျော်ရာကလန့်နိုးရပါပြီ...။ ဒါပေမယ့် အဲသည့်အိပ်မက်လေးကို ဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး...။

" တစ်နေ့ ကျွန်တော် ပြန်လာမှာပါမကျေး... ကတိပါမကျေးရယ် ကတိ "

www.burmeseclassic.com

" ယုံကြည်ပါမယ် ဖိုးသီ... ဒါပေမယ့် မင်းကို လိုအပ်တဲ့ နေရာတွေကို အရင်သွားနေရရင်လည်း ကျေးဥနားလည်ပေးနေမှာပါ... အဲသည့်တစ်နေ့ကိုလည်း ကျေးဥ စောင့်နေပါမယ်..."

သူတို့နှစ်ယောက် အတူလျှောက်လာခဲ့တယ်။ မင်းညိုကိုပါခေါ်ပြီး မြို့သွားဖို့ မကျေးပြင်ဆင်နေပြီ...။ ရန်ကုန်ပြန်ဖို့ လက်မှတ်ဝယ်ဖို့ မကျေးတက်တက်ကြွကြွ ပြင်ဆင်ပေးနေပေမယ့် ရင်ထဲမှာတော့ ခွဲခွာရခြင်းအတွက် စိတ်ထိခိုက်ခြင်းတော့ ထပ်တူညီရှိမယ်မဟုတ်လား မကျေးရယ်

" အံ့ဩပါရဲ့ မောင်သီဟရယ်... မင်းမို့ သည်လောက်အတွေးချော်ရတယ် ခုလိုမျိုး အမြန်ဆုံး အသိရတာ အစ်မဝမ်းသာပါတယ် ပြန် ပြန် ပြန်ရမှာပေါ့ ကျောင်းပျက်ရက်က အများကြီးမဖြစ်သေးခင် ပြန်... မင်း တစ်နေ့ ပြန်လာလို့ ရပါတယ်ကွယ်... မင်းလို လူတစ်ယောက်ရှိရင် ရွာမှာ ဘယ်လောက်အကျိုးရှိလာမယ် မင်း လက်တွေ့သိပြီ မဟုတ်လား..."

အစ်မကတော့ ကြီးရွှေတို့ကို ကူညီဦးဆောင်ပြီး ကလေးမွေးပေးခဲ့တဲ့ အကြောင်းသိရာက ချက်ချင်း ပြန်ခိုင်းတော့တာ...။ အဘညိုရဲ့ မြင်းလှည်းလေးကို မကျေးမောင်းလာတော့ မောင်းကြည့်ချင်တယ်ဆို သီဟမောင်းတာကို မင်းညိုက ရယ်တယ်။

" သီဟ... မင်းကို ဟိုပြန်ရောက်ရင် လူသစ် စိတ်သစ် ဖြစ်ပြီနော် "

" ဖြစ်ပြီ မင်းညို "

" နှလုံးသားအသစ်မှာရော... ကျေးဥလို့ ကမ္ပည်းထိုးထားပြီလား "

" ဟဲ့ မင်းညို... ဒါ နင်ပြောစရာလား "

" ငါက သီဟကို ရန်ကုန်မှာတွေ့လို့ခင်တည်းက ယောက်ဖလို့ ခေါ်တာ မယုံရင်မေးကြည့် ဘာလို့လဲဆိုတော့ ငါက နင့်ကိုသနားတယ်လေ ကျေးဥရဲ့... သီဟကမှ နင့်ကို မကြိုက်ရင် ကြိုက်မယ့်လူမရှိပဲ နင်အပျိုကြီး လုပ်ရတော့မှာ ငါသိနေတော့ သနားတယ် ဒါကြောင့် ငါက ရှာပေးရတာပါ..."

" မင်းညို..."

မကျေးကို မင်းညိုက အရမ်းစတယ်လေ...။ သီဟကတော့ သူ့ကိုမောင်နှမကိုကြည့်ရင်း ကြည်နူးစွာပဲ ပြုံးနေမိပါတယ်။

" ကျေးဥ... သီဟကိုတော့ နင်ကပြောနေ... နင်ကျတော့ရော..."

www.burmeseclassic.com

" ငါ အဝေးသင်ပြန်တက်ဖို့ ပြင်ဆင်နေပါတယ် မင်းညီရယ်... သည်ကြားထဲ သင်တန်းတစ်ခုခုတက်မှာပါ... လောလောဆည် ဘဘုန်းနဲ့ ငါတိုင်ပင်ထားပါတယ်... ဘဘုန်းကျောင်းမှာ အင်္ဂလိပ်စာ ဝါသနာပါတဲ့ ကလေးတွေကို အင်္ဂလိပ်စာသင်ပေးဖို့ ပြောထားပါတယ် ငါကိုက မိုက်မဲနေခဲ့တာပါ ဆရာကြီး ပြောသလို နောက်ထပ် ငါရွက်နိုင်သမျှတာဝန်တွေ ရအောင် ရွက်ပါမယ်..."

" ဝမ်းသာပါတယ် ကျေးဥရယ်..."

မကျေးပြောတာမှန်တယ်

သီဟက အသိပြန်ရတာ မြန်လို့ ဘာမှ မပျက်ဆီး မဆုံးရှုံးသေးပါဘူးတဲ့။ အမြန်လန့်နိုးခဲ့သမျှ... ပျော့ညံ့မိုက်မဲခဲ့သော သီဟလွင် မရှိစေရဘူး...။ လျှောက်လှမ်းသမျှ ခြေလှမ်းတွေကို ရဲရင့်စေရမယ်...။

မြို့ကိုလှမ်းမြင်နေရပြီ။

မိုးကလည်း သည်နေ့တော့ တိတ်ဆိတ်ငြိမ်သက်နေပါလား...။ သီဟလွင်ရဲ့ အပြန်ခြေလှမ်းတွေ။ သိပ်မကြာဘူး သီဟလွင်မှာ ပျော့ညံ့မိုက်မဲခြင်းတွေ မရှိတော့ဘူး...

ဟိုးအရင်ထက် အဆများစွာ ကြိုးစားပါမယ်

ပြီးရင်... သီဟလွင်ကို လိုအပ်မယ့်နေရာတွေအတွက် အဆင်သင့် ဖြစ်နေစေရမယ်...။

မကျေး...

ဘေးကနေသာ လိုက်ခဲ့ပါ

သီဟလွင်လျှောက်သွားသမျှ ဘေးကနေသာ လိုက်ခဲ့ပေးပါ... အားပေးတတ်သော အဖော်မွန်အဖြစ် လက်တွဲခေါ်သွားပါမယ်...။

¤ ¤ ¤

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ နင့်နေတယ်

ဘယ်လိုဝေးကွာချင်မှာတဲ့လဲ

ဒါပေမယ့် ဖိုးသီပြန်တော့နော်ဆိုပြီး ရင်နင့်ကာမှနင့်စေ ဝေးကွာခြင်းကိုသာ ကျေးဥရွေးချယ်ရတာပါ... တကယ်ပါ တစ်ချိန်က မျက်ရည်တွေနဲ့ မိုက်မဲပျော့ညံ့ခဲ့သော ကျေးဥဆိုတာ မရှိတော့ပါလား...။

" ဒါဆို မောင်သီဟ ကျောင်းပြန်တက်ရမှာပေါ့ "

" ဟုတ်ကဲ့ အစ်မ... ပြန်မယ် အမေ..."

ဖိုးသီက အမေနဲ့ အစ်မကို လာကန်တော့ပါတယ် ဒေါ်ကြီးမြကတော့ ဖိုးသီကန်တော့တဲ့အခါငိုသတဲ့...။ သံယောဇဉ်ဆိုတာ ပူလောင်စေသလား ဖိုးသီ။

" ဖိုးသီ သွားစို့... မိုးမရွာခင် မြို့ရောက်မှ "

သည်နေ့မှ မြင်းလှည်းရော နွားလှည်းပါ အဆင်မပြေလို့ စက်ဘီးနဲ့ပဲ သွားရမှာ ဒါကြောင့် မင်းညိုတောင်မှ ဖိုးသီကို လိုက်မပို့ပါဘူး။

မင်းညိုက ရွာထိပ်ထိ လမ်းလျှောက်ရင်း လိုက်လာတယ်လေ...။

" သီဟ... ငါမလိုက်တော့ဘူး... မင်းကို ငါယုံပါတယ် သူငယ်ချင်း မင်း ပြန်လာခဲ့ပါ..."

မင်းညိုက ဖိုးသီလက်ကိုဆွဲပြီး မှာနေတာ ကျေးဥအတွက်ဆိုတာသိတော့ စိတ်မကောင်းဖြစ်သွားရတယ် ဒါကြောင့် စက်ဘီးပေါ်တက်နေလိုက်တယ်။ ဒါမှ နောက်ကနေ ဖိုးသီ ခုန်တက်လာတော့မှာပေါ့..။

" မကျေး... ငိုနေတာလား "

" မငိုပါဘူး..."

" ဝမ်းမနည်းပါနဲ့ မကျေးရယ်... ကျွန်တော်ပြန်လာမှာပါ... မကျေးကို ကျွန်တော် ချစ်တယ် "

ကျေးဥ ပြုံးရပါတယ်။ ကြည်နူးချမ်းမြေ့စွာလည်း ငိုစားရပါတယ်...

www.burmeseclassic.com

www.burmeseclassic.com

" ကျေးဥရင်ထဲမှာ ဖိုးသီကိုထား ဖိုးသီရင်ထဲမှာ ကျေးဥကိုထားပြီး ကျေးဥတို့ ကြိုးစားကြသေးတာပေါ့... နော် ဖိုးသီ "

" စိတ်ချပါမကျေး... ကျွန်တော့်ခြေလှမ်းတွေ ရဲဝံ့စေရပါမယ်..."

သည်နေ့မှ မိုးမရွာဘူး... မိုးတွင်းကြီးမှာ နေမင်းကလည်း စူးစူးရှရှပါပဲ။ မိုးမရွာတာ ကျေးဇူးတင်ရမယ်...

မြို့ရောက်ခဲ့ပြီ ဘူတာလေးဆီသာ စက်ဘီးကို ဦးတည်လာခဲ့တာ ရထားချိန်က လိုသေးတာမို့ ခုံတန်းကလေးမှာ နှစ်ယောက်သား ထိုင်စောင့်နေမိပါတယ်။

" ဖိုးသီ ကျေးဥ အဝေးသင်ပြန်တက်ဖို့ကိစ္စနဲ့ ရန်ကုန်လာချင်လာဦးမှာပါ တွေ့နိုင်ပါသေးတယ်... ဟုတ်တယ် မဟုတ်လား "

" ဒါပေါ့ မကျေးရဲ့... ကျွန်တော်လည်း ကျောင်းပိတ်ရက်တွေရှိဦးမှာပါ မကျေးရှိရာ အရောက်လာမှာပါ... မကျေးရင်ထဲမှာ ကျွန်တော်ရှိနေမှာပါနော် "

" ရှိမှာပေါ့ ဖိုးသီရယ်..."

ကျေးဥလက်ကို ညင်သာဖွဖွလေးဆုပ်ကိုင်ပြီး ပြုံးပြတယ်။ အဲသည့်အပြုံးမှာ ယုံကြည်စေချင်ခြင်းတွေလည်း ရှိပါတယ်...။

အကြွင်းမဲ့ယုံကြည်မှုသာ...

လျှောက်ရမယ့်လမ်းတွေကို အတူလျှောက်ဖို့ အချိန်တွေတော့ လိုဦးမယ် ဒါပေမယ့် ကြိုးစားကြရင်း အဲသည့်အချိန်တွေကို ဖြတ်သန်းကြရအောင်လား...။

" ရထားလာနေပြီ..."

ဝေးကြရဦးမယ်

အနာဂတ်အတွက်

ရည်ရွယ်ချက်တွေအတွက်

လျှောက်ရမယ့်ခရီးတွေအတွက်

ခွဲခွာကြရဦးမယ်

ဒါပေမယ့် ဖိုးသီရယ်

ကျေးဥတို့နှစ်ယောက်လုံးဟာ... မျက်ရည်ဆိုတာ တစ်နေ့မှာရယ်သံအဖြစ် ရောက်ရှိသွားတတ်တာကို သိနေပြီဆိုတော့... ဘယ်လိုမျက်ရည်မျိုးပဲဖြစ်ဖြစ်... ကြံ့ကြံ့ခိုင်နိုင်ရမယ်ဆိုတာ သိခဲ့ပြီပဲ။

" မကျေး..."

"ခဏပဲ ဖိုးသီ... ကျေးဥကိုချစ်ရင် ကျေးဥကိုသတိရရင် အနာဂတ်အတွက် ပိုကြိုးစားနော်..."

" အင်းပါ မကျေးရယ်..."

မလွှတ်ချင်လွှတ်ချင် လွှတ်လိုက်ကြသော လက်အစုံမှာ...

" မကျေး..."

" ချစ်လို့ကျတဲ့ မျက်ရည်ကလည်း ရယ်သံနဲ့အတူတူပဲပေါ့ ဖိုးသီ..."

မိုးရိပ်တွေ ချက်ချင်းရောက်ရှိလာခဲ့ပြီ ဘူတာလေးမှာ ချက်ချင်း ဆူညံစွာ ဆင်းကြတက်ကြ မကြာဘူး... တရွေ့ရွေ့ ထွက်ခွာသွားသော ရထားကြီးဝယ်... မှန်ကန်သော အနာဂတ်အတွက် ရည်ရွယ်ချက်တွေနဲ့ ကြိုးစားဖို့ ခေတ္တခွဲခွာသွားသော ချစ်သူရယ်...။

ဘူတာလေးက ပြန်လည်တိတ်ဆိတ်သွားပြီ

ပြန်လည်လျှောက်ခဲ့သော ခြေလှမ်းတွေ

မယိမ်းယိုင်ပါဘူး

ရင်ထဲမှာ ချစ်သူရှိနေပြီပဲ... ကျေးဥလည်း ကြိုးစားရင်း လျှောက်ရဦးမယ့် ခရီးလမ်းအတွက် ရဲဝံ့စွာ ပြင်ဆင်ရဦးမှာပဲလေ...။

မိုးတွေရွာခဲ့ပြီ...။

မိုးစက်တွေကို မော့ကြည့်ရင်း...

ဟင့်အင်း

ဒါဟာ မိုးရေပါ မျက်ရည်မဟုတ်ပါဘူး...

ပါးပြင်ပေါ်က မိုးရည်တွေပါ...။

ပြန်လာမယ်ဆိုတဲ့ ချစ်သူကို အကြွင်းမဲ့ယုံကြည်မှုတော့ ဘယ်ဝိုလိမ့်မလဲ...။

ရဲဝံ့သော ရှေ့ခရီး... ချစ်သူပြန်လာဦးမည်လို့ မျှော်တွေးရင်း... ကြိုးစားဖြတ်သန်းရဦးတော့မှာပါလေ...

¤ ¤ ¤

နိုင်ဇင်သက်

www.burmeseclassic.com